# ကြေးမုံ

The Mirror Daily

မှန်ကန်သောသတင်းကို ပြည်သူ့ဘက်မှ တင်ပြသည် Established in 1957


## ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday 14 October 2019 ၉၈၀၂




သီတင်းကျွတ်လပြည့်နေ့ည ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ စေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား

**ရန်ကုန် အောက်တိုဘာ ၁၃**

ဝါလကင်းလွတ်သီတင်းကျွတ်တွင် ဝါကျွတ်ပွဲတော်ကျင်းပလေ့ရှိသည်။ မြတ်စွာဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသော သံဃာတော်များသည် သီတင်းကျွတ်လပြည့်နေ့တွင် ဝါဆိုသည့်ကာလကုန်ဆုံးကာ မိမိတို့ကျောင်းအရပ်အတွင်း၌သာ သီတင်းသုံးနေထိုင်ခြင်းမှ လွတ်မြောက်တော်မူကြသည်။ ထို့ကြောင့် သီတင်းကျွတ်လဟု ခေါ်ဆိုကြသကဲ့သို့ သံဃာတော်များ ဝါဆိုဝါကပ်ခြင်းမှ ကျွတ်လွတ်ပြီး မီးထွန်းပွဲတော်ကျင်းပခြင်းကြောင့် ဝါကျွတ်မီးထွန်းပွဲတော်ဟုလည်း ခေါ်ဆိုကြသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆


## ကြေးမုံ ယနေ့ ဖတ်စရာ


အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး မြဝတီမြို့၌ ကျင်းပသည့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်း

စာမျက်နှာ » ၃

အမျိုးသား စိတ်ဓာတ်အခြေခံ ရာပြည့် ဂျီ၊ စီ၊ ဘီ၊ အေ

စာမျက်နှာ » ၆

ကျောင်းသား လူငယ်တိုင်း ကင်းထောက် အဖွဲ့ဝင်ဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်းပေး

စာမျက်နှာ » ၁၀

ကျန်းမာရေးနှင့် ညီညွတ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စားသုံးနိုင်ပါစေ

စာမျက်နှာ » ၂၅


ကြေးမုံသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။




# ကြေးမုံ

## ဆင်ခြင်ပွားများ တိုးပွားကျက်သရေ

ဆီမီးရောင်ရှိန်ထိန်လင်းသည့် သီတင်းကျွတ်ပွဲတော်သည် မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ကြီးကျယ်မြင့်မြတ်သောပွဲတော်ဖြစ်သည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိ သုံးရက်တိုင်ကျင်းပသော ပွဲတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို အလေးဂရုစိုက်ပြု၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ရှေးမြန်မာအဆက်ဆက်တို့လက်ထက်မှ ယနေ့ထက်တိုင် သီတင်းကျွတ်ကာလသို့ ရောက်လေတိုင်း မြတ်ဗုဒ္ဓကိုရည်မှန်းလျက် အစဉ်အလာမပျက် ဆီမီးလျှံတို့ဖြင့် ပူဇော်ခြင်းသာမက ပွဲလမ်းသဘင်၊ ရုပ်စုံသဘင်၊ ပျော်ပွဲသဘင်များကို မိမိတို့ရိုးရာမပျက် အမျိုးမျိုးအဖုံဖုံကျင်းပခဲ့ကြသည်။ မြန်မာပြည်တစ်ဝန်း ဆီမီးရောင်ရှိန် ထိန်ထိန်ထွန်းလင်းပူဇော်ခြင်းကို ပြုလုပ်ကြသော ပြည်သူ ပြည်သားများ၏ နှလုံးစိတ်ဝမ်း ကြည်နူးရွှင်လန်းမှုများနှင့် ဆီမီးရောင်အလှတရားများမှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါပေသည်။

သီတင်းကျွတ်လ ရိုးရာအစဉ်အလာများသည် နှလုံးစိတ်ဝမ်းရွှင်လန်းစေသလို အဘိဓမ္မာတရားတော်များကို နာကြားရခြင်း၊ ပဋ္ဌာန်းဒေသနာတော်များကို တစ်ခဏမျှ ရိုရိုသေသေနာကြားရခြင်းတို့သည် ထူးကဲသောကုသိုလ်များကို ရရှိစေနိုင်ပါသည်။ ပဋ္ဌာန်းတရားတော်များကို သုံးသပ်နာယူခြင်းဖြင့် မျက်မှောက်၊ ချက်ချင်း၊ အခါမလပ် ကောင်းကျိုးချမ်းသာများကို ရရှိစေနိုင်သည်ဟု ကျမ်းဂန်များတွင် ညွှန်းဆိုထားပါသည်။

သီတင်းကျွတ်လပြည့်၏ အဓိကအနှစ်သာရတွင် လူတို့အတွက် ပူဇော်မှုကိုပြုလုပ်ခြင်းသာမက ရဟန်းတော်တို့အတွက်မူ မြတ်စွာဘုရားရှင်၏ အဆုံးအမနှင့်အညီ သီတင်းကျွတ်ကြသည်ကို အလေးအမြတ်ပြုကြရမည်ဖြစ်သည်။ ရဟန်းတော်တို့ သီတင်းကျွတ်သည်မှာ လူတို့ကျွတ်သကဲ့သို့ မဟုတ်၊ ပဝါရဏာပြုပြီးမှ ကျွတ်ကြရပြီး ဝါတွင်းသီတင်းကို ပဝါရဏာပြုခြင်းဖြင့် ကျွတ်လွတ်စေလေသည်။

သီတင်းကျွတ်လပြည့်သောအခါ ရဟန်းတို့သည် အညီအညွတ်စည်းဝေးကြ၍ ထေရ်စဉ်အလိုက် "ငါ့ရှင်တို့ (အရှင်တို့)သံဃာကိုဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အရှင်တို့သည် ကျွန်ုပ်တို့အား အစဉ်သနားခြင်းကိုအကြောင်းပြု၍ ပြောဆိုကုန်လော့။ မြင်သည်ရှိသော် ကုစားပါအံ့"ဟု ပဝါရဏာပြုကြသည်။ ဝါတွင်းကာလ ရဟန်းတို့ အညီအညွတ်ချမ်းသာစွာနေခြင်း၏ အကျိုးနှင့်အပြစ်တို့ကို ပြန်လည်သုံးသပ်ထောက်ရှုပြီး ထေရ်စဉ်အလိုက် ပဝါရဏာပြုကြခြင်းသည် မြတ်စွာဘုရားရှင်၏ အဆုံးအမနှင့်အညီ ကောင်းသောမင်္ဂလာအမှုကို ပြုလုပ်ကြခြင်းဖြစ်သည်။

လူတို့အနေဖြင့်မူ သီတင်းကျွတ်အခါကာလတွင် လူကြီး၊ မိဘ၊ ဆရာသမားများနှင့် သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြရာတွင် မိမိတို့အနေဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ပြစ်မှားစော်ကားမိခဲ့သည်ရှိသော် အပြစ်မှကျေအေးရန်၊ သည်းခံရန်၊ ခွင့်လွှတ်ရန် တောင်းပန်ကန်တော့ခြင်းဖြစ်သည်မှာ မှန်သော်လည်း ရဟန်းတို့ကဲ့သို့ တညီတညွတ်တည်း ထေရ်စဉ်အလိုက်၊ ဝါစဉ်အလိုက် ကန်တော့ခြင်း၊ တောင်းပန်ခြင်း၊ အညီအညွတ်ပြုလုပ်ခြင်းမျိုးမဟုတ်။ သဒ္ဓါတရားရှိသူရှိသလောက်၊ အစဉ်အလာရှိသူ ရှိသလောက် လုပ်ရိုးလုပ်စဉ်ပြုလုပ်ကြခြင်းသဘော ဖြစ်သည်။

အမှန်တကယ်တွင် လူတို့အနေဖြင့် သီတင်းကျွတ်ကာလ၌ ရဟန်းတို့ကဲ့သို့ တောင်းပန်သည့်အမှုကို အညီအညွတ်ပြုနိုင်မည်ဆိုလျှင် သင့်မြတ်လှ၏။ အတိုင်းထက်အလွန်ဖြစ်၏။ မပြုနိုင်ဖွယ်ရာလည်း ရှိနိုင်မည် မထင်မိ။ မိမိတို့၏ စိတ်ထား နှလုံးသားတို့ကို ဆင်ခြင်တည့်မတ်ပေးရန်သာ လိုရင်းဖြစ်၏။ အကယ်၍ ပြုနိုင်ကြမည်ဆိုပါလျှင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများအဖို့ ကျက်သရေမင်္ဂလာအဖိုးမဖြတ်နိုင်အောင် တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။




### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၃

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

### မြန်မာ့ပင်လယ်ပြင်

နေပြည်တော် အောက်တိုဘာ ၁၃

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## စတုတ္ထအကြိမ် မြန်မာနိုင်ငံ ဆီးနှင့် ကျောက်ကပ်ဆေးပညာနှင့် ခွဲစိတ်ကုပညာအဖွဲ့ညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၃

စတုတ္ထအကြိမ် မြန်မာနိုင်ငံ ဆီးနှင့် ကျောက်ကပ်ဆေးပညာနှင့် ခွဲစိတ်ကုပညာအဖွဲ့ညီလာခံ (4th Myanmar Nephro – Urology Society Confer ence) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Sule Shangri – La Hotel ၌ ကျင်းပသည်။

**များစွာအကျိုးရှိစေမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာတိုးတက်လျက်ရှိသော ဆီးနှင့် ကျောက်ကပ်ဆေးပညာနှင့် ခွဲစိတ်ကုပညာရပ်နည်းစနစ်များ၊ ဆေးပစ္စည်းကိရိယာများနှင့် မျက်ခြည်မပြတ် သိရှိလေ့လာနိုင်စေရန်၊ ပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ တိုးတက်ဖြစ်ထွန်းမှုများ၊ နိုင်ငံတကာမှ အတွေ့အကြုံများကို ပညာရှင်ကြီးများက ဝေမျှဆွေးနွေးနိုင်ရန်အတွက် ယခုညီလာခံကြီးသည် အရေးကြီးပါကြောင်း၊ ယခု ညီလာခံသို့ တက်ရောက်သော နိုင်ငံတကာမှ ဆေးပညာရှင်အဖွဲ့များ အချင်းချင်း၊ ပညာရှင်အချင်းချင်း ကွန်ရက်သဖွယ် ချိတ်ဆက်မှုကိုလည်း ကောင်းမွန်စေမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဆေးပညာရှင်များ၊ အထူးသဖြင့် မျိုးဆက်သစ်ဆေးပညာရှင်များအတွက် များစွာအကျိုးရှိစေမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အဆိုပါ ဆေးပညာရှင်များ ကုသမှုပေးမည့် ပြည်သူများအတွက်လည်း များစွာအကျိုးရှိစေမည် ဖြစ်ပါကြောင်း။

**အကြံဉာဏ်များ ရယူဆောင်ရွက်**

ဝန်ကြီးဌာနအနေဖြင့် ဆီးနှင့် ကျောက်ကပ်ဆေးပညာနှင့် ခွဲစိတ်ကုပညာအပါအဝင် ဆေးပညာဘာသာရပ်အသီးသီးတွင် အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ပါမောက္ခများပါဝင်သည့် အဖွဲ့များဖွဲ့စည်း၍ ဆေးနှင့် ဆေးပစ္စည်းဝယ်ယူရေး၊ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အပါအဝင် ဆေးပညာဘာသာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကြံဉာဏ်များ ရယူဆောင်ရွက်လျက်ရှိပါကြောင်း။

လူနာဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များသည် အရေးကြီးသဖြင့် ဆေးနှင့်ဆေးနီးနွယ်ပညာဘာသာရပ်ပေါင်းစုံပညာရှင် အားလုံးပါဝင်သည့် ဗဟိုအဆင့်နှင့် ဆေးရုံအဆင့်အဖွဲ့များကို ဖွဲ့စည်း၍ စီမံကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ဆေးပညာ ဘာသာရပ်အသီးသီးမှ ထုတ်ဝေထားသော လမ်းညွှန်စာအုပ်များ၊ စံလုပ်ထုံးလုပ်နည်းများကို မွမ်းမံပြင်ဆင်မှုများပြုလုပ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများထံသို့ ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း၊ ဆီးနှင့် ကျောက်ကပ်ရောဂါဆိုင်ရာ ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍလုပ်ငန်းများကိုလည်း အလေးပေး စဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း။

**အတတ်နိုင်ဆုံး ပံ့ပိုး**

ဝန်ကြီးဌာနအနေဖြင့် ဆေးပညာဘာသာရပ်များအားလုံး ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေး အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆေးပညာ ဘာသာရပ်အဖွဲ့များအနေဖြင့်လည်း ချိတ်ဆက်ပူးပေါင်းမှုအားကောင်းစွာဖြင့် ဆေးပညာဘာသာရပ်များအားလုံး ပိုမိုတိုးတက်ဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဆီးနှင့် ကျောက်ကပ်ဆေးပညာနှင့် ခွဲစိတ်ကုပညာအဖွဲ့၏ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်စွာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ ညီလာခံသို့ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဂရိ၊ United Kingdom၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ ဆေးပညာရှင်များနှင့် ပြည်တွင်းရှိ ဆီးနှင့် ကျောက်ကပ်ဆေးပညာနှင့် ခွဲစိတ်ကုပညာ ပါမောက္ခကြီးများနှင့် ပညာရှင်များ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

## ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသတင်းပို့ကြရန် ဖိတ်ကြားထား

**နေပြည်တော် အောက်တိုဘာ ၁၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရုံး ရေးရာဆောင် အမှတ် အိုင်-၁၂ (I – 12) သို့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂ ရက် (စနေနေ့)ထက်မစောဘဲ၊ နိုဝင်ဘာလ ၃ ရက်(တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ် စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သတင်းပို့ကြရန် ဖိတ်ကြားထား

**နေပြည်တော် အောက်တိုဘာ ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I –19 (အိုင် -၁၉)သို့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂ ရက်ထက်မစော၊ ၃ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး မြဝတီမြို့၌ ကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်ပြီး လှူဖွယ်ပစ္စည်းများလှူဒါန်း

**မြဝတီ အောက်တိုဘာ ၁၃**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး မိသားစုတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးအတွင်း ကျင်းပသည့် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူသည်။**(ဓာတ်ပုံ)**

ရှေးဦးစွာ မြဝတီခရိုင်အတွင်းရှိ ကျောင်းတိုက်များမှဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ခရိုင်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သာသနဒ္ဓဟိတကာရီဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာ ကျင်းပသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး မိသားစုတို့က မြဝတီခရိုင်အတွင်းရှိ ကျောင်းတိုက် ၃၄၂ ကျောင်းမှ ဝါဆိုရဟန်း၊ သာမဏေနှင့်သီလရှင် စုစုပေါင်း အပါးသုံးထောင်ကျော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာမိသားစုများ၊ နယ်မြေခံ တပ်ရင်း တပ်ဖွဲ့တို့မှ အရာရှိကြီးများနှင့် မိသားစုများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးနှင့်ဘာသာရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြစိမ်းတောင်ဒီရေတောနှင့် ကြိုးပြင်ကာကွယ်တောများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာအနီး လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း အကွက်အမှတ်(၁၅) အတွင်းရှိ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ပုဂ္ဂလိကသစ်မာစိုက်ခင်း ဧက ၁၀၀၀ အတွင်း စိုက်ခင်းပြန်လည်ဆယ်တင်စိုက်ပျိုးသည့်အနေဖြင့် ၂၀၁၇ ခုနှစ် မန်ကျည်းရှားသစ်မာစိုက်ခင်း ဧက ၁၅၀ နှင့် ၂၀၁၈ ခုနှစ် မန်ကျည်းရှားသစ်မာစိုက်ခင်း ၂၂၅ ဧကကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ် စိုက်ခင်းဆယ်တင်စိုက်ပျိုးခြင်း မန်ကျည်းရှား (ဗီယက်နမ်မျိုးစိတ်) သစ်မာ ဧက ၁၅၀ စိုက်ပျိုးရှင်သန်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် လှည်းငုပ်ချောင်းကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၃၅)အနီး သစ်တောဦးစီးဌာန သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးစခန်းဝင်းအတွင်း အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း (Asia Forest Cooperation Organization) ၏ ဒေသအဆင့် လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (Regional Education and Training Center – RETC) သို့ရောက်ရှိရာ တာဝန်ရှိသူများက သင်တန်းကျောင်း လေ့ကျင့်ရေးသစ်တော (Training Forest) တည်ထောင်ရန် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ခြောက်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက် ပြီးစီးမှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်း လေ့ကျင့်ရေးသစ်တောအား နိုင်ငံတကာမှ သင်တန်းသားများအပြင် ပြည်သူများပါဝင်သည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု သင်တန်းများအတွက်ပါ လက်တွေ့သရုပ်ပြအသုံးချနိုင်ရန် စနစ်တကျတည်ထောင်သွားရန်နှင့် ဝန်ထမ်းနေအိမ်များအား အိမ်ရာထိန်းသိမ်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းပြီး စနစ်တကျနေရာချထားခြင်းများဆောင်ရွက်ရန်နှင့် ထပ်မံလိုအပ်သည့် ဝန်ထမ်းအိမ်ရာများအတွက် ရန်ပုံငွေရရှိနိုင်ရေး ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာအနီးရှိ မြစိမ်းတောင်ဒီရေတော ကြိုးပြင်ကာကွယ်တောနှင့် မြစိမ်းတောင်ဒီရေတော ကြိုးပြင်ကာကွယ်တောအတွင်း သမဲ့သစ်မျိုး တိုက်ရိုက်အစေ့ချ စမ်းသပ်စိုက်ပျိုးထားရှိမှုများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရှိ ကျားကျင်လည်ကျက်စားရာ နယ်မြေ ရှစ်ရာခိုင်နှုန်းအတွင်း အနည်းဆုံး ကျား ၂၂ ကောင် ရှင်သန်ကျက်စား

**မုံရွာ အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံအတွင်း ကျားများ ကျင်လည်ကျက်စားသည့် နယ်မြေ ရှစ်ရာခိုင်နှုန်းအတွင်း အနည်းဆုံး ကျား ၂၂ ကောင် ရှင်သန်ကျက်စားလျက်ရှိကြောင်း သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအတွင်း ကျားများ ကျင်လည်ကျက်စားသည့် နယ်မြေသည် နိုင်ငံဧရိယာ၏ ခုနစ်ရာခိုင်နှုန်းခန့် ဧကအားဖြင့် ၁၂ သန်းကျော်ရှိပြီး လေ့လာမှုများအရ ကျင်လည်ကျက်စားသည့် နယ်မြေရှစ်ရာခိုင်နှုန်းအတွင်း အနည်းဆုံး ကျား ၂၂ ကောင် ရှင်သန်ကျက်စားလျက်ရှိကြောင်း သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါ အရေအတွက်သည် ကျားကျက်စားနယ်မြေ စုစုပေါင်း ရှစ်ရာခိုင်နှုန်းခန့်အတွင်း ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း တပ်ဆင်ခဲ့သည့် ကင်မရာထောင်ချောက်များမှ ရရှိသည့် ကျားမှတ်တမ်းဓာတ်ပုံများကို တစ်ကောင်ချင်းစိစစ် ခွဲခြားရာမှ ရရှိသည့်အရေအတွက်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးများ၏ (၉)ကြိမ်မြောက် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ဆွေးနွေး




**နေပြည်တော် အောက်တိုဘာ ၁၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP)ဆိုင်ရာ ဝန်ကြီးများ၏ (၉)ကြိမ်မြောက် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

**သိသိသာသာတိုးတက်**

အဆိုပါအစည်းအဝေးတွင် RCEP ဝန်ကြီးများက ဆွေးနွေးညှိနှိုင်းမှုများ သိသိသာသာ တိုးတက်မှုအပေါ် ကြိုဆိုခဲ့ကြပြီး သဘောတူညီမှုရရှိရန် ကျန်ရှိနေသေးသည့် ကိစ္စရပ်အချို့ကို ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့ကြသည်။

ဝန်ကြီးများက RCEP ကို အဖွဲ့ဝင်နိုင်ငံအားလုံး လိုက်ပါဆောင်ရွက်နိုင်သည့် အခြေအနေသို့ရောက်ရှိအောင် အစွမ်းကုန်ကြိုးပမ်းကြမည်ဖြစ်ကြောင်းကိုလည်း ကတိကဝတ်ပြုခဲ့ကြသည်။

**အတည်ပြု**

ထို့ပြင် နိုင်ငံအကြီးအကဲများ၏ လမ်းညွှန်ချက်ဖြစ်သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြီးစီးကြောင်းကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာလဆန်းတွင် ပြုလုပ်မည့် တတိယအကြိမ် RCEP ထိပ်သီးအစည်းအဝေးတွင် ကြေညာရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက RCEP သဘောတူစာချုပ်ညှိနှိုင်းဆွေးနွေးမှုများတွင် အချို့ကိစ္စရပ်များအပေါ် အဖွဲ့ဝင်နိုင်ငံအချို့၏ လိုက်လျောပေးမှုကို ကြိုဆိုပါကြောင်း၊ RCEP သည် အနာဂတ်တွင် လွတ်လပ်သောကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာပြီး ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုကျယ်ပြန့်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံစုံကုန်သွယ်မှုစနစ်တစ်ရပ်အနေဖြင့်လည်း ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုနိုင်မည့် မဏ္ဍိုင်တစ်ခု ဖြစ်လာမည်ဖြစ်၍ နိုင်ငံခေါင်းဆောင်များ၏ လမ်းညွှန်ချက်နှင့်အညီ RCEP ကို အောင်မြင်စွာ အပြီးသတ်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**မျှော်မှန်းထား**

RCEP ဒေသသည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နည်းပါးရှိပြီး ကမ္ဘာ့စီးပွားရေး၏ ၄၂ ဒသမ ၂ ရာခိုင်နှုန်း၊ ကမ္ဘာ့ကုန်သွယ်မှု၏ ၂၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၃၂ ဒသမ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့်အတွက် ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေးအုပ်စုကြီးများတွင် တစ်ခုအပါအဝင် ဖြစ်လာရန် မျှော်မှန်းထားသည်။

**ဆောင်ရွက်လျက်ရှိ**

RCEP သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဘက် ၆ နိုင်ငံဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်းလျက်ရှိသော ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) သဘောတူစာချုပ်တစ်ခုဖြစ်ပြီး ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ရာ ယနေ့အထိ ဝန်ကြီးအဆင့် ပုံမှန်အစည်းအဝေး (၇)ကြိမ်၊ စေ့စပ်ညှိနှိုင်းမှုပေါင်း (၂၈)ကြိမ်နှင့် ကြားဖြတ်အစည်းအဝေးပေါင်းများစွာ ပြုလုပ်၍ RCEP ဆွေးနွေးညှိနှိုင်းမှုများပြီးစီးကြောင်းကို ယခုနှစ်ကုန်တွင် ကြေညာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တီးတိန် – တွန်းဇန် – ကျီခါးလမ်းနှင့် နတ်ဇန်တံတားကြံ့ခိုင်မှုတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့သည် ယမန်နေ့နံနက်ပိုင်းတွင် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၀)မှ တီးတိန် – တွန်းဇန် – ကျီခါးလမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ကျောက်စီမြေထိန်းနံရံများနှင့် ကွန်ကရစ်ရေမြောင်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ပြုပြင်ထိန်းသိမ်း**

ထို့နောက် တီးတိန်–တွန်းဇန်–ကျီခါးလမ်းပေါ်ရှိ နတ်ဇန်တံတား၌ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားပြီး တံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တွန်းဇန်မြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသော ဇမ်ပီး–လွှောင်အဲလ်–တွီးမန်း–ဗိုင်းဗက်–လိန်ထုတ်–ဟိုင်ကျင်း ကျေးလက်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

**အကျိုးပြုမည့် လမ်းတစ်ခုဖြစ်**

ဇမ်ပီး–လွှောင်အဲလ်–တွီးမန်း–ဗိုင်းဗက်–လိန်ထုတ်–ဟိုင်ကျင်းလမ်းသည် အရှည် ၃၆ မိုင် ၄ ဖာလုံရှိပြီး ကျေးရွာ ၂၅ ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့ကို အကျိုးပြုမည့် လမ်းတစ်ခုဖြစ်ကြောင်းသိရသည်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မွန်းလွဲပိုင်းတွင် ကျီခါးမြို့ နယ်စပ်လမ်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

ငွေကြည်

လောကကြီးမှာဗျာ





သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်၌ ဂေါတမမြတ်စွာဘုရားသည် ဒိဋ္ဌိတို့ကို နှိမ်နင်းတော်မူရန် ရေအစုံ၊ မီးအစုံ ယမိုက်ဖျာဋိဟာကို ပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ ကြွတော်မူကာ သတ္တမဝါကပ်တော်မူသည်။

တာဝတိံသာနတ်ပြည်၌ သန္တုသိတမည်သော မယ်တော်မိနတ်သားကို အမှူးထားကာ နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရားဟောကြား၍ ပြီးဆုံးတော်မူသည်။ ထိုနေ့တွင်ပင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းရာ သိကြားမင်းဖန်ဆင်းပေးသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့မှ မြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ အလယ်၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်ရာ နတ်အပေါင်းက လက်ယာဘက် ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာကြီးအပေါင်းက လက်ဝဲဘက်ငွေစောင်းတန်းဖြင့်လည်းကောင်း ဆင်းသက်လိုက်ပါပြီး မာတလိ နတ်သားက ပန်းမန်အမွှေးအကြိုင်တို့ဖြင့် ပူဇော်၍ လိုက်ပါခဲ့သည်။

သာဝတ္ထိပြည်၌ ရှိကြကုန်သော လူပရိသတ်အပေါင်းသည်လည်း သင်္ကဿသို့ရောက်ရှိကာ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို ကြိုဆိုကြကုန်သည်။ ဤပူဇော်ပွဲကို အစွဲပြု၍ မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားကို ရည်မှန်းကာ ဆီမီးများဖြင့် ရှေးယခင်မှ ယနေ့ထက်တိုင် ဗုဒ္ဓဘာသာဝင်များက ပူဇော်ကြခြင်းဖြစ်သည်။



သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဝတ်အသင်းအဖွဲ့များက ဓမ္မပူဇာတရားတော်များကို ရွတ်ဆိုပူဇော်ကြစဉ်။

ရွှေတိဂုံစေတီတော်၏ ၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ ရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက နံနက်အရုဏ်တက်ချိန်တွင် ရင်ပြင်တော်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အနုမောဒနာတရားနာယူခြင်းနှင့် ရေစက်သွန်းလောင်း အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ညပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးလာ ပြည်သူများက စေတီတော်ရင်ပြင်၌ ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်ကို တွေ့ရသည်။

အလားတူ မဟာဝိဇယစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ အရုဏ်တက်ချိန်တွင် စေတီတော်အား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ညပိုင်းတွင် စေတီတော်ရင်ပြင်၌ ဂေါပကအဖွဲ့၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ကြသည်။

ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ကြီး၌ အဘိဓမ္မာအခါတော်နေ့ကို ကျင်းပရာ ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာများဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး အလှည့်ကျဂေါပက ဦးမောင်လှိုင်က အဘိဓမ္မာအခါတော်နေ့အကြောင်း ဓမ္မပူဇာမင်္ဂလာထောပနာကို မြွက်ကြားပြီး အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်က အဘိဓမ္မာအခါတော်နေ့အမျှဝေစာတမ်းကို ရွတ်ဆိုပူဇော်သည်။ ယနေ့ သီတင်းကျွတ်လပြည့်နေ့ အရုဏ်တက်အချိန်တွင် ရင်ပြင်တော်ပေါ်ရှိ ဘုရားသုံးဆူတန်ဆောင်း၌ ဆွမ်းတော်ကြီးတင်ကပ်လှူခြင်း၊ စေတီတော်၏ အောင်ဓမ္မာရုံတွင် ၁၄ ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ကျင်းပခြင်း၊ ကျိုက်ဝိုင်းဖြူးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မက နံနက် ၁၀ နာရီခွဲတွင် သီလပေးတရားချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားခြင်းနှင့် ညပိုင်းတွင် စေတီတော်ရင်ပြင်တော်၌ ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်ကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာတရားတော်များကို ရွတ်ဆိုပူဇော်ကြပြီး အလှည့်ကျသဘာပတိ ဦးထွန်းဝင်းက အဘိဓမ္မာအခါတော်နေ့အကြောင်း ဓမ္မပူဇာမင်္ဂလာထောပနာ စကားကို မြွက်ကြားကာ ညပိုင်းတွင် စေတီတော်ကြီးအား လျှပ်စစ်မီးရောင်စုံများဖြင့် ထွန်းညှိပူဇော်ကြသည်။

### ရွတ်ဆိုပူဇော်


ဝရဒါဠှာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၂) ကြိမ်မြောက် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျင်းပရာ ကန်ဦးဇေတဝန် စာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ဂေါပကအဖွဲ့နှင့် ပရိသတ်က ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ ထို့နောက် ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့နှင့်စပ်လျဉ်းသည့် တရားတော်များကို ရွတ်ဆိုပူဇော်ကြသည်။

အလားတူ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရားစေတီများ၊ မြို့နယ်ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများ၊ လမ်းများ၌ စတုဒိသာကျွေးမွေးခြင်း၊ ကုသိုလ်ကောင်းမှုပြုကြခြင်း၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများ ကျင်းပခြင်း၊ သက်ကြီးဝါကြီး မိဘ ဘိုးဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များ၏ ပဝါရဏာပွဲများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်များအား ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြခြင်း၊ ရုံးများနှင့် လူနေအိမ်များ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ကြခြင်းများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

သတင်း– ရီရီမြင့်၊ ဥမ္မာသန့်

ဓာတ်ပုံ– ဇော်မင်းလတ်

# မုံရွာမြို့နယ် သာစည်ကျေးရွာတွင် မီးပုံးပျံလွှတ်ပွဲ ကျင်းပ



**မုံရွာ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မီးပုံးပျံလွှတ်ပွဲကို အောက်တိုဘာ ၁၃ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၉ နာရီက မဟာစေတီလှဘုရားကြီးဝင်းအတွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီးတွင် မီးပုံးပျံလွှတ်ပွဲတော်ကြီး၌ သာစည်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာတို့မှ မိမိတို့ကျေးရွာများမှထွက်ရှိသော ငရုတ်သီး၊ကြက်သွန်၊ ပဲမျိုးစုံ၊ ဆန်စပါးစသည်တို့ကို မဟာစေတီလှဘုရားကြီး ရင်ပြင်တော်သို့ ပက်ဖျန်းပြီး စိုက်ပျိုးရေးလုပ်ငန်းများကောင်းမွန်စေရန် အခြားသီးနှံမျိုးစုံတို့ကိုလည်း ဘုရားကြီးတွင် ကပ်လှူသည့်အလေ့အထလည်းရှိကြောင်း သိရသည်။

“ဝါလကင်းလွတ်ပြီး သီတင်းကျွတ်လပြည့်နေ့မှာ သာစည်ကျေးရွာနဲ့ အနီးဝန်းကျင်ကျေးရွာတွေက ဘုရားကြီးကိုလာပြီး ရွှေဖိုးငွေတွေ လာပြီးလှူကြတယ်။ အဲဒီပွဲမှာ မီးပုံးပျံလွှတ်တာကိုထည့်ပြီး ကျင်းပတာပါ။ မီးပုံးပျံလွှတ်ပွဲတော်က ဒီဒေသရဲ့ အစဉ်အလာပွဲတစ်ခုလိုဖြစ်နေပြီး မုံရွာမြို့နယ်သာမက အနီးဝန်းကျင်မြို့နယ်တွေကပါလာပြီး ကြည့်ရှုကြတယ်” ဟု မီးပုံးပျံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချိုက ပြောသည်။

မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီး သီတင်းကျွတ်လပြည့်နေ့ မီးပုံးပျံလွှတ်ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

# အမျိုးသားစိတ်ဓာတ်အခြေခံ ရာပြည့် ဂျီ၊ စီ၊ ဘီ၊ အေ

ဒေါက်တာမြတ်မိုး

**၂၀၂၀ ပြည့်နှစ်အတွင်း ရောက်ရှိလာတော့မည့် အမှတ်တရ ရှိအပ်သည့် ထူးခြားသော ရာပြည့်ပွဲတော်များကို နိုင်ငံသူ နိုင်ငံသားအားလုံး အမှတ်တရရှိစေချင်ပါသည်။ အထူးသဖြင့် ယနေ့မျက်မှောက်ခေတ် လူငယ်လူရွယ်အားလုံးအတွက် ရည်စူးချင်ပါသည်။ အကြောင်းမှာ ၂၀၂၀ ပြည့်နှစ်အတွင်းကျရောက်မည့် GCBA ရာပြည့်၊ ရန်ကုန်တက္ကသိုလ်ရာပြည့်၊ မြို့မကျောင်းရာပြည့်၊ ရုပ်ရှင်ရာပြည့်နှင့် အမျိုးသားနေ့ရာပြည့်စသည်ဖြင့် ရာပြည့်အထိမ်းအမှတ်များစွာဖြင့် သမိုင်းတွင်မည့် ထူးခြားသောနှစ်ဖြစ်သောကြောင့် ဖြစ်ပါသည်။**

### ကိုလိုနီစနစ်၏ အုပ်ချုပ်မှုကိုထင်ဟပ်

ဖော်ပြပါရာပြည့်အထိမ်းအမှတ်များသည် ကိုလိုနီစနစ်အောက်တွင် ရုန်းကန်ခဲ့ရသော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီး ကိုလိုနီပြုထားသည့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော နိုင်ငံတစ်နိုင်ငံအဖြစ် ၁၉၂၀ ပြည့်နှစ်ကာလအတွင်း ဖြစ်တည်လာခဲ့သော အဖွဲ့အစည်းကြီးများ၊ အကြောင်းအရာများကို အခြေခံထားပါသည်။ အထူးသဖြင့် ကိုလိုနီအစိုးရ၏ ဖိနှိပ်ခွဲခြားအုပ်ချုပ်မှုဒဏ်နှင့်အတူ ဆယ်စုနှစ်ပေါင်းများစွာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော နိုင်ငံတစ်နိုင်ငံအဖြစ် ခံစားခဲ့ရမှု၏ပြယုဂ်အဖြစ် ထင်ဟပ်နေသောကြောင့် ဖြစ်ပါသည်။ ၁၉၂၀ ပြည့်နှစ်ဝန်းကျင်ကာလများသည် မြန်မာနိုင်ငံတွင် ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူ၊ တောင်သူလယ်သမားများတွင် ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် နိုင်ငံရေးအပေါ် အထူးစိတ်ဝင်စားမှုများရှိနေကြပြီး နိုင်ငံရေးစည်းရုံးမှုအရှိန်အဟုန် တက်ကြွပြင်းထန်နေသော ကာလတစ်ခုလည်း ဖြစ်ပါသည်။

### GCBA ၏အစ YMBA

YMBA (Young Men's Buddhist Association – Burma)နှင့် GCBA (General Council of Burmese Association) အဖွဲ့နှစ်ခုသည် အကြောင်းနှင့်အကျိုး ဆက်စပ်မှုရှိကြပြီး မျက်ခြည်မပြတ်ရန်လိုအပ်သော ယခုလက်ရှိဖြစ်တည်မှု၏ အကြောင်းတရားများလည်း ဖြစ်ပါသည်။ GCBA က နိုင်ငံရေးဘက်ကို ဦးဆောင်ပေးသော နိုင်ငံရေးအသင်းအဖွဲ့ကြီးဖြစ်သလို GCBA ၏အစ YMBA သည်လည်း အမျိုးသားရေးကိုဦးဆောင်ပေးသည့် ရန်ကုန်ကောလိပ်မျိုးချစ်လူငယ်တစ်စုက ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့သော အမျိုးဘာသာ၊ သာသနာ၊ ပညာကိုအခြေခံသည့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းဖြစ်ခဲ့သည်။

အမျိုးဘာသာ၊ သာသနာနှင့် ပညာကိုမြှင့်တင်ရန်အတွက် အမျိုးကိုချစ်ရန်၊ ဘာသာကိုလေးစားရန်၊ သာသနာကို ချီးမြှင့်ရန်၊ ပညာရေးကိုအားပေးရန် ကြွေးကြော်သံများဖြင့် ဖွဲ့စည်းခဲ့သောကြောင့်လည်း မြန်မာနိုင်ငံသမိုင်းတွင် ပထမဆုံးမော်ကွန်းအဖြစ် မှတ်တမ်းတင်အပ်ပါသည်။ နိုင်ငံလုံးဆိုင်ရာအမျိုးသားရေး၊ နိုင်ငံရေးအဖွဲ့အစည်းကြီးလည်း ဖြစ်ပါသည်။ (၁၉၁၀ မှ ၁၉၁၉- ၁၉၂၀) ခုနှစ်များအတွင်း ဘာသာရေး၊ ပညာ

> **GCBA ၏ ဗျူဟာမှာ ဗြိတိသျှအစိုးရကို အကြမ်းမဖက် အနုနည်းဖြင့် အာဏာဖီဆန်ရေးဖြစ်သည်။ GCBA က ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်ကို အားပေးခဲ့ကာ အမျိုးသားကျောင်းများ ပေါ်ထွန်းရေးကို အထောက်အကူပြုခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ကျင်းပသော GCBA (၉) ကြိမ်မြောက် ကွန်ဖရင့်က နှစ်စဉ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် ကျင်းပနိုင်ရန် သတ်မှတ်ပေးနိုင်ခဲ့**

ရေးကိုအခြေခံသည့် လူမှုရေးလုပ်ငန်းများမှ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးဆီသို့ ဦးတည်လာခဲ့သည်ကို တွေ့ရသည်။

### ဝံသာနုစိတ်ဓာတ်များကို မျိုးစေ့ချပေးနိုင်

ဝိုင်အမ်ဘီအေသည် ဗြိတိသျှတို့၏ မြန်မာပြည်သူများအပေါ် ခွဲခြားဆက်ဆံဖိနှိပ်သည့်နည်းလမ်းများဖြင့် အုပ်ချုပ်မှုကို ပြုပြင်ပြောင်းလဲရန်အတွက် တစ်နိုင်ငံလုံး ကြိုးပမ်းအားထုတ်ရန် လှုံ့ဆော်မှုပြုခြင်းဖြင့် GCBA ၏ အစကိုပျိုးခဲ့သည်။ အစိုးရကျောင်းများတွင် မျက်နှာဖြူဆရာများကိုသာခန့်ထားမှု၊ အသက် ခြောက်နှစ်မှ ၁၂ နှစ်ကြား ကလေးတိုင်း ပညာသင်ကြားပေးနိုင်ရေး၊ ခွဲခြားမှုကင်းသည့် ပညာရေးဥပဒေကိုပြဋ္ဌာန်းပေးနိုင်ရေး၊ ကျောင်းခန်းအတွင်း မြန်မာကျောင်းသားများ ဖိနပ်စီးခွင့်ရရှိရေး၊ မီးရထားတွဲများတွင် မျက်နှာဖြူများအတွက်သာ သီးသန့်တွဲများထားရှိမှုကို ကန့်ကွက်ပြီး သံဃာတွဲများ သီးသန့်ထားပေးရေး၊ မြန်မာများအပေါ် ဖြူ ငမည်း စသည့် ရင့်သီးသော အသုံးအနှုန်းများ မသုံးစွဲရေး၊ လယ်ယာမလုပ်သူ နိုင်ငံခြားသားများက လယ်ယာပိုင်ဆိုင်နေမှုကို ရပ်တန့်ရေးမှသည် ဗမာပြည်ယူနီဗာစီတီတက္ကသိုလ် သီးခြားပေါ်ပေါက်ရေးများအထိ ဝံသာနုစိတ်ဓာတ်များကို မျိုးစေ့ချပေးနိုင်ခဲ့ပါသည်။

### ဝံသာနုအခြေခံ GCBA

ကိုလိုနီခေတ် ၁၉၁၀-၁၉၂၀ ခုနှစ်ကာလများအတွင်း မြန်မာပြည်သူများတွင် နိုင်ငံရေးနိုးကြားမြင့်မားတက်ကြွမှု အရှိန် မည်မျှကောင်းလာသလဲဆိုလျှင် ထောင်နှင့်ချီသော YMBA အသင်းခွဲများ၊ သိန်းနှင့်ချီသော အသင်းဝင်များနှင့်အတူ မီးခဲပြာဖုံးဖြစ်နေသော ဇာတိသွေး ဇာတိမာန်စိတ်ဓာတ်များ တိုးပွားလာခြင်းက သက်သေဖြစ်ခဲ့ပါသည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလက ပြည်မြို့၌ကျင်းပသော ဝိုင်အမ်ဘီအေ နှစ်ပတ်လည်ညီလာခံ၌ ဝိုင်အမ်ဘီအေမှ ဂျီစီဘီအေသို့ပြောင်းလဲဖွဲ့စည်းရာမှ ဖြစ်တည်ခဲ့သော မြန်မာအသင်းချုပ်ကြီးကို ခေါင်းဆောင်သူများမှာ ခေတ်ပညာတတ်ဝံသာနုများသာဖြစ်ကြသည်။

GCBA အသင်းကြီး၏ဌာနချုပ်မှာ ရန်ကုန်မြို့ လွစ္စလမ်း၌ရှိသည်။ ဝံသာနုအသင်းအမည်ခံသည့် အသင်းပေါင်း ၁၀၀၀ ကျော်မျှအထိ တိုးပွားခဲ့ပြီး ငါးသိန်းခန့်အထိရှိသော အသင်းဝင်များသည် ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီမှုကိုအခြေခံကာ မြန်မာပြည်ဖြစ် အဝတ်အထည်များကိုသာ ဝတ်ဆင်စေရန်မှအစ မြန်မာပြည်ဖြစ်များကိုသာ အသုံးပြုရန်အထိ တစ်မျိုးသားလုံးကို လှုံ့ဆော်နိုင်ခဲ့ကြသည်။

### ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းသော်လည်း ဒိုင်အာခီသာရရှိခဲ့

GCBA ၏အမြင့်ဆုံးသောရည်မှန်းချက်မှာ Home Rule ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန်ပင်ဖြစ်သည်။ အစိုးရရာထူးကြီးများတွင် မိမိတို့မြန်မာတိုင်းရင်းသား အမျိုးသားများ တာဝန်ခံအုပ်ချုပ်ခွင့်ရရှိရေးဖြစ်သည်။ စီးပွားရေးတွင်လည်း မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်ရရှိရေးကို ဦးတည်ခဲ့သည်။ GCBA က တောင်းသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဗြိတိသျှတို့ပေးသည်က လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးမဟုတ်ဟု ယူဆခံရသော ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ဒိုင်အာခီစနစ်က ဗြိတိသျှလက်အောက်ခံအိန္ဒိယအစိုးရ၏ ၁၉၁၉ ခုနှစ် အုပ်ချုပ်ရေးအက်ဥပဒေအရ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများတွင် မြန်မာနိုင်ငံလည်း ပါဝင်လာစေမည့်စနစ်တစ်ခုဖြစ်သည်။

ထိုအုပ်ချုပ်မှုပြုပြင်ပြောင်းလဲမှုစီမံချက်အရ အကောင်အထည်ဖော်မည့် ဗြိတိသျှတို့၏ ဆာအေအက်ဖ်ဝှိုက် ခေါင်းဆောင်သည့် ဝှိုက်ကော်မတီကို GCBA က သပိတ်မှောက်ခဲ့သော်လည်း ၁၉၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဒိုင်အာခီသည် အတည်ဖြစ်ခဲ့သည်။ ဒိုင်အာခီအုပ်ချုပ်ရေးအရ ၁၉၂၂ ခုနှစ်အတွက် ရည်ရွယ်ကျင်းပသော ဥပဒေပြုကောင်စီရွေးကောက်ပွဲနှင့် ဥပဒေပြုကောင်စီများလည်း ပေါ်ပေါက်လာပြီး ၎င်းရွေးကောက်ပွဲများတွင် မြန်မာကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံရသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ပါသည်။



သာယာဝတီ ဂဠုန်လယ်သမားပုန်ကန်မှုကြီးကို ဦးဆောင်ခဲ့သည့် ဆရာစံ

### GCBA ၏အမျိုးသားရေးလုပ်ဆောင်ချက်များ

GCBA သည်အမျိုးသားညီညွတ်မှု၊ စုစည်းမှုကို ပြသနိုင်ခဲ့ခြင်းနှင့်အတူ နှစ်ပတ်လည်အစည်းအဝေးများကို ခြိမ့်ခြိမ့်သဲကျင်းပနိုင်ခဲ့သော်လည်း စင်ပြိုင်အဖွဲ့များကွဲ၍ ညီညွတ်မှုလျော့နည်းလာသည့်အခါ စင်ပြိုင်ကွန်ဖရင့်များ အသွင်ဖြင့်သာ ကျင်းပနိုင်ခဲ့တော့သည်။ GCBA ၏ဗျူဟာမှာ ဗြိတိသျှအစိုးရကို အကြမ်းမဖက် အနုနည်းဖြင့် အာဏာဖီဆန်ရေးဖြစ်သည်။ GCBA က ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်ကိုအားပေးခဲ့ကာ အမျိုးသားကျောင်းများ ပေါ်ထွန်းရေးကိုအထောက်အကူပြုခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် ကျင်းပသော GCBA (၉)ကြိမ်မြောက် ကွန်ဖရင့်က နှစ်စဉ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် ကျင်းပနိုင်ရန် သတ်မှတ်ပေးနိုင်ခဲ့သည်။

ဝှိုက်ကော်မတီနည်းတူ ၁၉၂၂ ခုနှစ် ဇန်နဝါရီလအတွင်း လာရောက်သော ဝေလမင်းသားကိုလည်း ကြိုဆိုညွှေ့ခံခဲ့ခြင်းမပြုလုပ်ခဲ့ဘဲ ဗြိတိသျှအစိုးရကို ဆန့်ကျင်သပိတ်မှောက်မှု ပြုလုပ်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဒိုင်အာခီအစား ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုသော နိုင်ငံရေးလှုပ်ရှားမှုကြောင့် အိန္ဒိယနှင့် မြန်မာတွဲရေး၊ ခွဲရေး ပြဿနာပေါ်ပေါက်လာခဲ့သည်။ ၁၉၂၉ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်ပြီး ၉၁ ဌာနအုပ်ချုပ်ရေးပေးရန် ရည်ရွယ်သည့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကော်မရှင်ကိုလည်း GCBA က သပိတ်မှောက်ခဲ့သည်။ အချို့စင်ပြိုင် GCBA အဖွဲ့များက အစိုးရနှင့် လုံးဝမဆက်ဆံရေး၊ လူခွန်၊ မြေခွန်မပေးခြင်းဖြင့် အာဏာဖီဆန်မှုပြုလုပ်ရေးလမ်းစဉ်ကို ကျင့်သုံးခဲ့သည်။ တိုင်းရင်းသားအကျိုးကို ရှေးရှုခြင်းမရှိသည့် ဥပဒေများကို ဖျက်သိမ်းရန် အစဉ်တစိုက် တောင်းဆိုသပိတ်တိုက်ပွဲဝင်ခဲ့ကြသည်။

မြန်မာ့ရေနံလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ အထည်လုပ်ငန်းများတွင် ဗြိတိသျှတို့ကြီးစိုးနေမှုကို ကန့်ကွက်ခဲ့ပြီး ဝံသာနု ဘဏ်များပေါ်ထွန်းရေးအထိ ကြိုးစားခဲ့ကြသည်ကို တွေ့ရသည်။ အစိုးရနှင့် စင်ပြိုင်ဝံသာနုသမာဓိအသင်းများဖွဲ့စည်း၍ ရဲအရေးမပိုင်သော မှုခင်းများ၊ ငြင်းခုံမှုများကို ဆုံးဖြတ်ဖြေရှင်းပေးခဲ့သည်ကို တွေ့ရှိရသည်။ သာယာဝတီ ဂဠုန်လယ်သမားပုန်ကန်မှုကြီးကို ဦးဆောင်မည့် ဆရာစံလို ပုဂ္ဂိုလ်မျိုးကို စင်ပြိုင် GCBA အဖွဲ့က မွေးဖွားပေးနိုင်ခဲ့သည်ကိုတွေ့ရှိရသည်။ ၁၉၂၄ ခုနှစ်တွင် သံဃာများပါဝင်သော အမျိုးသား အမျိုးသမီးဆန္ဒပြမှုများအား ပုလိပ်အဖွဲ့များက ဖြိုခွင်းမှုများကြောင့် သံဃာတစ်ပါးပျံလွန်တော်မူပြီး ဆရာတော်ဦးဥတ္တမ အရေးယူခံရသည်အထိ ကြီးမားသော ဆန္ဒပြမှုများကိုလည်း တွေ့မြင်နိုင်ပါသည်။

### အစိတ်စိတ်အမြွာမြွာကွဲထွက်မှုများနှင့် အတူရယူရန် သင်ခန်းစာများ

ဗြိတိသျှကိုလိုနီအစိုးရက တိုင်းရင်းသားပြည်သူများအပေါ် ဖိနှိပ်လေလေ GCBA ၏ အင်အားက တောင့်တင်းခိုင်မာလေလေရှိခဲ့သော်လည်း တစ်မျိုးသားလုံးညီညွတ်ရေးအစဉ်အလာကို ခိုင်မာအောင် စဉ်ဆက်မပြတ်ထိန်းသိမ်းရန်မှာမူ မလွယ်ကူခဲ့ပါ။ ခေတ်မီဖွံ့ဖြိုးမှု နောက်ကျခြင်း၊ ညီညွတ်မှုအားနည်းခြင်းတို့ကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်နည်းတူ အရှိန်အဟုန်ပြင်းပြင်းဖြင့် ချီတက်နေသည့် အမျိုးသားရေးသည်လည်း စလယ်ဝင်ဖင်မည်းခင်က ကွဲ ဆိုသလို နှောင့်နှေးခဲ့ရသည်။ ဗြိတိသျှတို့ပေးသော ဒိုင်အာခီသည် အသင်းချုပ်ကြီး၏ စည်းလုံးညီညွတ်မှုကို ထိခိုက်စေခဲ့သည်။

သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြစ်သည်နှင့်အညီ ၁၉၂၂ ခုနှစ်မှစတင်၍ ဥပဒေပြုကောင်စီကို သပိတ်မှောက်ရေး၊ မမှောက်ရေး နှစ်ခုကွဲကာ ဥပဒေပြုကောင်စီထဲဝင်၍ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမည့်အဖွဲ့က ရွေးကောက်ပွဲဝင်ခဲ့ကြသည်။ ၁၉၂၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၂၉ ခုနှစ်တွင် တစ်ကြိမ် သီးခြား GCBA အဖွဲ့များ ထပ်ကွဲခြင်းဖြင့် အသင်းခွဲပေါင်း ခြောက်သင်းအထိ အစိတ်စိတ်အမြွာမြွာကွဲထွက်သွားခဲ့သည်။ နောက်ဆုံး ၁၉၃၅ ခုနှစ် မြန်မာပြည်အက်ဥပဒေအရ မြန်မာပြည်ကို အိန္ဒိယပြည်မှခွဲထုတ်၍ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ၁၉၃၆ ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်ပွဲဖြစ်မြောက်ခဲ့ပြီး GCBA အသင်းကြီးလည်း နိဂုံးချုပ်ခဲ့ရတော့သည်။

### စည်းလုံးညီညွတ်မှု အပူတပြင်းလိုအပ်နေသော အချိန်ကာလတစ်ခုလည်းဖြစ်

ယနေ့ကာလသည် မြန်မာနိုင်ငံအတွင်း အပစ်အခတ်ရပ်စဲပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးမှတစ်ဆင့် တစ်နိုင်ငံလုံးငြိမ်းချမ်းမှုတည်ဆောက်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စည်းလုံးညီညွတ်မှု အပူတပြင်းလိုအပ်နေသော အချိန်ကာလတစ်ခုလည်းဖြစ်ပါသည်။ ထို့အပြင် ပြင်ပပယောဂများဖြင့် စွက်ဖက်မှုကိုသတိထား၍ ပြည်တွင်းစည်းလုံးညီညွတ်မှု လိုအပ်နေချိန်လည်း ဖြစ်ပါသည်။ သင်ခန်းစာတစ်ခုအနေဖြင့် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်နှင့်အတူ နိုင်ငံရေးအယူအဆကွဲလွဲမှုများကိုအခြေခံ၍ ပုဂ္ဂိုလ်စွဲ၊ အဖွဲ့စွဲ၊ သဘောထားကွဲလွဲမှုများ၊ အသင်းရန်ပုံငွေကိစ္စရပ်များက စည်းလုံးညီညွတ်မှုကို ထိခိုက်စေကာ ပြိုကွဲမှုကို ဦးတည်ခဲ့ပြီး အဖွဲ့ကြီး၏ အမြင့်ဆုံးရည်မှန်းချက်ကို ထိခိုက်ခဲ့ကြောင်းလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

သို့သော်လည်း မြန်မာတိုင်းရင်းသားပြည်သူအားလုံး၏ ဇာတိသွေးဇာတိမာန်စိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ သူတစ်ပါး၏ လက်အောက်မှ လွတ်မြောက်လိုစိတ်များကိုမူ အခြေခံမွေးဖွားပေးခဲ့ကြောင်းနှင့် နိုင်ငံတော်လွတ်လပ်ရေးအတွက် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ခုကို စိုက်ထူပေးနိုင်ခဲ့သည့် သမိုင်းဝင် GCBA အဖွဲ့၏အရေးပါမှုကို မမေ့မလျော့ အသိအမှတ်ပြုနေရမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၁)ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)နှင့် (၁၁၉)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၁)ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)နှင့် (၁၁၉)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားမစတင်မီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ သစ်သီးများ ကပ်လှူပူဇော်သည်။

**တရားတော်များ နာယူကြည်ညို**

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဇနိန္ဒထံမှ ဩဝဒ့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်နှင့် ဘုရားဂုဏ်တော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် စေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင်များက ဘဒ္ဒန္တဇနိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဇနိန္ဒထံမှ အဘိဓမ္မာအခါတော်နေ့ တရားတော်ကို နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဇနိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်အတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ စည်ကားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ ဟောကြားခြင်းပြီးမြောက်သောနေ့၊ နတ်ဗြဟ္မာအပေါင်းကို ခြံရံလျက် တာဝတိံသာမှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာနတ်လူ သုံးဘုံလူတို့ မြတ်စွာဘုရားအား ကြည်ဖြူကော်ရော် ပူဇော်သောနေ့၊ လောကဝိဝရဏ တန်ခိုးတော် ကြောင့် စကြဝဠာတစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့ စသော ဂုဏ်ထူးဝိသေသတို့ဖြင့် အထူးတလည်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

**သူတော်ကောင်းတရားများ အားထုတ်**

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြလေ့ရှိသည်။

**ဒါနသံများဖြင့် သောသောညံ**

၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်အတွင်းရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ကြသူများ၊ အလှူဒါနပြုကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ဝန်ထမ်းအိမ်ရာများနှင့် ရပ်ကွက်များတွင် ဝါတွင်းသုံးလပြုလုပ်ခဲ့သည့် ဆွမ်းလောင်းလှူပွဲများ၏ အောင်ပွဲအဖြစ် တရားသဘင်များကျင်းပခြင်း၊ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များကို နာယူရွတ်ပွားပူဇော်ခြင်း စသည့် ကုသိုလ်ဒါနပြုလုပ်ကြသူများ၏ သီလဒါနသံများဖြင့် သောသောညံလျက်ရှိသည်။



**ကြက်ပျံမကျစည်ကား**

ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ အောင်မင်းခေါင်ဘုရား၊ မင်းဝံတောင်ဘုရား၊ စူဠာမဏိဘုရား၊ မဟာသကျရံသီရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် သံဝေဇနိယလေးဌာနတို့တွင် တရားဘာဝနာအားထုတ်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

**ဆီမီးရောင်များ လင်းထိန်**

ညပိုင်းတွင် အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနရုံးများနှင့် အထင်ကရနေရာများတွင် လျှပ်စစ်မီးအလှဆင်ထွန်းညှိခြင်း၊ ဝန်ထမ်းအိမ်ရာများနှင့် ရပ်ကွက်များရှိ နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံများ ထွန်းညှိပူဇော်ကြရာ နေပြည်တော်တစ်ဝန်းလုံး ဆီမီးရောင်များဖြင့် နေ့နှင့်မခြား လင်းထိန်လျက်ရှိသည်။

**သတင်း – ကျော်သူထက်**
**ဓာတ်ပုံ – မိုက်ကယ်ထန်း**

# သီတင်းကျွတ်လပြည့်နေ့တွင် မြစ်ကြီးနားမြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးကြသူများဖြင့် စည်ကား

**မြစ်ကြီးနား အောက်တိုဘာ ၁၃**

သီတင်းကျွတ်လပြည့်နေ့တွင် မြစ်ကြီးနားမြို့ရှိ စေတီဘုရားများ၌ ဘုရားဖူးကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ လောကမာရ်အောင် ဆုတောင်းပြည့် စေတီတော်ကြီးတွင် ဘုရားဖူးကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် နံနက်ပိုင်းမှ ညနေပိုင်းအထိ စည်ကားလျက်ရှိပြီး စေတီတော်ကြီးသည် ဉာဏ်တော် ၇၅ ပေ ၁၀ လက်မရှိကာ မြစ်ကြီးနားမြို့၏ ရှေးအကျဆုံး စေတီတော် မြတ်ကြီးဖြစ်ကြောင်း သိရသည်။

လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်ကြီး၌ သီတင်းကျွတ် အခါသမယဖြစ်သည့် အဖိတ်နေ့၊ လပြည့်ဥပုသ်နေ့နှင့် လပြည့်ကျော် ၁ ရက် ညနေပိုင်းတွင် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် ဆီးမီးမျှောပွဲကိုလည်း ကျင်းပ လျက်ရှိသည်။

"အခုလို သီတင်းကျွတ်အခါသမယ အဖိတ်၊ ဥပုသ်နဲ့ လပြည့်ကျော် ၁ ရက် စုစုပေါင်းသုံးရက်မှာ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲနဲ့ ဆီမီးတစ်သိန်း မီးမျှောပွဲကို ကျင်းပပါတယ်။ အခုနှစ်က ဒုတိယအကြိမ် လုပ်တာပါ။ ဆုတောင်းပြည့် စေတီတော်ကြီးရဲ့ ဘုရားပွဲတော်ကိုလည်း ဆီးမီးထွန်းပွဲလိုပဲ အဖိတ်နေ့၊ လပြည့်ဥပုသ်နေ့နဲ့ လပြည့်ကျော် ၁ ရက်နေ့ဆိုပြီး သုံးရက် ကျင်းပပါတယ်။ မြစ်ကြီးနားမှာ ဆုတောင်းပြည့်စေတီတော်ကြီးက ရှေးအကျဆုံးစေတီတော်ကြီး ဖြစ်ပါတယ်။ ဒေသခံတွေကလည်း ဆုတောင်းပြည့်တယ်လို့ ယုံကြည်ကြတယ်။ ဆုတောင်းပြည့်စေတီတော်ကြီးက မြို့လယ်မှာရှိပြီး လျောင်းတော်မူ၊ ရပ်တော်မူ ဘုရားတွေလည်းရှိတော့ ဘုရားဖူးတွေနဲ့ အမြဲစည်ကားတယ်။ မြစ်ကြီးနားကို လာဖို့ လမ်းတွေကလည်းကောင်းတော့ ရပ်နီးရပ်ဝေးက ဘုရားဖူးတွေလည်း တစ်နှစ်ပတ်လုံး လာကြတယ်။ ဆုတောင်းပြည့်စေတီတော်ကြီးမှာရှိတဲ့ ဆုတောင်းပြည့်ကျောင်းတိုက်မှာ ရပ်ဝေးဘုရားဖူးတွေ တည်းခိုလို့လည်း ရပါတယ်။ ဒီမှာ တည်းခိုပြီး မြစ်ဆုံနဲ့ တခြားအထင်ကရနေရာတွေ သွားလည်ကြတာမျိုးရှိတယ်" ဟု လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်ကြီး ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမျိုးမြင့်ဆွေ (ခ) ဦးချစ်က ပြောသည်။

ထို့အတူ မြစ်ကြီးနားမြို့ပေါ်ရှိ ဆုတောင်းပြည့် လျောင်းတော်မူဘုရားကြီး၊ ရပ်တော်မူဘုရားကြီးတို့၌လည်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

"ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်တွေ စစ်ရှုံးပြီး ပြန်လည်ထွက်ခွာ သွားကြတယ်။ အဲဒီအချိန်တုန်းက ဂျပန်တပ်မတော် ၅၆ မှာ တာဝန်ထမ်းဆောင် ခဲ့တဲ့ ဂျပန်စစ်ပြန် မစ္စတာ မစ်ဆူမိဆာကာဂူချိက ကချင်ပြည်နယ် စစ်မျက်နှာ အတွင်းမှာ ကျဆုံးသွားတဲ့ ဂျပန်စစ်သားတွေ၊ စစ်အတွင်းက သေဆုံးသွားတဲ့ တိုင်းရင်းသားတွေကို ရည်စူးပြီး လှူဒါန်းလိုတဲ့အတွက် လျောင်းတော်မူဘုရားကို တည်ဆောက်လှူဒါန်းခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ဘုရားက အခုလို အခါကြီး ရက်ကြီးဆို စည်ကားတယ်။ မြစ်ကြီးနား အနီးအနားက ဒေသခံတွေလည်း



ဘုရားဖူးလာကြတယ်" ဟု ဆုတောင်းပြည့် လျောင်းတော်မူဘုရားကြီးနှင့် ပတ်သက်၍ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဆန်နီတင်ထွန်းက ပြောသည်။

"ကျွန်တော်တာဝန်ကျရာ မြစ်ကြီးနားမြို့ကို သီတင်းကျွတ်ရုံးပိတ်ရက်မှာ မိသားစုက အလည်လာတဲ့အတွက် ဘုရားဖူးလိုက်ပို့တာပါ။ ဒီနေ့က လပြည့်နေ့ ဖြစ်တဲ့အတွက် မိသားစုအား မြစ်ကြီးနားမြို့ပေါ်ကို ဘုရားဖူးလိုက်ပို့မှာ ဖြစ်ပါ တယ်။ လပြည့်နေ့မှာ ကုသိုလ်ကောင်းမှုလည်း တတ်နိုင်သမျှပြုလုပ်သွားမှာဖြစ်ပါ တယ်" ဟု မိသားစုနှင့်အတူ ဘုရားဖူးလာရောက်သည့် မြစ်ကြီးနား နယ်မြေ ရဲစခန်းမှ ဒုရဲအုပ်ဦးအောင်ကျော်သူက ပြောသည်။

မြစ်ကြီးနားမြို့ တစ်ဖက်ကမ်းရှိ ရွှေမိုးတောင်ပေါ်တွင် တည်ထားသည့် ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်၌လည်း နံနက်ပိုင်း မှသည် ညနေပိုင်းအထိ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

"ကချင်ပြည်နယ်ကို တစ်ခါမှမရောက်ဖူးဘူး။ သားသမီးတွေက မြစ်ကြီးနား မြို့မှာ အလုပ်လုပ်တော့ အခုလိုပိတ်ရက်မှာ သားသမီးတွေနဲ့ တွေ့ဆုံရင်း၊ ဘုရားဖူးရင်းလာခဲ့တာပါ။ သားကတော့ ကျွန်တော့်ကို မြစ်ကြီးနားမြို့ရဲ့ အထင်ကရဘုရားတွေ၊ သာယာလှပတဲ့နေရာတွေ လိုက်ပို့ပေးမယ်ပြောတယ်။ အခုကတော့ ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော် တစ်ဆူပဲ ဖူးရသေးတယ်" ဟု ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့် စေတီတော်တွင် ဘုရားဖူးရန်ရောက်ရှိနေသည့် ဖြူးမြို့မှ ဦးလှမြင့်က ပြောသည်။

**တွေ့ဆုံမေးမြန်း - ကေကေ၊ ဓာတ်ပုံ - ထိန်နန်နေ့ာ်**

# မန္တလေးမြို့တွင် သီတင်းကျွတ်လပြည့် မြို့လုံးအနှံ့ ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

မန္တလေး အောက်တိုဘာ ၁၃

**သီတင်းကျွတ်လပြည့်နေ့သည် နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက် အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူသူများ၊ သီလခံယူဆောက်တည်ကာ ကုသိုလ် ကောင်းမှုပြုသူများဖြင့် မြို့လုံးအနှံ့ အထူးစည်ကားလျက်ရှိသည်။**



မန္တလေးပြည်သူများသည် နေ့ထူးနေ့မြတ်အခါသမယတွင် ဒေသ၏ ကုသိုလ် ကောင်းမှု စတင်ပြုကြသည့် ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်ချိန်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်းရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင် မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိကျောက်တော်ကြီး၊ စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီနှင့် စွယ်တော်မြတ်စေတီတော်တို့သို့ လှည့်လည်သွားရောက်၍ ကုသိုလ်ပြုဆုတောင်းသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် အနားယူအပန်းဖြေကြသူများနှင့် စည်ကားလျက်ရှိသည်။

### ကြည်ညိုသဒ္ဓါပွားများ

ထို့ပြင် မြို့တွင်းရပ်ကွက်များရှိ ဓမ္မာရုံများတွင်လည်း သီလခံယူ ဆောက်တည်ကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများအပြင် ရပ်ကွက် လမ်းများပေါ်တွင် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်နှင့် လှူဖွယ် ပစ္စည်း လောင်းလှူကြသူများကိုလည်း ကြည်ညိုသဒ္ဓါပွားများဖွယ်ရာ တွေ့မြင် ကြရသည်။

ထို့နောက် သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် မဟာမုနိ၊ ကျောက်တော် ကြီးနှင့် မန္တလေးတောင်တော်ဘုရားများတွင် ဆီမီးတစ်သောင်း ဆက်ကပ် ပူဇော်ပွဲများနှင့် အခြားမြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများတွင် ဆီမီး ထွန်းညှိ ပူဇော်ပွဲများ ကျင်းပကာ ရိုးရာယဉ်ကျေးမှုပွဲတော်ဓလေ့ပုံရိပ်ကို ပီပြင် စွာ ဖော်ထုတ်ခဲ့ကြသည်။

### အထူးစည်ကား

အဆိုပါ လပြည့်နေ့ ညပိုင်း၌ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီး၊ စန္ဒာမုနိနှင့် ကုသိုလ်တော်ဘုရားသုံးဆူ၏ (၁၃၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကြီးကိုလည်း သီတင်းကျွတ်ပွဲတော်နှင့်အပြိုင် ကြည့်ချင်ပွဲများ၊ ဇာတ်ပွဲများ ထည့်သွင်းပြီး ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ခင်းကျင်း၍ ကျင်းပလျက်ရှိရာ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သီတင်းကျွတ်ရုံးပိတ်ရက် ဆဒ္ဒံရေတံခွန်သို့ လာရောက်အပန်းဖြေကြသူများ၏ စကားသံများ

တွေ့ဆုံမေးမြန်း – ကေကေ
ဓာတ်ပုံ – ထိန်နန်နော်

ဆဒ္ဒံရေတံခွန်သည် အဆင့်ဆင့်၊ အထပ်ထပ်သော ကျောက်ဆိုင်ကျောက်သားများအကြားမှ ရေ၏အရှိန်ပြင်းပြင်းစီးဆင်းမှုကို စိမ်းစိုသော သဘာဝတောတောင်များဖြင့် ပတ်ဝိုင်းကာရံထားကာ သဘာဝကျကျ လှပနေသည်။ ရေတံခွန်ဆီသို့ ကြိုးတံတားပေါ်မှ ဖြတ်သန်းသွားရောက်ရင်း ရေတံခွန်၏ အရှိန်ပြင်းပြင်းရေစီးဆင်းမှုအသံကို ကြားရသည်မှာလည်း လာရောက်လည်ပတ်သူများကို အပန်းဖြေစေသည့် ဂီတသံတစ်ခုသဖွယ် ဖြစ်နေသည်။

ထိုသို့ သဘာဝအလှတရားများစွာ တည်ရှိနေသည့် ဆဒ္ဒံရေတံခွန်ကို လန်နခရေတံခွန်ဟုလည်း ခေါ်ဆိုကြပြီး ဝိုင်းမော်မြို့နယ် ဆဒ္ဒံမြို့အနီးတွင် တည်ရှိသည်။ ယခုကဲ့သို့ သီတင်းကျွတ်အများပြည်သူရုံးပိတ်ရက်များတွင် ဆဒ္ဒံရေတံခွန်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိရာ ထိုသို့လာရောက်လည်ပတ်ကြသည့် ခရီးသွားပြည်သူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်–

**မအိအိလှိုင် (မိုးညှင်းမြို့)**

ဆဒ္ဒံရေတံခွန်ကို ၂၀၁၇ ခုနှစ်က တစ်ခါရောက်တယ်။ လာပြီးရင်း လာလည်ချင်တဲ့နေရာလေးပါ။ ဒါကြောင့် အခုဒုတိယအကြိမ်အဖြစ် သူငယ်ချင်းတွေနဲ့ အလည်လာတာပါ။ ဒီရေတံခွန်က သဘာဝအတိုင်း လှပပြီးတော့ သာယာတယ်။ အခုလို အားလပ်ရက်မှာ ဆဒ္ဒံကို အရင်ဆုံးလာလည်တာပါ။ ပြီးရင် ဝါရှောင်ဆည်၊ မြစ်ဆုံနဲ့ ဝိုင်ဥယျာဉ် အပန်းဖြေစခန်းတွေကိုလည်း အလည်သွားမှာဖြစ်ပါတယ်။

**ဒေါ်မြင့်မြင့်ဆွေ (အထက်တန်းပြ(ငြိမ်း)၊ရေဦးမြို့)**

အခုလို အများပြည်သူရုံးပိတ်ရက်မှာ မြစ်ကြီးနားက ဆွေမျိုးတွေဆီ အလည်လာရင်းနဲ့ ဆဒ္ဒံရေတံခွန်ကို အလည်လာဖြစ်တာပါ။ တစ်ခါမှ မရောက်ဖူးဘူး။ ဒီရောက်တော့ ဆဒ္ဒံရေတံခွန်ကြီးကိုမြင်တော့ အတော်ကို အံ့သြသွားတယ်။ အံ့သြသွားလောက်အောင်လည်း ဆဒ္ဒံက တကယ်လှပါတယ်။ ပြည်တွင်းခရီးသွားတွေသာမက ပြည်ပခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ မြန်မာနိုင်ငံရဲ့ လှပတဲ့နေရာလေးတစ်ခုပါ။ ရေတံခွန်ပတ်ဝန်းကျင်က စိမ်းစိမ်းစိုစိုနဲ့ တောတောင်တွေက အေးချမ်းနေတယ်။ ပင်ပန်းသမျှတွေ လန်းဆန်းစေနိုင်တဲ့ နေရာလေးတစ်ခုပါ။ ကိုယ့်အရပ်ဒေသနဲ့ ခြားနားတဲ့ သဘာဝရှုခင်းတွေ အများကြီး ရှိပါတယ်။ နောက်ထပ်တစ်ကြိမ်လည်း လာလည်ချင်သေးတယ်။ အခုက အရင်ကလို ဆဒ္ဒံလာလည်ဖို့လည်း မခက်တော့ပါဘူး။ လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းနေပါပြီ။ လာလည်ရတာ တန်ပါတယ်။


မအိအိလှိုင်


ဒေါ်မြင့်မြင့်ဆွေ


မအေးအေးမြင့်


ဒေါ်ဥမ္မာမောင်

**မအေးအေးမြင့် (မိုးကောင်းမြို့)**

နှစ်တိုင်း သီတင်းကျွတ်ပိတ်ရက်ဆို ခရီးထွက်လေ့ရှိပါတယ်။ ခရီးထွက်တိုင်း ဆဒ္ဒံရေတံခွန်ကို မရောက်ဖြစ်ခဲ့ဘူး။ ဒီနှစ် သီတင်းကျွတ်ပိတ်ရက်မှပဲ ပထမဆုံး ရောက်ဖြစ်တာပါ။ ပထမဦးဆုံးရောက်ဖြစ်တာဆိုတော့ ရေတံခွန်မြင်ရတော့ လန်းဆန်းသွားတယ်။ အပန်းပြေတယ်။ ရေတံခွန်ကလည်း သဘာဝဆန်ဆန် လှပလွန်းပါတယ်။ ရေတံခွန်ပတ်ဝန်းကျင်ကလည်း သာယာတော့ နောက်နှစ်တွေလည်း လာလည်ဖြစ်ဦးမှာပါ။



**ဒေါ်ဥမ္မာမောင် (ICT Computer Centre ၊ မိုးကောင်းမြို့)**

နှစ်တိုင်း မြစ်ဆုံ၊ ကရိန်နော်နဲ့ အင်းတော်ကြီးတို့ကို ကွန်ပျူတာသင်တန်းက သင်တန်းသားတွေနဲ့ အမြဲလာဖြစ်ပါတယ်။ တစ်နှစ်တစ်ခါ အပန်းဖြေတဲ့ သဘောပါ။ ဆဒ္ဒံကတော့ အခုနှစ်မှ လာဖြစ်တာပါ။ လာရတာတန်တဲ့ နေရာလေးတစ်ခုပါ။ ပြည်တွင်းခရီးသွားတွေသာမက ပြည်ပခရီးသွားတွေကို လာလည်ဖို့ ဖိတ်ခေါ်သင့်တဲ့ နေရာလေးတစ်ခုပါ။ ဒီရောက်တော့ ရေတံခွန်မြင်ရတာ ပင်ပန်းမှုတွေပြေသွားတယ်လို့ ခံစားရတယ်။ လာလည်တဲ့သူအားလုံးကလည်း သာယာတယ်၊ အပန်းပြေတယ် ပြောကြတယ်။ နောက်နှစ်တွေလည်း လာလည်ဖြစ်မှာပါ။ ကချင်ပြည်နယ်မှာက ခရီးသွားတွေ စိတ်အပန်းပြေစေမယ့် ရှုခင်းတွေ အများကြီးရှိတဲ့နေရာပါ။ ခရီးသွားပြည်သူတွေ လာလည်ကြဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

**ဦးလချမ်လွမ်ဒေါင် (ဆဒ္ဒံရေတံခွန်အပန်းဖြေစခန်းတာဝန်ခံ)**

ဆဒ္ဒံရေတံခွန်ကို လာလည်တဲ့သူက တခြားနေရာတွေထက်တော့ နည်းသေးတယ်။ ဆဒ္ဒံရေတံခွန်ကို ခရီးသွားတွေ လာလည်တဲ့အခါ အဆင်ပြေဖို့ လိုအပ်နေတဲ့ အရာတွေလည်း ရှိပါသေးတယ်။ ရေတံခွန်ရဲ့ အလှအပကို သဘာဝအတိုင်း ခံစားနိုင်တဲ့အဆင့်ပဲ ရှိပါသေးတယ်။ ခရီးသွားတွေ အများကြီး လာမယ်ဆိုရင် ရေတံခွန်ရဲ့ သဘာဝပတ်ဝန်းကျင် မထိခိုက်အောင်လည်း စီစဉ်ရမှာတွေ ရှိပါသေးတယ်။ အခု ဒေသတည်ငြိမ်အေးချမ်းမှုရှိနေတဲ့အတွက် ခရီးသွားတွေ အရင်ထက်စာရင် တော်တော်လာကြတယ်။ ခရီးသွားတွေ အပန်းပြေသွားအောင်လည်း ရေတံခွန်နဲ့ ရေတံခွန်ပတ်ဝန်းကျင်က လှပပါတယ်။ ခရီးသွားတွေဆီကလည်း ပျော်စရာကောင်းတယ်ဆိုတဲ့ အသံတွေကြားရပါတယ်။ ကျွန်တော်တို့ပြည်နယ်ကို ခရီးသွားတွေ ပိုပြီးလာလည်နိုင်အောင် နိုင်ငံတော်အစိုးရကိုလည်း ဆောင်ရွက်ပေးစေချင်တယ်။ ဒီလိုခရီးသွားတွေ လာလည်တဲ့အခါ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက်လည်း ကူညီပေးစေချင်ပါတယ်။ ကျွန်တော်တို့ဒေသက ဆဒ္ဒံရေတံခွန်ကတော့ သဘာဝအတိုင်းလှပတဲ့ ရေတံခွန်တစ်ခုဖြစ်တဲ့အတွက် ခရီးသွားတွေလာလည်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

# ကျောက်ပန်းတောင်းမြို့နယ်တွင် ယူနီကုဒ်စနစ် ပြောင်းလဲသုံးစွဲနိုင်ရန် အခမဲ့ဝန်ဆောင်မှုပေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများ ဇော်ဂျီစနစ်မှ ယူနီကုဒ်စနစ်သို့ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် ကျောက်ပန်းတောင်းမြို့နယ်ဟစ်တိုင်အဖွဲ့ မြို့နယ်လူငယ်ရေးရာကော်မတီနှင့် KPG Mobile Family Group တို့ ပူးပေါင်း၍ အခမဲ့ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီမှစ၍ ညနေ ၄ နာရီခွဲအထိ မြို့ရှေ့ပန်းသီတာ ဥယျာဉ်တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်သူ ၅၀၀ လာရောက်ပြောင်းလဲ**

ကျောက်ပန်းတောင်းမြို့နယ် ဟစ်တိုင်အဖွဲ့နှင့် မြို့နယ် လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ KPG Mobile Family Group တို့ ပူးပေါင်းဆောင်ရွက်သည့် အဆိုပါ ဇော်ဂျီစနစ်မှ ယူနီကုဒ်စနစ်သို့ ပြောင်းလဲနိုင်ရန်အတွက် အခက်အခဲဖြစ်နေသည့် ပြည်သူများအား အခမဲ့ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းနေ့က ယူနီကုဒ်စနစ်သို့ လာရောက်ပြောင်းလဲသူ ၁၅၀ ခန့်သာရှိပြီး ယနေ့ ဒုတိယနေ့တွင် ပြည်သူ ၅၀၀ လာရောက်ပြောင်းလဲခဲ့ကြကြောင်း သိရသည်။

**ပံ့ပိုးကူညီဆောင်ရွက်**

အဆိုပါ အခမဲ့ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းကို KPG Mobile Family Group အဖွဲ့ ဖုန်းပြုပြင်ရေးလုပ်ငန်း ကျွမ်းကျင်သူ လူငယ် ၂၀ က ဆောင်ရွက်ပေးကြခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ကျောက်ပန်းတောင်း ဟစ်တိုင်လူငယ်အဖွဲ့များ က လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြ ကြောင်း သိရသည်။

၀၅၄



# ကျောင်းသားလူငယ်တိုင်း ကင်းထောက်အဖွဲ့ဝင်ဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်းပေး

ကောင်းသန့်


ငြိမ်းချမ်းရေးသံတမန်သီချင်းဆိုနေသော ကင်းထောက်များ။

**ကင်းထောက်ဆိုတာ ဘာလဲ**

မသိကြသူတချို့က မေးကြသည်။ သူတို့ တကယ်မသိ၍ မေးခြင်းဖြစ်သည်။ သူတို့မသိတာ ဖြစ်နိုင်သည်။

မြန်မာနိုင်ငံတွင် ကင်းထောက်ပျောက်သွားသည်မှာ ၂၀၁၂ ခုနှစ်အထိဆိုလျှင် နှစ်ပေါင်း ၅၀ နီးပါးကြာခဲ့ပြီ။

ယခင်တုန်းကကော မြန်မာနိုင်ငံမှာ ကင်းထောက်ရှိခဲ့သလား။

ရှိခဲ့ပါသည်။ ဗြိတိသျှအင်္ဂလိပ်အုပ်စိုးစဉ်ကာလ ၁၉၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကို ကင်းထောက်လုပ်ငန်းစတင်မိတ်ဆက်ခဲ့သည်ဟု သိရပါသည်။

၁၉၁၆ ခုနှစ်တွင် မြန်မာအမျိုးသမီးကင်းထောက်အသင်းကို YWCA (ခေါ်) ခရစ်ယာန်အမျိုးသမီးအသင်းက စတင်ဖွဲ့စည်းခဲ့သည်ဟု သိရပါသည်။

၁၉၂၀ ပြည့်နှစ်တွင် မြန်မာပြည်ကင်းထောက်အသင်းကို စတင်ဖွဲ့စည်းခဲ့ကြောင်း မှတ်တမ်းများအရ သိရပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ကင်းထောက်အဖွဲ့ကို ကျနသေချာစွာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲများဖြစ်ကြသည့် နိုင်ငံတော်သမ္မတကြီးနှင့် ဝန်ကြီးချုပ်များကိုယ်တိုင် ကင်းထောက်အဖွဲ့အကြီးအကဲအဖြစ် ဂုဏ်ပြုချီးမြှင့်ထမ်းဆောင်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ကင်းထောက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကမ္ဘာ့နိုင်ငံအများအပြားနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာပြည်တစ်နံတစ်လျား မြို့တိုင်း၊ ကျောင်းတိုင်းလိုလို ကင်းထောက်အဖွဲ့များရှိပြီး ကျောင်းသား ကျောင်းသူများ၏ နှလုံးသားအတွင်းသို့ ကင်းထောက်စိတ်ဓာတ်များ ခိုအောင်းလာခဲ့ကြပြီ။

အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားတက်ကြွဖျတ်လတ်သော သူတစ်ပါးကို ကူညီရန်အသင့်ရှိသည့် ကင်းထောက်လူငယ်များစွာကို မွေးထုတ်နိုင်ခဲ့ပါသည်။

ဆရာ ဆရာမများကလည်း ကင်းထောက်အဖွဲ့ဝင်ကြရသဖြင့် ဆရာရော တပည့်ပါ ကင်းထောက်စိတ်ဓာတ်ဖြင့် နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာကောင်းများ ရှိခဲ့ပါသည်။

သို့ဆိုလျှင် ကင်းထောက်ဆိုတာ ဘာလဲ၊ ကင်းထောက်စိတ်ဓာတ်ဆိုတာ ဘာလဲ။

ကင်းထောက်ကို SCOUT ဟူ၍ စာလုံးပေါင်းသည်။

စကားလုံး ငါးလုံးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး ထိုစကားလုံးတစ်လုံးစီတွင် သီးခြားအဓိပ္ပာယ်ရှိသည်။

S – Smart –သွင်ပြင်ကြည်လင်ခန့်ညားသော
C – Confident –ကိုယ့်ကိုယ်ကိုယ်ယုံကြည်သော
O – Obedient –နာခံတတ်သော
U – Unity –စည်းလုံးသော
T – Trust –အများကယုံကြည်စိတ်ချရသော

ကင်းထောက်သည် အထက်ပါအရည်အချင်း ငါးမျိုးနှင့် ပြည့်စုံသောသူများဖြစ်အောင် ကြိုးစားနေကြသူများဖြစ်သည်။ ထိုအရည်အချင်းများပိုင်ဆိုင်သော အဖွဲ့အစည်းသည် ကင်းထောက်ဖြစ်ပါသည်။

ကင်းထောက်စိတ်ဓာတ်သည် သူတစ်ပါးထက်သာအောင်လုပ်ရန်မဟုတ်။ သူတစ်ပါးကို အနိုင်ကျင့်စော်ကားရန် မဟုတ်။ အမှီခိုကင်းကင်းနှင့် သူတစ်ပါးကို ကူညီနိုင်ရန်၊ ယုံကြည်ချက်တူသူများနှင့် စိတ်ပါလက်ပါ အတူလက်တွဲလုပ်ကိုင်တတ်ရန်၊ လုပ်ငန်းတစ်ခုစပြီးလျှင် ပြီးဆုံးအောင် လုပ်ကိုင်တတ်ရန်၊ မာနထောင်လွှားခြင်းမရှိဘဲ အဆင်ပြေပြေဆက်ဆံတတ်ရန်၊ ပါတီနိုင်ငံရေးနှင့် မပတ်သက်ဘဲ အများအကျိုးသယ်ပိုးနိုင်ရန် လူ့လောကတွင် လူ့အဖိုးတန်အဖြစ် အသုံးဝင်၊ အသုံးတည့်သော လူငယ်တစ်ယောက်ဖြစ်ရန် ရည်မှန်းချက်များသည် ကင်းထောက်စိတ်ဓာတ်ဖြစ်သည်။

**ကင်းထောက်၏ဆောင်ပုဒ်မှာ – အစဉ်အသင့်**
**ကင်းထောက်၏ကြွေးကြော်သံ – ကောင်းမှုတစ်ခု နေ့စဉ်ပြု**

ကင်းထောက်သည် ယူနီဖောင်းဝတ်ထားသဖြင့် စစ်စည်းကမ်းအတိုင်း ဖွဲ့စည်းထားသည့် တပ်ဖွဲ့တစ်ခုအလား အထင်မှားစရာရှိပါသည်။

ကင်းထောက်သည် စစ်ရေးစစ်ရာနှင့်မဆိုင်၊ စစ်ပုံစံအဖွဲ့အစည်းမဟုတ်။ စစ်ပညာသင်ပေးခြင်း၊ စစ်ရေးပြသခြင်းတို့ကို လုံးဝတားမြစ်ထားသည်။

ကင်းထောက်သည် မည်သည့် နိုင်ငံရေးပါတီများနှင့်မျှ ဆက်သွယ်ပါဝင်ဆောင်ရွက်ခြင်းမရှိ။ အဖွဲ့ဝင်တိုင်းသည် လွတ်လပ်စွာယုံကြည်ခွင့်၊ ပြုမူဆောင်ရွက်ခွင့်ရှိသည်။

ကင်းထောက်တိုင်းသည် မိမိယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်နိုင်ပြီး မည်သည့်ဘာသာအဖွဲ့အစည်းကိုမျှ ဝေဖန်ပုတ်ခတ် စည်းရုံးလှုံ့ဆော်ပေးမည့် အဖွဲ့မဟုတ်။

ကင်းထောက်သည် ကောင်းမြတ်သော အရည်အချင်းများရှိသည့်အဖွဲ့ ဖြစ်သည်။

ကင်းထောက်သည် အကျင့်စာရိတ္တကောင်းမွန်ပြီး စိတ်စေတနာကောင်းသည်။ ဉာဏ်ရည်ထက်မြက်သွက်လက်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပြီး ကိုယ့်အားကိုယ်ကိုးသည်။ စည်းကမ်းဥပဒေများကို လေးစားလိုက်နာပြီး လူလူချင်း ရိုင်းပင်းကူညီလိုသောစိတ် ရှိသည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမခွဲခြားဘဲ ပေါင်းသင်းဆက်ဆံပြီး ချစ်ခင်သောစိတ်ဖြင့် ပျော်ရွှင်စွာနေတတ်သည်။ ကင်းထောက်သည် သစ္စာရှိသည်။ ယုံကြည်စိတ်ချရသည်။ သူတစ်ပါးအားကိုး၍ရသည်။ ကင်းထောက်သည် ယဉ်ကျေးသိမ်မွေ့ပြီး ကြင်နာစာနာတတ်သည်။ အခက်အခဲတွေ့ကြုံလျှင်လည်း သတ္တိရှိရှိ၊ ဖွဲကောင်းကောင်းဖြင့် အောင်မြင်စွာဖြေရှင်းနိုင်သည်။ ကင်းထောက်သည် အလိုမကြီး၊ ခြိုးခြံချွေတာလုပ်ကိုင်တတ်သည်။ ကင်းထောက်၏ အကောင်းဆုံးအရည်အချင်းမှာ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးကို စောင့်ထိန်းပြီး သန့်ရှင်းစင်ကြယ်အောင် နေထိုင်ကျင့်ကြံသည်။

ထိုသို့သော အရည်အချင်းများနှင့်ပြည့်စုံသူသည် ကင်းထောက်ဖြစ်သည်။ ကင်းထောက်သည် မြန်မာပြည်သာမက တစ်ကမ္ဘာလုံးတွင် ရှိနေသည်။

ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုအဖွဲ့အစည်း (World Organization of Scout Movement, WOSM) ကြီးက တစ်ကမ္ဘာလုံးက ကင်းထောက်များကို ဆက်သွယ်လမ်းညွှန် ဦးဆောင်မှုပေးနေသည်။

အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၀ ရှိသည်။ နိုင်ငံတိုင်းလိုလို နိုင်ငံတော်အကြီးအကဲများက ကင်းထောက်ချုပ်အဖြစ် တာဝန်ယူပြီး ကင်းထောက်လုပ်ငန်း ရှင်သန်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်သည်။ ထိုင်းနိုင်ငံဘုရင်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အင်ဒိုနီးရှားနိုင်ငံသမ္မတများ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ဘရူနိုင်းနိုင်ငံအိမ်ရှေ့မင်းသားတို့သည် ကင်းထောက်ချုပ်ကြီးများဖြစ်ကြသည်။ မလေးရှားနိုင်ငံဘုရင်နှင့် စူလတန်များသည် နာယကကြီးများဖြစ်ကြသည်။

အရှေ့တောင်အာရှတွင် အင်ဒိုနီးရှားနိုင်ငံသည် ကင်းထောက်ဖွဲ့စည်းခြင်းကို နိုင်ငံတော်ဖွဲ့စည်းပုံတွင် ပြဋ္ဌာန်းကာ ကင်းထောက်အဖွဲ့သို့ ကျောင်းသား လူငယ်များ မဝင်မနေရ သတ်မှတ်ထားသောကြောင့် ကင်းထောက်အင်အား ၂၁ သန်းရှိသည်။

ထိုင်းနိုင်ငံတွင် ပညာရေး သင်ရိုးညွှန်းတမ်းများထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး မူလတန်း၊ အလယ်တန်းကျောင်းသားတိုင်း ကင်းထောက် (SCOUT) ကင်းထောက်အမျိုးသမီး (Girl Guide) သို့ မဝင်မနေရ ဝင်ကြပြီး သောကြာနေ့တိုင်း ကင်းထောက်ယူနီဖောင်းဝတ်ပြီး ကျောင်းတက်ကြရသည်။

ကမ္ဘာ့နိုင်ငံအတော်များများ ဘာကြောင့် ကင်းထောက်လုပ်ငန်းကို စိတ်ဝင်စားပြီး အင်တိုက်အားတိုက်လုပ်ကြပါသနည်း။

အဖြေက ရှင်းပါသည်။ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် ကျောင်းသားလူငယ်များ၏လက်ထဲတွင် ရှိပါသည်။ ထိုကျောင်းသားလူငယ်များကို ကင်းထောက်စိတ်ဓာတ်ဖြင့် ရှင်သန်စေမှသာ အနာဂတ်အတွက် စိတ်ချရပေမည်။

မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ်ကတည်းက ကင်းထောက်အဆက်ပြတ်သွားပြီး ကျောင်းသားလူငယ်များ၏ နှလုံးသားထဲတွင် ကောင်းမြတ်သော ကင်းထောက်စိတ်ဓာတ်များ ခေါင်းပါးသွားခဲ့သည်မှာ နှစ်ပေါင်း ၅၀ နီးပါးကြာခဲ့ပြီ။

လူငယ်များကို ကောင်းမြတ်သော စိတ်နှလုံးသားမွေးပေးနိုင်သော အဖွဲ့အစည်းနှင့် ကင်းလွတ်ခဲ့သောကြောင့် လူငယ်ကျောင်းသားဘဝမှာပင် ကြမ်းချင်တိုင်းကြမ်း၊ ရိုင်းချင်တိုင်း ရိုင်းခဲ့ရသည်ကို ယခုအခါ နေရာတိုင်း၊ မြို့တိုင်းတွင် တွေ့နေရပြီ။

လူငယ်ကျောင်းသားများ၏ နှလုံးသားကို ကင်းထောက်စိတ်ဓာတ်ဖြင့် ပြန်လည်ကုစားနိုင်မှသာလျှင် အနာဂတ်မြန်မာနိုင်ငံ လှပနိုင်ပေလိမ့်မည်။

ယခုအခါ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နှင့် အမျိုးသမီးကင်းထောက်အဖွဲ့တို့၏ အကြီးအကဲအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကတိသစ္စာပြုကာ တာဝန်ယူဆောင်ရွက်နေပြီဖြစ်ပါသည်။

ကျောင်းများ၊ တက္ကသိုလ်ကောလိပ်သိပ္ပံများမှ လူငယ်အဖွဲ့အစည်းများတွင် ကင်းထောက်အဖွဲ့ဝင်ဖြစ်ရေးအတွက် စီမံချက်ချကာ လှုပ်ရှားဆောင်ရွက်ရတော့မည့် အချိန်အခါဖြစ်ပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနက ကင်းထောက်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေး၊ ကင်းထောက်စိတ်ဓာတ်နိုးကြားပြန့်ပွားရေးအတွက် အရေးကြီးလုပ်ငန်းအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးသလို သက်ဆိုင်ရာပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများကလည်း မိမိတပည့် ကျောင်းသားများကို ကင်းထောက်စိတ်ဓာတ်ရှင်သန်စေရန်အတွက် ကင်းထောက်ဖွဲ့စည်းရေး ကိစ္စများကို အရေးပေးဆောင်ရွက်သင့်ပါသည်။

မိဘနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့်လည်း ကင်းထောက်များ တစ်နိုင်ငံလုံးတိုးပွားလာစေရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးကြစေချင်ပါသည်။ ကျူရှင်အပျက်မခံလိုသောကြောင့် သားသမီးကို ကင်းထောက်ထဲ မဝင်စေချင်သော မိဘများကိုလည်း မေတ္တာရပ်ခံတင်ပြလိုသည်မှာ ကျူရှင်ပျက်၍ စာမေးပွဲတွင် မျှော်မှန်းသလောက် အဆင့်မရပါက တစ်နှစ်သာခံရမည်။ ကင်းထောက်ထဲ မဝင်ခိုင်း၍ ကင်းထောက်နှလုံးသားကင်းမဲ့ခဲ့လျှင် တစ်ဘဝလုံးစာခံသွားရနိုင်သည်ကို သတိချပ်စေချင်ပါသည်။

လူငယ်ကျောင်းသားများ၏ စိတ်ဆိုး စိတ်မိုက် အကျင့်စရိုက်ပျက်များကို ကင်းထောက်စိတ်ဓာတ်ဖြင့် ပြုပြင်နိုင်သလို သူတို့၏နူးနယ်သော နှလုံးသားဖြူဖြူလေးများကိုလည်း ကင်းထောက်စိတ်ဓာတ်ဖြင့် အရောင်ထွက်အောင် မြှင့်တင်ပေးနိုင်ပါသည်။

ထို့ကြောင့် တက္ကသိုလ်တိုင်း၊ ကျောင်းတိုင်းလိုလို ကင်းထောက်ဝတ်စုံအပြည့်ဖြင့် ကင်းထောက်ကတိ သုံးပါးအလေးထားပြီး ကင်းထောက်ကျင့်ဝတ် (၁၀)ပါးကို စောင့်ထိန်းသော ကင်းထောက်လူငယ်ကျောင်းသားငယ်များကို မြင်တွေ့လိုပါ၏။

အစိုးရ၊ ဆရာ၊ မိဘ၊ ကျောင်းသား၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအားလုံး နိုင်ငံအတွက် ကင်းထောက်လုပ်ငန်းရှင်သန်စေရေး ဝိုင်းဝန်းတွန်းအားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ။


နိုင်ငံတကာသင်တန်းများသို့ တက်ရောက်ကြမည့် ကင်းထောက်အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

# (၁၀)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

(၁၀)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံပလာဇာ(၅)လွှာရှိ CBC (Ballroom)၌ ကျင်းပသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မဲခေါင်စာပေဆုသည် မဲခေါင်ဒေသအတွင်းရှိ စာပေပညာရှင်အချင်းချင်းနှင့် ပြည်သူအချင်းချင်း ပိုမိုချစ်ခင်ရင်းနှီးမှုရှိစေခြင်းကြောင့် ယင်းအစဉ်အလာကောင်းကို ထာဝရရှင်သန်နေစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မဲခေါင်ဒေသ (၅)နိုင်ငံမှ စာရေးဆရာအသင်းဥက္ကဋ္ဌများဖြစ်ကြသည့် ဗီယက်နမ်စာရေးဆရာအသင်းဥက္ကဋ္ဌ Mr. Huu Thinh၊ လာအိုစာရေးဆရာအသင်းဥက္ကဋ္ဌ Mr.Thongbay Phothisane၊ ကမ္ဘောဒီးယား(Khmer) စာရေးဆရာအသင်းဥက္ကဋ္ဌ Mr.Proeung Pranit၊ ထိုင်းစာရေးဆရာအသင်းဥက္ကဋ္ဌ Mrs. Kanokwalee Kanthairaj နှင့် တရုတ်(ယူနန်ပြည်နယ်) စာရေးဆရာအသင်းဥက္ကဋ္ဌ Mr.Fan Wen တို့က နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆုရရှိကြသော ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ တရုတ်(ယူနန်ပြည်နယ်)တို့မှ စာရေးဆရာ၊ ဆရာမများနှင့် မြန်မာနိုင်ငံမှ စာရေးဆရာဖိုးကျော့ (မြေဆီမည်းမည်းသွေးရဲရဲဝတ္ထုရှည်)နှင့် စာရေးဆရာကိုရိုးကွန့် (ဖြောင့်ဖြောင့်စင်းစင်းဝတ္ထုတိုများ) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးလှအေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) က ''မဲခေါင်စာပေအဖွဲ့ဝင်အနေနဲ့ မြန်မာနိုင်ငံအပါအဝင် ခြောက်နိုင်ငံရှိပါတယ်။ အဲဒီအဖွဲ့ဝင်နိုင်ငံတွေရဲ့ သဘောတူညီချက်အရ အခုလိုဆုပေးပွဲကို နှစ်စဉ်ကျင်းပတယ်။ ဆုကိုလည်း နိုင်ငံအလိုက် စာအုပ်နှစ်အုပ်စီရွေးချယ်ကြတယ်။ မြန်မာနိုင်ငံအနေနဲ့ အိမ်ရှင်အဖြစ် ၂၀၁၈ ခုနှစ်မှာ ကျင်းပခွင့်ရတယ်။ ဒါပေမယ့် ဗီယက်နမ်နိုင်ငံ စာရေးဆရာအသင်းရဲ့ မေတ္တာရပ်ခံမှုအရ ၂၀၁၈ မှာ သူတို့ကို အလှည့်ပေးလိုက်ပြီး ဒီနှစ်မှာ မြန်မာနိုင်ငံအနေနဲ့ အိမ်ရှင်အဖြစ် ကျင်းပရတာဖြစ်ပါတယ်။ ရှေ့နှစ်မှာတော့ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမှာဖြစ်ပါတယ်။ အလှည့်ကျ ဆောင်ရွက်တာဖြစ်တဲ့အတွက် ကမ္ဘောဒီးယားနိုင်ငံကတော့ ဒုတိယအကြိမ် ကျင်းပမှာဖြစ်ပါတယ်။ ဒီပွဲတွေဟာ စာပေပေါင်းကူးတံတားနဲ့ မဲခေါင်ဒေသနိုင်ငံတွေအချင်းချင်း ဆက်သွယ်ပေးတဲ့ တံတားသဖွယ်ဖြစ်ပါတယ်''ဟု ပြောသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကူညီပံ့ပိုးပေးမှုတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနား၏ ဆောင်ပုဒ်မှာ ''စာပေက မွေးဖွားပေးသော ရင်းနှီးချစ်ကြည်သွေးစည်းမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်ပွားများစေရန် (To preserve and promote the Unity and fraternity, born of Literature)'' ဖြစ်ကြောင်း သိရသည်။

အဖွဲ့ဝင်နိုင်ငံများရှိစာရေးဆရာများ၏ စာပေလက်ရာများကို ထိုက်တန်စွာဖော်ထုတ်ချီးမြှင့်နိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ စာပေပရိသတ်များအား မဲခေါင်ဒေသရှိ မိတ်ဆွေနိုင်ငံများ၏ စာပေနှင့်ဘဝကို ပိုမိုသိရှိနားလည်စေရန်၊ ဒေသတွင်းနိုင်ငံများ၏ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာအောင် တက်ကြွစွာဆောင်ရွက်ရန်နှင့် ဒေသတွင်း နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်စေရန်ရည်ရွယ်၍ အဆိုပါဆုပေးပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်း- ဇော်ကြီး

ဓာတ်ပုံ- ဖေဇော်

## “ ပြည်သူအပေါင်းတို့ သောင်းသောင်းညံ”

ကြီးကျယ်ခမ်းနား<br>
အောင်ပွဲများ၏<br>
“ကမ္ဘာ့သိချန်ပီယံ<br>
အောင်လအန်ဆန်ကို”<br>
မြန်မာတစ်ပြည်လုံး<br>
အုန်းအုန်းခြိမ့်ခြိမ့်ညံ<br>
အားပေးသံတွေ<br>
မိုးယံထိုးဖောက်<br>
ဘဝင်ရောက်ထင့်.....<br>
ကြောက်ခမန်းလိလိ<br>
သတ္တိနှင့်ဖွဲ<br>
“ရဲရဲနီစွေး<br>
မြန်မာ့သွေးပြ<br>
အောင်လအန်ဆန်”<br>
ချန်ပီယံကာကွယ်ပွဲ<br>
ကျားကုတ်ကျားခဲရယူ<br>
သရဖူဆောင်းလို့<br>
ပြည်သူအပေါင်းတို့သောင်းသောင်းညံ။

ဟသ်ာတမြင့်ငွေ




## မဲခေါင်ဒေသ ခြောက်နိုင်ငံမှ စာရေးဆရာအသင်းများ၏ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ဆုရစာရေးဆရာများ ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားစေတီတော်များ သွားရောက်ဖူးမြော်

**ရန်ကုန် အောက်တိုဘာ ၁၃**

(၁၀)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြသည့် မဲခေါင်ခြောက်နိုင်ငံ (ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ယူနန်(တရုတ်)နှင့် အိမ်ရှင်မြန်မာနိုင်ငံ) မှ စာရေးဆရာအသင်းများ၏ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်ဆုရစာရေးဆရာများသည် ယနေ့တွင် ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားစေတီတော်များနှင့် ကမ္ဘောဇသာဒီနန်းတော်တို့သို့ သွားရောက်ဖူးမြော်လေ့လာကြသည်။

**ဖူးမြော်ကြည်ညို**

ဧည့်သည်တော်များသည် ခေတ္တတည်းခိုသည့် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှ နံနက် ၈ နာရီတွင် ထွက်ခွာကြရာ ပဲခူးမြို့သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြပြီး ဘုရားများဖူးမြော်ကြည်ညိုကြကာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

❖ **ကျောဖုံးမှ**

အားသာချက်များကို အကောင်းဆုံးဟန့်တားနိုင်ခဲ့ပြီး လက်သီးချက်များဖြင့် ပြိုဆင်းကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်ဦးစလုံး ပထမဆုံးတွေ့ဆုံခြင်းဖြစ်သောကြောင့် ပထမအချီတွင် နှစ်ဦးစလုံး အကဲစမ်းခဲ့ပြီး ခြေကန်ချက်များဖြင့် အဓိကထိုးသတ်ခဲ့သည်။ ONE Championship နှင့် ထိုးသတ်ခဲ့သည့် ပထမအချီမှာပင် အနိုင်ယူခဲ့သည့် ဗီရာသည် ယခုပွဲတွင် ၎င်း၏ အစဉ်အလာပျက်ခဲ့ရပြီး အောင်လအန်ဆန်ကို အထိနာအောင်ပင် ထိုးသတ်နိုင်ခြင်းမရှိခဲ့ပေ။ ကိုယ်အလေးချိန်လျှော့ထားရသည့် ဘရန်ဒန်ဗီရာသည် ကြံ့ခိုင်မှုနှင့် သက်လုံပိုင်းတွင် အားနည်းနေသည့်ပုံစံဖြစ်နေပြီး ဒုတိယအချီ အောင်လအန်ဆန်၏ လက်သီးချက်များ ဆက်တိုက်ထိရာတွင် ပြိုဆင်းသွားခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ယခုပွဲတွင် ဗျူဟာပြောင်းထားပြီး ခြေကန်ချက်၊ လက်သီးချက်၊ တံတောင်ရိုက်ချက်များဖြင့်သာ တိုက်စစ်ဆင်ခဲ့သည်။ ပထမအချီ လေးမိနစ်ကျော်အထိ နှစ်ဦးစလုံး အကဲစမ်းမှုများဖြင့် ပြီးဆုံးခဲ့ပြီး ပထမအချီပြီးခါနီးတွင် အောင်လအန်ဆန်၏ လက်သီးချက်ကြောင့် ဗီရာ အထိနာခဲ့သည်။

**အောင်လအန်ဆန်ကို အနိုင်ပေးခဲ့**

ဒုတိယအချီတွင် နှစ်ဦးစလုံး ဖွင့်ထိုးလာပြီး လက်သီးချင်းအားပြိုင်ခဲ့သည်။ အောင်လအန်ဆန်၏ လက်သီးချက်များက ထိချက်မှန်ပြီး ဗီရာ၏ ထိုးသတ်မှုများမှာ အနည်းငယ်သာ ထိခဲ့သော်လည်း အောင်လအန်ဆန် မျက်ခုံးကွဲသည်အထိဖြစ်ခဲ့ရသည်။ သို့သော် အောင်လအန်ဆန်ကို ရှုံးပွဲကြုံတွေ့စေသည့် ဒဏ်ရာမဖြစ်ခဲ့ဘဲ လက်သီးချက်များဖြင့် တံတောင်ရိုက်ချက်များပါ ရိုက်လိုက်ရာ သုံးမိနစ်ကျော်တွင် ပတ်တံတောင်ရိုက်ချက်ကြောင့် ဗီရာ ပြိုဆင်းသွားခဲ့သည်။ ဗီရာသည် ယင်းတံတောင်ရိုက်ချက်ကြောင့် ကြမ်းပြင်ပေါ်တွင် လဲကျခဲ့ရာ အောင်လအန်ဆန်က တရစပ်ဖိထိုးခဲ့သည်။ ၃ မိနစ် ၂၃ စက္ကန့်တွင် ဒိုင်လူကြီးက ပွဲရပ်ပြီး အောင်လအန်ဆန်ကို အနိုင်ပေးခဲ့သည်။

**ခုနစ်ပွဲဆက်တိုက် အနိုင်ရ**

အောင်လအန်ဆန်သည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ONE ဝိတ်တန်းနှစ်ခုချန်ပီယံအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်လျက်ရှိသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်၊ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရရှိခဲ့ပြီး ချန်ပီယံကာကွယ်ပွဲအဖြစ် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ကာကွယ်ပွဲ သုံးပွဲ၊ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ တစ်ပွဲ ထိုးသတ်ထားရာ ပွဲတိုင်းအနိုင်ရထားသည်။ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရှုံးပွဲကြုံတွေ့ပြီးနောက်ပိုင်း နောက်ဆုံး ခုနစ်ပွဲဆက်တိုက် အနိုင်ရထားသည်။

နံနက်ပိုင်းက ကျင်းပသည့် မြန်မာကစားသမား ဖိုးသော်နှင့် ယွန်ချန်မင် (တောင်ကိုရီးယား) တို့ပွဲတွင် ယွန်ချန်မင်က ပထမအချီ ၃ မိနစ် ၁၇ စက္ကန့်တွင် အနိုင်ရခဲ့သည်။ ပထမအချီစကတည်းက နှစ်ဦးစလုံး ချုပ်ကွက်ဖြင့် အနိုင်ယူရန် ကြိုးပမ်းခဲ့ပြီး ဖိုးသော်အနေဖြင့် အနိုင်ရနိုင်သည့်အခွင့်အရေး စတင်ရရှိသော်လည်း အသုံးမချနိုင်၍ ယွန်ချန်မင်၏ အနိုင်ယူခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ONE Championship သည် နံနက်ပိုင်းကျင်းပသည့် Part-1 တွင် တွဲဆိုင်း ၁၁ ပွဲ၊ ညနေပိုင်းကျင်းပသည့် Part-2 တွင် တွဲဆိုင်း ၁၁ ပွဲ ကျင်းပခဲ့ပြီး ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲ ငါးပွဲ ပါဝင်ခဲ့သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – ONE Championship**



❍ **မြန်မာ ယူ-၁၉ မှ**

မြန်မာအသင်း ယုံကြည်မှုရှိလာသလို ဗီယက်နမ်အသင်းကလည်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာရာ နောက်ပိုင်းမိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ ၂၈ မိနစ်တွင် ငုယင်သီတူယက်က ဗီယက်နမ်အတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ၃၃ မိနစ်တွင် နန့်ဇူးဇူးထက်က မြန်မာအသင်းအတွက် ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သလို မြန်မာအသင်းကလည်း ကစားသမားများအပြောင်းအလဲပြုလုပ်ကာ ကစားအားမြှင့်ခဲ့သည်။ ၈၇ မိနစ်တွင် ဗီယက်နမ်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ငုယင်သူထရီဟောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှပြိုင်ပွဲအကြို ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် အာရှ ယူ-၁၉ ပြိုင်ပွဲတွင် အုပ်စုတစ်ခုစီ၌ ပါဝင်နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- MFF**

# ဂျပန်၌ တိုင်ဖွန်းမုန်တိုင်းဟာဂီဘစ် တိုက်ခတ်မှုကြောင့် ၃၅ ဦးသေ၊ ၁၇ ဦးပျောက်ဆုံး

**တိုကျို အောက်တိုဘာ ၁၃**
တိုကျိုမြို့တော်အပါအဝင် ဂျပန်နိုင်ငံတစ်ဝန်း တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ်တိုက်ခတ်ပြီးနောက် နိုင်ငံအတွင်း ဒေသအများစုရှိ လူနေဧရိယာများတွင် မြစ်ရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ၃၅ ဦး သေဆုံးကာ ၁၇၇ ဦးထက် မနည်း ဒဏ်ရာရရှိခဲ့သည်။

သဘာဝဘေးအန္တရာယ်များကြောင့် ဂျပန်နိုင်ငံတစ်ဝန်း ၁၇ ဦး ပျောက်ဆုံးနေကြောင်း ကယ်ဆယ်ရေးသမားများနှင့် အာဏာပိုင်များ၏ သတင်းပေးပို့ချက်များကို အခြေခံသည့် ကျိုဒိုသတင်းဌာန၏ စာရင်းအရ သိရသည်။ အင်န်အိတ်ချ်ကေသတင်းဌာန၏ စာရင်းအရ ပျောက်ဆုံးသူ အရေအတွက်မှာ ၁၈ ဦးရှိသည်။

အော့ပီမြစ်ရေလျှံပြီး ကာဝါဂိုမြို့တော် ရှီမို-အိုဆာကာခရိုင်၌ ရေကြီးရေလျှံမှုဖြစ်ခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

တိုကျိုမြို့တော်မြောက်ဘက် ဆိုင်တားမား စီရင်စုရှိ သက်ကြီးစောင့်ရှောက်ရေးဂေဟာတစ်ခု၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၂၆၀ ခန့် သောင်တင်နေကြောင်း အာဏာပိုင်များက ပြောသည်။ Kawagoe Kings Garden သက်ကြီးစောင့်ရှောက်ရေးဂေဟာအတွင်း သောင်တင်နေသည့် သက်ကြီးရွယ်အိုများ၊ ဝန်ထမ်းများကို ကယ်ဆယ်ရန် အသက်ကယ်လှေများ အသုံးပြုနေကြောင်း ၎င်းတို့က ဆိုသည်။

တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ် တိုက်ခတ်မှုကြောင့် စီရင်စုရှစ်ခုရှိ အိမ်ထောင်စု ၂၄၀၀၀ ခန့် ရေပေးဝေမှု မရရှိပေ။ သေဆုံးသူ၊ ဒဏ်ရာရရှိသူနှင့် ပျောက်ဆုံးသူ အရေအတွက် ဆက်လက်မြင့်တက်ဖွယ်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**





# အီရန် - ဆော်ဒီအာရေဗျအကြား တင်းမာမှုဖျန်ဖြေပေးရန် ပါကစ္စတန်ဝန်ကြီးချုပ် အီရန်သို့ ထွက်ခွာ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၃**
ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတိုးမြှင့်ရန် တစ်ရက်ကြာခရီးစဉ်အဖြစ် အီရန်နိုင်ငံသို့ ယနေ့ထွက်ခွာသွားကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်ဝန်ကြီးချုပ်သည် အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာအလီခါမေနီနှင့် အီရန်သမ္မတဟတ်ဆန် ရိုဟာနီတို့အပါအဝင် အီရန်ခေါင်းဆောင်များကိုလည်း တွေ့ဆုံရန် စီစဉ်ထားသည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့အပြင် ပင်လယ်ကွေ့ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသတွင်း အရေးကြီးသော နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း အီရန်ခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးသွားရန် စီစဉ်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ထပ်မံဖော်ပြထားသည်။

ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်းသည် စက်တင်ဘာလက နယူးယောက်မြို့တွင် ကျင်းပသော (၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံအတောအတွင်း အီရန်သမ္မတ ရိုဟာနီနှင့် သီးသန့်တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ ယခုပါကစ္စတန်ဝန်ကြီးချုပ်၏ အီရန်ခရီးစဉ်သည် ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။

အီမရန်ခန်းသည် အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား တင်းမာမှုများကို ကြားဝင်ဖျန်ဖြေပေးရန် ရည်ရွယ်လျက် အီရန်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး အီရန်ခရီးစဉ်အပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကနဦးပြောချက်အရ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၄ ရက်က ဆော်ဒီရေနံချက်စက်ရုံနှစ်ခု တိုက်ခိုက်ခံခဲ့ပြီးနောက် အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံအကြား တင်းမာမှုအရှိန်မြင့်တက်လာခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ဆော်ဒီရေနံထုတ်လုပ်မှုကိုလည်း ထက်ဝက်ခန့် လျော့နည်းခဲ့ကြောင်း သိရသည်။

ဆော်ဒီရေနံချက်စက်ရုံနှစ်ခုအပေါ် တိုက်ခိုက်မှုနှင့်ပတ်သက်၍ အီရန်၏မဟာမိတ်ဖြစ်သော ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွအုပ်စုက ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ဆိုသော်လည်း အမေရိကန်ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံကမူ ယင်းတိုက်ခိုက်မှုနောက်ကွယ်၌ အီရန်ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲခဲ့ကြသည်။ သို့သော် အီရန်နိုင်ငံက ယင်းစွပ်စွဲမှုကို ထပ်တလဲလဲပယ်ချခဲ့သည်။ ပါကစ္စတန်ဝန်ကြီးချုပ်သည် အီရန်နှင့် ဆော်ဒီအကြား တင်းမာမှုကို ဖြေလျှော့ပေးရန် စိတ်အားထက်သန်လျက်ရှိကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဇျောတီ**

# တူရကီသို့ စစ်လက်နက်တင်ပို့မှု ဆိုင်းငံ့ကြောင်း ပြင်သစ်ကြေညာ

**ပဲရစ် အောက်တိုဘာ ၁၃**
ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် တူရကီနိုင်ငံက ထိုးစစ်ဆင်တိုက်ခိုက်မှုများ စတင်ခဲ့ပြီးနောက် တူရကီနိုင်ငံသို့ လက်နက်တင်ပို့မှုကို ဆိုင်းငံ့ကြောင်း ပြင်သစ်နိုင်ငံက စနေနေ့တွင် ကြေညာသည်။

ပြင်သစ်နိုင်ငံသည် တူရကီနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ တင်ပို့မှုကို ရပ်ဆိုင်းလိုက်ကြောင်း၊ ယင်းလက်နက်ပစ္စည်းများကို တူရကီထိုးစစ်တွင် အသုံးပြုနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ ယင်းဆုံးဖြတ်ချက်သည် ချက်ချင်းအကျိုးသက်ရောက်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်လိုက်သည်။

ယင်းဝန်ကြီးဌာနနှစ်ခုက တူရကီ၏ စစ်ဆင်ရေးကို ကန့်ကွက်ကြောင်း၊ ၎င်းထိုးစစ်သည် လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေကြောင်း အလေးအနက်ပြောကြားခဲ့ကြသည်။ ယင်းထိုးစစ်သည် အစွန်းရောက်အိုင်အက်စ်စစ်သွေးကြွများ နှိမ်နင်းသည့် ကမ္ဘာ့ညွန့်ပေါင်းအဖွဲ့၏ လုံခြုံရေးနှင့် တည်ငြိမ်ရေး ကြိုးစားအားထုတ်မှုများကို ကဖျက်ယဖျက်လုပ်ရာရောက်ကြောင်း၊ သို့ဖြစ်၍ ဥရောပနိုင်ငံသားများ၏ လုံခြုံရေးကို ထိခိုက်စေကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

တနင်္လာနေ့တွင် လူဇင်ဘတ်နိုင်ငံ၌ ကျင်းပမည့် ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးရာကောင်စီ အစည်းအဝေးတွင် ဥရောပသမဂ္ဂအနေဖြင့် ယင်းကိစ္စကို မည်သို့ဆောင်ရွက်မည်ဆိုသည်နှင့်စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံက ၎င်း၏ တပ်ဖွဲ့များကို ရုပ်သိမ်းပြီးနောက် ဗုဒ္ဓဟူးနေ့အစောပိုင်းမှစ၍ တူရကီနိုင်ငံသည် ဆီးရီးယားအရှေ့မြောက်ပိုင်းဒေသများရှိ ကာ့ဒ်တပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ဘာလီကျွန်း၌ တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန် လျှို့ဝှက်စီစဉ်နေသည့် စစ်သွေးကြွနှစ်ဦးကို ဖမ်းမိ

**လူကာတား အောက်တိုဘာ ၁၃**
အင်ဒိုနီးရှားနိုင်ငံ အကြမ်းဖက်နှိမ်နင်းရေးရဲတပ်ဖွဲ့က ဘာလီကျွန်း၌ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု ပြုလုပ်ရန် လျှို့ဝှက်စီစဉ်နေသည့် စစ်သွေးကြွနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

ဘာလီကျွန်း၏ ဂျမ်ဘရားနားနယ်မြေတွင် အက်ချ်မက်တူဖီကူရာဟမ်နှင့် ၎င်း၏သားဖြစ်သူ ဇာအီအလီဘရာဟမ်ကိုအား အောက်တိုဘာ ၁၀ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ဘာလီပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟန်ကီဂျာရာက ပြောကြားသည်။ ၎င်းတို့မှာ အဘူဘာကာအယ်လ်ဘက်ဒါဒီ ခေါင်းဆောင်သည့် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အား သစ္စာခံသူများဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

ယင်းအကြမ်းဖက်သမားနှစ်ဦးသည် အင်ဒိုနီးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းအချက်အချာကျသော ဘာလီအပန်းဖြေကျွန်းတွင် တိုက်ခိုက်မှုတစ်ခု စတင်လုပ်ဆောင်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

၎င်းတို့နှစ်ဦးသည် အောက်တိုဘာ ၁၀ ရက်က အင်ဒိုနီးရှား လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဝီရန်တိုအား ဓားဖြင့် တိုက်ခိုက်ခဲ့သူနှင့်လည်း ချိတ်ဆက်မှုရှိသည်ဟု ဒေသတွင်းသတင်းများက ဖော်ပြသည်။

အင်ဒိုနီးရှားလုံခြုံရေးဝန်ကြီး ဝီရန်တိုသည် ဘန်တန်မြို့၌ မော်တော်ယာဉ်ပေါ်မှ အဆင်းတွင် ဓားဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ယခုဖမ်းဆီးရမိခဲ့သော အကြမ်းဖက်သမားများသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းက မြို့တော်ဂျကာတာတွင် လူရှစ်ဦးသေဆုံးခဲ့သည့် ရဲစခန်းနှင့် ကော်ဖီဆိုင်တို့တွင် အသေခံတိုက်ခိုက်မှုအချို့နှင့် ၂၀၁၈ ခုနှစ် မေလအတွင်းက အရှေ့ဂျာဗား ရီယုပြည်နယ်တို့တွင်ဖြစ်ပွားခဲ့သော ဒေသခံများအား တိုက်ခိုက်မှုများအပါအဝင် အခြားသော အကြမ်းဖက်တိုက်ခိုက်မှုများကို ကျူးလွန်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# ဘာကီနာဖာဆိုနိုင်ငံ၌ ဗလီဝတ်ပြုကျောင်း တိုက်ခိုက်မှုတွင် ၁၅ ဦးသေ၊ ငါးဦးဒဏ်ရာရ

**အူဒါဒူဂူ အောက်တိုဘာ ၁၃**
ဘာကီနာဖာဆိုနိုင်ငံမြောက်ပိုင်းတွင် ယမန်နေ့က သေနတ်သမားများက ဗလီဝတ်ပြုကျောင်းတစ်ခုကို တိုက်ခိုက်ရာ ၁၅ ဦးထက် မနည်းသေဆုံးခဲ့ရကြောင်း ဒေသန္တရသတင်းရပ်ကွက်တစ်ခုက ပြောကြား သည်။

အူဒါဒူဂူမြို့တော်၏ အရှေ့မြောက်ဘက် ၂၆၉ ကီလိုမီတာခန့်အကွာ ကူဒါလန်ပြည်နယ် ဂိုရွမ်-ဂိုရွမ်ဧရိယာရှိ ဆော်မေ့စီဗလီဝတ်ပြုကျောင်းကို သေနတ်သမားများက တိုက်ခိုက်ခဲ့ရာ ဝတ်ပြုဆုတောင်းသူ ၁၅ ဦး သေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု စစ်ဘက်အရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဒေသန္တရသတင်းရပ်ကွက်အများအပြားက အတည်ပြုခဲ့သော်လည်း ဘာကီနာ ဖာဆိုအာဏာပိုင်များကမူ မည်သို့မျှ ပြောကြားခြင်းမရှိသေးပေ။ ၂၀၁၅ ခုနှစ် နောက်ပိုင်း ဘာကီနာဖာဆို နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံတွေ့နေရပြီး လူပေါင်း ၅၀၀ ကျော် သေဆုံးကာ ကလေးငယ် ၉၀၀၀ ကျော်အပါအဝင် လူပေါင်း ၂၈၀၀၀၀ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

မကြာသေးမီရက်များကလည်း ဘာကီနာဖာဆိုနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ပြည်သူအချို့မှာ တိုင်းပြည်အတွင်းရှိ အခြားအန္တရာယ်ကင်းရာနေရာများသို့ ထွက်ခွာသွားကြသည်။ အကြမ်းဖက်ဝါဒထိန်းချုပ်ရန် ဒေသအများစု၌ အရေးပေါ်အခြေအနေ သို့မဟုတ် ညမထွက်ရအမိန့် ကြေညာခဲ့ပြီး ဘာကီနာဖာဆိုတပ်မတော်က တန်ပြန်အကြမ်းဖက်မှုစစ်ဆင်ရေးများ အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# တရုတ်နှင့် နီပေါဥပဒေပြုအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်သမ္မတ ကတိပြု

**ခတ္တမန္ဒူ အောက်တိုဘာ ၁၃**
တရုတ်နိုင်ငံသည် နီပေါဥပဒေပြုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်သွယ်မှုမြှင့်တင်ရန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရေး ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က စနေနေ့က ပြောကြားသည်။

သမ္မတ ရှီကျင့်ဖျင်သည် နီပေါအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဂါနတ်ရှ်ပရာဆတ် တီမီလ်ဆီနာနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ နီပေါနိုင်ငံသို့ ရောက်ပြီး မကြာမီပင် နီပေါနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပါတီခေါင်းဆောင်များနှင့် နီပေါပြည်သူများ၏ တရုတ်နိုင်ငံအပေါ် နွေးထွေးပျူငှာမှုကို အလွန့်အလွန် အထင်ကြီးလေးစားမိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

နီပေါအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တီမီလ်ဆီနာက တရုတ်သမ္မတကို လက်ခံကြိုဆိုရသည့်အတွက် နီပေါပြည်သူများအားလုံးက ဝမ်းသာဂုဏ်ယူကြကြောင်း ပြောကြားသည်။ သမ္မတ ရှီကျင့်ဖျင်၏ ဥာဏ်အမြော်အမြင် ပြည့်ဝသည့် ခေါင်းဆောင်မှုအောက်တွင် တရုတ်နိုင်ငံသည် သိသာထင်ရှားသည့် အောင်မြင်မှုများကို ရရှိခဲ့ကြောင်း၊ တရုတ်လူမျိုးတို့၏ အမျိုးသားပြန်လည်ဆန်းသစ်ခြင်း အိပ်မက်သည် အမှန်တကယ် အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း တီမီလ်ဆီနာက ပြောသည်။

နီပေါနိုင်ငံသည် တရုတ်နိုင်ငံ၏ ကိုယ်ကျိုးမဖက်သည့် ကာလရှည်ကြာ ကူညီထောက်ပံ့မှုအတွက် ကျေးဇူးတင်ကြောင်း၊ တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ထိန်းသိမ်းရာတွင် ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း၊ နီပေါနိုင်ငံတွင် တရုတ်နိုင်ငံကိုဆန့်ကျင်သည့် လှုပ်ရှားမှုများ ဆောင်ရွက်ရန် မည်သည့်အင်အားစုကိုမျှ ခွင့်ပြုမည်မဟုတ်ကြောင်း နီပေါအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တီမီလ်ဆီနာက ပြောသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ပူးတွဲအကောင်အထည်ဖော်ရာတွင် ပါဝင်ခွင့်ရသည့်အတွက် နီပေါနိုင်ငံသည် ကံကောင်းကြောင်း၊ ယင်းစီမံကိန်းကြီးသည် ပို၍ကြီးမားသည့် အောင်မြင်မှုကြီးကို ရယူနိုင်လိမ့်မည်ဟု နီပေါနိုင်ငံက ယုံကြည်ကြောင်း ၎င်းကပြောသည်။

နီပေါအမျိုးသားလွှတ်တော်သည် တရုတ်ဥပဒေပြုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်မှုခိုင်မာစေရေး ဆောင်ရွက်ရန်နှင့် နီပေါ-တရုတ် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး ကြိုးစားအားထုတ်ရန် အသင့်ရှိကြောင်း နီပေါအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**



# အမေရိကန်၏ စစ်အင်အား တိုးမြှင့်တည်ဆောက်ခြင်းမှ ခြိမ်းခြောက်မှုများအပေါ် ပူတင် သတိပေး

**မော်စကို အောက်တိုဘာ ၁၃**
အမေရိကန်ပြည်ထောင်စု၏ စစ်အင်အားတိုးမြှင့်တည်ဆောက်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး ခြိမ်းခြောက်လာမှုများနှင့်ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်က လွတ်လပ်သည့်နိုင်ငံများ ဓနသဟာယအဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များကို အောက်တိုဘာ ၁၁ ရက်တွင် သတိပေးလိုက်သည်။



တာလတ်ပစ် နျူကလီးယားဒုံးကျည်စာချုပ်မှ အမေရိကန်နုတ်ထွက်မှုနှင့် ယင်းစာချုပ်အရ ယခင်က တားမြစ်ပိတ်ပင်ထားသည့် ဒုံးကျည်များကို ဖြန့်ကြက်ရန် အမေရိကန်၏ ရည်ရွယ်ချက်ကို သမ္မတ ပူတင်က တာ့ခ်မင်နစ္စတန်နိုင်ငံ အာ့ရှ်ဂါဘတ်မြို့၌ ကျင်းပသော လွတ်လပ်သည့်နိုင်ငံများ ဓနသဟာယအဖွဲ့အစည်းအဝေး၌ ပြန်ပြောင်းသတိရ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ပင်တဂွန် တာဝန်ရှိသူများသည် အဆိုပါဒုံးကျည်များကို အာရှ၌ ဖြန့်ကြက်ရန် ၎င်းတို့၏ ရည်ရွယ်ချက်ကို လူသိရှင်ကြား ကြေညာခဲ့ပြီးဖြစ်သလို ယင်းဒုံးကျည်ဖြန့်ကြက်ရေးနှင့်ပတ်သက်၍ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့်အတူ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း ပူတင်က ပြောကြားသည်။

ဒုံးကျည်များကို ဒေသတွင်း ဖြန့်ကြက်ရန် အမေရိကန်၏ အစီအစဉ်နှင့်ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များကို မေတ္တာရပ်ခံချက်စာတစ်စောင်ရေးသားပေးပို့ခဲ့ပြီး ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ မဟာမိတ်နိုင်ငံများမှ တုံ့ပြန်ချက် တစ်စုံတစ်ခုမျှမရှိကြောင်း ပူတင်က ထပ်မံပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ယင်းမေတ္တာရပ်ခံချက်ကို တမင်တကာ မတုံ့ပြန်ချင်သောကြောင့်ဖြစ်ပြီး အမေရိကန်၏မဟာမိတ်များသည် အမေရိကန်နှင့် ၎င်းတို့အကြား စည်းလုံးညီညွတ်မှု အလွန်ခိုင်လုံပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်းတို့ကိုယ်ပိုင်သဘောထားကို ဖွင့်ဟပြောဆိုပိုင်ခွင့် မရှိသောကြောင့် ဖြစ်မည်ဟုယူဆရကြောင်း ပူတင်ကပြောသည်။

သို့သော် ကမ္ဘာ့ဂြိုဟ်ပတ်လမ်းအပေါ် တိုက်ပွဲဝင်လက်နက်စနစ်များ ဖြန့်ကြက်ခြင်းသည် ဥရောပ၌ တာလတ်ပစ်ဒုံးကျည် ဖြန့်ကြက်ခြင်းထက် ပို၍အန္တရာယ်ရှိကြောင်း ပူတင်က ပြောကြားသည်။

၁၉၉၁ ခုနှစ် ယခင်ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲချိန်က ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအနေဖြင့် ဖွဲ့စည်းထူထောင်ထားသည့် လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့တွင် အာမေနီးယား၊ အာဇာဘိုင်ဂျန်၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ မော်လ်ဒိုဗာ၊ ရုရှား၊ တာဂျီကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ ပါဝင်ပြီး ယူကရိန်းနှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့သည် တွဲဖက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## အာကာသအတွင်း ပထမဦးဆုံးလမ်းလျှောက်ခဲ့သည့် အာကာသယာဉ်မှူးဟောင်းကြီး အလက်ဇီလီယိုနော့ဗ် ကွယ်လွန်

**မော်စကို အောက်တိုဘာ ၁၃**
လွန်ခဲ့သည့် နှစ်ပေါင်း ၅၄ နှစ်ခန့်က အာကာသအတွင်း ပထမဦးဆုံး လမ်းလျှောက်ခဲ့သည့် ဆိုဗီယက်ခေတ်မှ အာကာသယာဉ်မှူးဟောင်းကြီး အလက်ဇီလီယိုနော့ဗ် အသက် (၈၅)နှစ်သည် အောက်တိုဘာ ၁၁ ရက်တွင် ကွယ်လွန်သွားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အာကာသယာဉ်မှူးဟောင်းကြီး လီယိုနော့ဗ်သည် ကာလရှည်ကြာစွာ နာမကျန်းဖြစ်ခဲ့ပြီးနောက် အောက်တိုဘာ ၁၁ ရက်တွင် ရုရှားနိုင်ငံမြို့တော် မော်စကိုရှိဆေးရုံတစ်ရုံ၌ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

၎င်းအား ၁၉၃၄ ခုနှစ်တွင် ဆိုဗီယက်ယူနီယံဟောင်း၌ဖွားမြင်ပြီး အသက် ၂၀ ကျော်တွင် ဆိုဗီယက်လေတပ်တွင် လေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ဆိုဗီယက်ယူနီယံ ပထမဆုံး အာကာသယာဉ်မှူးအုပ်စုအတွက် ရွေးချယ်ခြင်းခံခဲ့ရသည်။

၁၉၆၅ ခုနှစ်တွင် လီယိုနော့ဗ်အား ဗော့စ်ဟုဒ်-၂ အမည်ရှိ အာကာသယာဉ်ဖြင့် အာကာသအတွင်းသို့ စေလွှတ်ခြင်းခံခဲ့ရပြီး ယင်းအချိန်၌ ၎င်းမှာ အသက် ၃၀ နှစ်ရှိပြီဖြစ်သည်။

ယင်းအာကာသခရီးစဉ်အတွင်း၌ ၎င်း၏ ထူးခြားသောလုပ်ဆောင်မှုမှာ အာကာသယာဉ်မှ လုံခြုံရေးကြိုးဖြင့် ချိတ်ဆက်ချည်နှောင်ကာ အာကာသအတွင်း၌ ၁၀ မိနစ်ခန့် ပထမဆုံးအကြိမ် လမ်းလျှောက်ခဲ့ခြင်းဖြစ်သည်။

၁၉၇၅ ခုနှစ်တွင် အလက်ဇီလီယိုနော့ဗ်သည် ဆိုဗီယက်အာကာသယာဉ်မှူးများအဖွဲ့ကို ဦးဆောင်ကာ အပိုလို-ဆိုယုဇ်မစ်ရှင်တွင် ဆိုဗီယက်အာကာသယာဉ်နှင့် အမေရိကန် အာကာသထိပ်ဖူးယာဉ်တို့ကို ချိတ်ဆက်ခဲ့သည်။

၎င်းသည် နောက်ပိုင်းကာလများ၌ အာကာသယာဉ်မှူးများကို လေကျင့်သင်ကြားမှုများ လုပ်ဆောင်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**



# ဆီးရီးယားလူမျိုးအားလုံး၏ အခွင့်အရေးများကိုကာကွယ်ရန် စစ်ဆင်ရေးများပြုလုပ်နေခြင်းဖြစ်သည်ဟု တူရကီသမ္မတ ပြောကြား

**အစ္စတန်ဘူ အောက်တိုဘာ ၁၃**
တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံမြောက်ဘက်ပိုင်း၌ စစ်ဆင်ရေးများ ပြုလုပ်နေရခြင်းမှာ ဆီးရီးယားလူမျိုးအားလုံး၏ အခွင့်အရေးများကို ကာကွယ်ရန်ဖြစ်ပြီး ယင်းနိုင်ငံအား ပိုင်းခြားပစ်ရန်မဟုတ်ကြောင်း တူရကီသမ္မတ ကရီဆက်တေယစ်အာဒိုဂန်က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် နေထိုင်သည့် အာရပ်၊ ကာ့ဒ်၊ အီဒီဇစ်နှင့် ချယ်လ်ဒင်းစ်လူမျိုးများ၏ အခွင့်အရေးများကိုကာကွယ်ရန်အတွက် တူရကီနိုင်ငံက အကြမ်းဖက်နှိမ်နင်းမည့် စစ်ဆင်ရေးများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း တူရကီသမ္မတ အာဒိုဂန်ကအစ္စတန်ဘူမြို့၌ ကျင်းပသော လွှတ်တော်ဥက္ကဋ္ဌများကို ဂုဏ်ပြုကျင်းပသည့် အစည်းအဝေး၌ ပြောကြားသည်။

ယင်းစစ်ဆင်ရေးများသည် တူရကီနိုင်ငံ၏ နယ်စပ်ဒေသများလုံခြုံရေး အာမခံမှုနှင့် တူရကီနိုင်ငံ၌ ခိုလှုံနေသည့် ဆီးရီးယားဒုက္ခသည် နေရပ်ဒေသသို့ လုံခြုံစိတ်ချစွာ ပြန်နိုင်ရေးအတွက် ယူဖရေးတီးမြစ် အရှေ့ဘက်ခြမ်းရှိ အကြမ်းဖက်အုပ်စုများကို ရှင်းလင်းခြင်းဖြစ်ကြောင်း တူရကီသမ္မတက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# ထမံသီဘေးမဲ့တော အာဆီယံအမွေအနှစ်ဥယျာဉ် သတ်မှတ်




**မုံရွာ အောက်တိုဘာ ၁၃**
ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အတွင်း ပြုလုပ်သည့် (၁၅) ကြိမ်မြောက် အာဆီယံ သဘာဝပတ်ဝန်းကျင် ဝန်ကြီးများ အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ထမံသီဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park – AHP) အတည်ပြု သတ်မှတ်လိုက်ကြောင်း ASEAN Centre for Biodivers ထုတ်ပြန်ချက်အရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ တနင်္သာရီ ဘေးမဲ့တောနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ထမံသီဘေးမဲ့တောနှစ်ခုကို မြန်မာနိုင်ငံအတွက် အာဆီယံအမွေအနှစ်အဖြစ် လျှောက်ထားရာ ထမံသီဘေးမဲ့တောသည် လျှောက်ထားသည့် အချက်အလက် ပြည့်စုံသည့်အတွက် အာဆီယံအမွေအနှစ်ဥယျာဉ် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်း ၂၁၅၁ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံးသဘာဝ ထိန်းသိမ်းရေး နယ်မြေအဖြစ် တည်ရှိနေသည်။

မြန်မာနိုင်ငံအင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းလေးကန်၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ နတ်မတောင် အမျိုးသားဥယျာဉ်နှင့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တို့သည် အာဆီယံအမွေအနှစ်ဥယျာဉ်များဖြစ်ကြကာ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထပ်တိုးလာသဖြင့် အာဆီယံ အမွေအနှစ် ဥယျာဉ်ရှစ်ခုရှိပြီဖြစ်ကြောင်းလည်း သိရသည်။

**မျိုးဝင်းထွန်း**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**
ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၁ ရက် ညနေ ၅ နာရီတွင် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် သီတာအနောက်လမ်းတွင် မော်တော်ဆိုင်ကယ်နှင့်တွေ့ရှိသူ ပြည့်စုံဝင်း(ခ)ဖိုးလပြည့်နှင့် မျိုးမြင့်လင်း(ခ)နက်ကျော်တို့အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၁ ပြားနှင့် ငွေကျပ် ၄၃၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် နန့်မကျိုင်းကျေးရွာအနီး ရွှေဘို–မြစ်ကြီးနားကားလမ်းတွင် ကျိန်ချင်လင် မောင်းနှင်ပြီး အားနိုင်နှင့်ကျိန်ချမ်းလှိုင်တို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့် ရှာဖွေရာ ငွေကျပ်သိန်း ၆၂၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၂၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၆) ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့နယ် ဇလုပ်ကြီးကျေးရွာ ကူးတို့ဆိပ်အနီးတွင် စူရေကျန်းမောင်းနှင်ပြီး မိုသီကျန်းတို့လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄,၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ မွန်းလွဲ ၃ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် ဝေဇယန္တာလမ်းတွင် TOYOTA Caldina အမျိုးအစား မော်တော်ယာဉ်နှင့် တွေ့ရှိသူ ဆန်းလှိုင်နှင့် သူရဝင်းကြည်တို့အား ရှာဖွေရာ အိုက်စ် ၁ ကီလို၊ ငွေကျပ် ၁၈,၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုသိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ဆန်းလှိုင်၏ နေအိမ်ကိုရှာဖွေရာ အိုက်စ် သုညဒသမ ၀၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ပြားတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာလမ်းမကြီး အောင်မင်္ဂလာအဝေးပြေးဝင်း ဂိတ်(၁) အထွက်လမ်းပေါ်တွင် တွေ့ရှိသူ နန်းခက်ခက်ခိုင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၉၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ နံနက် ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု ဝမ်ဖကျေးရွာအနီးတွင် မနာမူးတီးမောင်းနှင်ပြီး မနာပေါ်နဲ တို့လိုက်ပါလာသော မော်တော်ဆိုင်ကယ်နှင့် ကျဖေ့(ခ)ကျလော မောင်းနှင်လာသည့် မော်တော် ဆိုင်ကယ်တို့ကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ထွက်ပြေးသွားသဖြင့် လိုက်လံ ဖမ်းဆီးရာ မနာမူးတီးနှင့် မနာပေါ်နဲ တို့မော်တော် ဆိုင်ကယ်ကို ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ကျိန်ချင်လင်၊ အားနိုင်၊ ကျိန်ချမ်းလှိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ တွေ့ရစဉ်။

# ဗန်းမောက်တွင် ဆိုင်ကယ်နှစ်စီးတိုက်မိ၍ တစ်ဦးသေ

**ဗန်းမောက် အောက်တိုဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့တွင် မျက်နှာချင်းဆိုင်မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးတိုက်မိရာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် ည ၁၁ နာရီ မိနစ်၂၀ ခန့်က ဒု– ရဲအုပ်အောင်နိုင်ထိုက်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက မူးတားအဖွဲ့ဝင်များနှင့်အတူ မြို့ပေါ်ရပ်ကွက်နှင့် အနီးကျေးရွာများအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဆင်ကန်လမ်းခွဲအနီး မိုင်တိုင်အမှတ် (၄၀/၄၁) အကြားတွင် ဗန်းမောက်–အင်းတော်ကားလမ်း၌ ဆိုင်ကယ်နှစ်စီး တိုက်မိကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ Kenbo 125 ဆိုင်ကယ်အား ကွဲကြောကီးကျေးရွာမှ ဗန်းမောက်မြို့သို့ မောင်မောင်ဝေ မောင်းနှင်လာစဉ် အဆိုပါ ဆင်ကန်လမ်းခွဲအနီးတွင် မျက်နှာချင်းဆိုင်မှ စိုင်းကိုဦးမောင်းနှင်ပြီး မင်းဇော်ဦးလိုက်ပါလာသည့် Newanbo 125 ဆိုင်ကယ်တို့ လမ်းအလယ်တွင် တိုက်မိရာ မောင်မောင်ဝေမှာ နေရာတွင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မောင်မောင်ဝေအား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နီတိုး**



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် အင်းလယ်ကုန်းကျေးရွာ၌ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက မင်းတုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအုန်းကျော်၊ မင်းတုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးစိန်သောင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ဒေသခံပြည်သူများအား အသိပညာပေးဟောပြောခဲ့စဉ်။

**ဝင်းနိုင်(ကချင်မြေ)**

# မံစီမြို့နယ်တွင်ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**မံစီ အောက်တိုဘာ ၁၃**
ကချင်ပြည်နယ် မံစီမြို့နယ် စီခမ်းကြိုးပြင် ကာကွယ်တောအတွင်း အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက နယ်မြေရှင်းလင်းစဉ် ကျွန်းသစ်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း မံစီမြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲက မံစီမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မံစီမြို့မရဲစခန်းမှရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မံစီမြို့နယ် စီခမ်းကြီးဘိနယ် စီခမ်းကြိုးပြင်ကာကွယ်တောအတွင်း နယ်မြေရှင်းလင်းခြင်းဆောင်ရွက်စဉ် စီခမ်းကြီး–စီကော်သွားလမ်း၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာ၌ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား အချောင်း ၄၀ ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သစ်ခွဲသားများနှင့် မော်တော်ယာဉ်အား စီခမ်းကြီးဘိနယ်စခန်းသို့ သယ်ယူသိမ်းဆည်းကာ သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## “တောင်သူလယ်သမားများသို့ အသိပေးကြေညာချက်”

၁။ တောင်သူလယ်သမားများ ဦးကြီးများ၏ စိုက်ပျိုးစရိတ်လိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများသို့ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။ ယခုအခါ သီးနှံအမျိုးအစားအလိုက် စပါး ၁ ဧက ကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံများနှင့် ချက်ကြံကို ၁ ဧက ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) မူရင်းကို ဘဏ်မှ အပေါင်အဖြစ်ရယူ၍ တောင်သူတစ်ဦးချင်းကိုယ်တိုင် အာမခံသောစနစ်ဖြင့် ချေးငွေများရယူနိုင်ပါသည်။

၂။ ယခုအစိုးရကာလ ၂၀၁၆–၂၀၁၇ ခုနှစ်တွင် စပါးချေးငွေနှုန်းထားကို တစ်ဧကကျပ် (၁) သိန်းမှ (၁) သိန်းခွဲသို့လည်းကောင်း၊ အခြားသီးနှံကို ၂၀၁၇–၂၀၁၈ ခုနှစ်တွင် ကျပ် (၂) သောင်းမှ (၅) သောင်းသို့လည်းကောင်း၊ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် ကျပ် (၅) သောင်းမှ (၁) သိန်းသို့လည်းကောင်း ချေးငွေနှုန်းထား (၃) ကြိမ် တိုးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၃။ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် လက်ရှိထုတ်ချေးပေးလျက်ရှိသော သီးနှံ ၁၄ မျိုးအပြင် ထပ်မံတိုးချဲ့၍ ပဲမျိုးစုံ ၄ မျိုး (ထောပတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ စားတော်ပဲ)၊ ဆီထွက်သီးနှံ ၂ မျိုး (ပန်းနှမ်း၊ နေကြာ)၊ စားဖိုဆောင်သီးနှံ ၂ မျိုး (ကြက်သွန်နီ၊ ငရုတ်) စသည့် ပြည်ပပို့ကုန်နှင့် ပြည်တွင်းတွင် စားသုံးမှုများပြားသော အခြားသီးနှံ ၈ မျိုးကို ဆောင်းချေးငွေမှစတင်ပြီး ယခင်နှစ်နှုန်းထားအတိုင်း ထုတ်ချေးသွားမည်ဖြစ်ပါသည်။

၄။ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့်ကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ချေးမည့်ကာလ | ပြန်ဆပ်မည့်ကာလ |
|---|---|---|---|
| (က) | ဆောင်းချေးငွေ | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံး |
| (ခ) | မိုးကြိုချေးငွေ | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလဆန်းမှ မတ်လကုန်အထိ | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကုန် နောက်ဆုံး |
| (ဂ) | မိုးချေးငွေ | ၂၀၂၀ ပြည့်နှစ်၊ မေလဆန်းမှ စက်တင်ဘာလကုန်အထိ | ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ နောက်ဆုံး |

၅။ ဆောင်းချေးငွေကို ယခင်နှစ်များက အောက်တိုဘာလဆန်းမှ ဒီဇင်ဘာလကုန်အထိ ထုတ်ချေးပေးပြီး၊ နောက်နှစ် ဇွန်လကုန်တွင် နောက်ဆုံးပေးဆပ်ရန် သတ်မှတ်ခဲ့ရာမှ တောင်သူများ ချေးငွေပေးဆပ်မှုအဆင်ပြေစေရန်အတွက် ယခုနှစ်တွင် ပေးဆပ်ရန်နောက်ဆုံးရက်ကို စက်တင်ဘာ ၁၅ ရက်နေ့အထိ သတ်မှတ်ပေးထားပါသည်။

၆။ တောင်သူများအနေဖြင့် ချေးငွေအဆိုပြုလွှာများကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပွဲတော်ကြိုပြည်ဖုံးကားအဖွင့်

## ဆူးငှက်

ဒို့ မန္တလေး မြို့ကြီးရဲ့ ပတ်လည်တခို
မှိုင်းပြာပြာ မှုန်ဝေဝေ
ရေဇလာနဒီ မြစ်ညို
ရောဝတီပါ လျှံဝင်းပြောင်ညီးတဲ့
ရန်ကင်းတောင်ကြီးအမြဲ ဆိုသာဆို
ဆရာ ရွှေနန်းတော်ရှေ့ တစ်ခါရှေ့ခေါင်းဆောင်တဲ့
ဗမာရွှေဒေါင်းတောင်တွေ ကိုင်ကာဆို...
တကယ်ခေတ်ပြောင်းတော့မယ်
အမှန်ဝေကံမ
သဖြန်ရမြေနန္ဒါ သန်းတဲ့ မန်းရိပ်ခို....

*(နန်းတော်ရှေ့ဆရာတင်- မြနန္ဒါသီချင်းမှ)*

### သီတင်းကျွတ်တစ်လလုံး မြိုင်ဆိုင်ခဲ့ကြ

မန္တလေးမှာ ဘုရားပွဲတော်တွေ လာချေပြီ။ သီတင်းကျွတ်လဆန်းကတည်းက ရှေ့တော်ပြေးဝင်း ဓမ္မာရုံ၊ ကြက်သွန်တန်းဓမ္မာရုံ ပွဲများကိုစတင် ကျင်းပကြသည်။ ဆက်တိုက်ဆိုသလို ဂေဇက်ရာဘုရားပွဲများဖြစ်သော ဘုရားသုံဆူဘုရားပွဲ၊ အိမ်တော်ရာဘုရားပွဲ၊ သကျသီဟဘုရားပွဲ၊ ရတနာမဋ္ဌုဘုရားပွဲ၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရားပွဲတို့ကိုလည်း စတင်ကျင်းပကြ၏။ ဘုရားပွဲကြီးများ ဆက်တိုက် ကျင်းပသောကြောင့် တစ်မြို့လုံး မီးရောင်စုံ မိုးဘဝင်လျှံကာ ဆိုင်းသံဗုံသံညံခဲ့သည်။ ထို့ကြောင့် မန္တလေး၏ ဝါကျွတ်ဆီမီးရောင်စုံသည် သီတင်းကျွတ်လပြည့်မှသာ မဟုတ်ဘဲ သီတင်းကျွတ်တစ်လလုံး မြိုင်ဆိုင်ခဲ့ကြသည်မှာ သေချာလှ၏။

မန္တလေးဘုရားပွဲအစဉ်အလာကား ဘုရားပွဲအဝင် ပထမနေ့၊ ယခုထက်တိုင် အစဉ်အလာမပျက် ရှိနေဆဲဖြစ်သော နန်းတော်ရှေ့ စည်တော်ကြီးအဖွဲ့ ပါဝင်တတ်သည်။ ဇာတ်ပွဲထည့်သွင်းပါက ထိုနေ့မှာပင် ဇာတ်ပွဲစဝင်သည်။ ဇာတ်ပွဲကား နှစ်ညဆက်တိုက် ကသောကြောင့်ဖြစ်၏။ ဇာတ်ပွဲမပါဘဲ အငြိမ့်ပွဲဖြစ်ပါက ပထမနေ့မှာပင် အငြိမ့်တစ်ဖွဲ့ ပါဝင်တတ်သည်။

### ဘုရားပွဲဈေးသည်များ မုန့်သည်များရောက်ရှိကာ

ဘုရားပွဲကျင်းပရာ လမ်းများ၊ ပြများတွင်ကား ဘုရားပွဲမတိုင်ခင် တစ်ပတ်ခန့်ကတည်းက ဘုရားပွဲဈေးသည်များ၊ မုန့်သည်များရောက်ရှိကာ ယာယီဆိုင်ခန်းဆောက်လုပ်ပြီး နေရာယူနေကြပြီ။ ဘုရားပွဲ ဈေးသည်ဆိုသည်မှာ ကလေးကစားစရာ အရုပ်များ၊ ကျူလီယာပစ်၊ သေနတ်ပစ်စသည့် ကစားပွဲဆိုင်များက အများစုဖြစ်သည်။ လွန်ခဲ့သော နှစ်များဆီက ဘုရားပွဲများတွင် မော်တော်ကားပြိုင်ပွဲ၊ တန်ပိုလာမဲဖွင့်ပွဲ စသည့် လောင်းကစားများကို အစုအဖွဲ့များဖြင့် အကြီးကျယ်ပြုလုပ်ခဲ့ဖူးသည်။ ထို့ပြင် အနီအစိမ်းဒိုင်များ၊ လေးကောင်ဂျင်၊ ဂလုံးဂလုံးဟု ခေါ်သော လောင်းကစားပွဲများလည်း ပါဝင်တတ်၏။ ယခုအခါ၌ကဲ့သို့သောလောင်းကစားပွဲများကိုမန္တလေး ဘုရားပွဲများတွင် မမြင်ရလောက်အောင် ကြပ်မတ်အရေးယူခဲ့သည်မှာ ဝမ်းသာဖွယ်ဖြစ်သည်။

### ကျွန်းသားဖြင့် ကျကျနန စပ်ထားသော ပုံးကြီးနှစ်ပုံး

လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်၏ ရှေ့ကာလများတွင် မန္တလေးဘုရားပွဲများ၊ ကလေးများ အသည်းစွဲ ဈေးသည်တစ်မျိုးလည်း မပါမဖြစ်ပါဝင်ခဲ့၏။ ကျွန်းသားဖြင့် ကျကျနန စပ်ထားသော ပုံးကြီးနှစ်ပုံးကို ဆိုင်းထမ်းဖြင့် ထမ်းလာသည်။ ထိုပုံးကြီးမှာ တချို့တွင် ကနုတ်များ၊ ကြိုးပေါင်များဖြင့်ပင် လက်သမားပညာစွမ်းကို ပြထားကြသည်။ ထိုပုံးကြီးဘေးမှာ လေးလက်မခန့် အချင်းရှိသော မှန်ဘီလူးပေါက် သုံးပေါက်ပါရှိသည်။ ထိုမှန်ဘီလူးပေါက်များကို သံဖြူအပိတ်ဖြင့် ကျနစွာပိတ်ထားသည်။ ဘုရားပွဲဝင်းအတွင်း ထိုပုံးကြီးကို ဆင့်ထားသောအခါ မှန်ဘီလူးပေါက်က ကလေးတစ်ယောက်ဒူးထောက်ထိုင်ချလိုက်လျှင် မျက်စိနေရာနှင့် အံကျဖြစ်၏။ ပုံးပေါ်တွင် ဖယောင်းတိုင်သုံးတိုင်ခန့် ထွန်းညှိလိုက်သည်။

ဤသို့သော "ခါတ်ပုံး" (ခါတ်ပုံမဟုတ်ပါ)သည်များ နေရာယူလိုက်သည်နှင့် ဆယ်ပြားစေ့လေးတွေ ကိုယ်စီကိုင်ထားသော ကလေးတစ်သိုက်က ပုံးတွေရှေ့ အလုအယက် နေရာယူလိုက်ကြ၏။ ဈေးသည်က မှန်ဘီလူးအဖုံးတွေ ဖွင့်ပေးလိုက်သည်နှင့် အငမ်းမရ မှန်ဘီလူးတွေဆီ မျက်လုံးကပ်လိုက်ကြရသည်။ မှန်ဘီလူးမှတစ်ဆင့် ပုံးအတွင်းမြင်ကွင်းကား အံ့သြဖွယ်ဖြစ်၏။

### ခါတ်ပုံးထဲက မှန်ဘီလူးကတစ်ဆင့် မြင်ရသည့် ခါတ်ပုံတွေ

မန္တလေးကျုံးမြို့ရှိမြင်ကွင်းက ကနဦးပေါ်လာသည်။ "ခါတ်ပုံးသည်"က သံလွင်စည်းကလေးဖြင့် ပုံးကိုခတ်ရင်း "ဟောဒါက.. အောင်ကျော်ချမ်းအေး မန္တလေးတဲ့ခင်ဗျ၊ အင်ကြင်းကြာအုံ ရတနာပုံလို့လည်း အမည်တွင်တဲ့ မန္တလေး..."။ ညာဘက်လက်က စည်းကိုကိုင်ရင်း ဘယ်ဘက်လက်က ပုံးနဘေးရှိ ကြိုးစလေးကို ဆွဲလိုက်တော့ ရွှေတိဂုံရောင်စုံကားချပ် ပေါ်လာသည်။ "ရွှေတိဂုံ ရွှေတိဂုံ ဘုရားမှာ ကျားတက်တာ ငါးရက်ကြာသဗျ.."၊ ခါတ်ပုံသည်က စည်းလေးခေါက်ရင်း ကြိုးစလေးဆွဲကာ နောက်တစ်ပုံ ဆွဲလိုက်သည်။ မောင့်ကျက်သရေ ခေါင်းပေါင်းနှင့် ခံ့ညားသော ပုဂ္ဂိုလ်ကြီးတစ်ဦး။ အပြုံးမြမြ ချိုသာသော မျက်နှာပေးနှင့်..။ " ဟောဒါက ဆဋ္ဌသင်္ဂါယနာတင် ကမ္ဘာအေးဘုရား ဒါယကာကြီး ဝန်ကြီးချုပ် ဦးနုပါဗျ" တဲ့။ ကျွန်တော်တို့ ကလေးတွေက ဒီခါတ်ပုံရှင်ကိုမသိ။ ကျွန်တော်တို့ သိတာက ကျောင်းအုပ်ကြီးရုံးခန်းထဲမှာ ချိတ်ဆွဲထားသော တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းပဲသိသည်။ ဘာပဲပြောပြော ခါတ်ပုံးထဲက မှန်ဘီလူးကတစ်ဆင့် မြင်ရသည့်ခါတ်ပုံတွေက အံ့သြစရာတွေချည်း ဖြစ်ခဲ့ပါ၏။

ဤသို့ဖြင့် ခါတ်ပုံကားချပ် အမျိုးမျိုးကို မရိုးနိုင်အောင် ကြည့်ရှုကြရ၏။ ယခုလို အိုင်တီ ခေတ်၊ ဂြိုဟ်တုစလောင်းခေတ်၊ အင်တာနက်ခေတ်မှာ ထိုကဲ့သို့သော "ခါတ်ပုံးသည်"များကား အတိတ်ကားချပ်များမှ ပုံရိပ်တောင် အတော်စဉ်းစားဖမ်းယူနေရ၏။





### မန္တလေးဘုရားပွဲဈေးမြင်ကွင်း

သို့သော်.. မန္တလေးဘုရားပွဲ ဈေးမြင်ကွင်းကား လွန်ခဲ့သော နှစ် ၃၀ကျော် နှစ်၂၀ကျော်ကာလများနှင့် "ခါတ်ပုံးသည်" များ မရှိတော့တာကလွဲလို့ သိပ်ပြီး ကွဲပြားထူးခြားသွားတာမျိုးတော့ဖြင့် မရှိ...။ ဟိုး ရှေးယခင်ကလိုပဲ ဝါးလုံးတွေထိုး..၊ စင်ဆောက် ရောင်စုံကားလိတ်ဟောင်းနှင့် ကခုန်နေကြဆဲဖြစ်သည်။ အရင်ကတော့ ပြဇာတ်တွေ နှစ်ပါးသွားတွေ နောက်ပိုင်းဇာတ်တွေပေါ့။ အခုတော့ စတိတ်ရှိုးက နေရာယူလာသည်။ ဟိုး..ရှေးယခင်ကလိုပဲ.. အသင့်တပ်ဆင်သစ်သား အငြိမ့်စင်ကြီးတွေနှင့်ပဲ အငြိမ့်ကကြသည်။ ယခင်ကတော့ အော်ပရာနှင့် ယိမ်းနှင့် အငြိမ့်ခန်းနှင့် ပြဇာတ်နှင့်ပေါ့။ အခု စတိတ်ရှိုးက နေရာယူလာသည်။

ယခုထိတော့ မန္တလေးမှာ ၁၂ရာသီ ပွဲလမ်းသဘင်တွေ အရှိန်မကုန် အတောမသတ်သေး။ တစ်နေရာမဟုတ် တစ်နေရာမှာ ဓမ္မာရုံ ဘုရားပွဲ၊ ဒါမှမဟုတ် ရပ်ကွက် သံဃဒါန ဆွမ်းလောင်းသင်းအောင်ပွဲအနေဖြင့် အနည်းဆုံး ခြင်းဝိုင်းနှင့် ထိုင်ဆိုမြန်မာတီးဝိုင်းလေး တစ်ဝိုင်းတော့ ပါနေမြဲဖြစ်သည်။ ဟော ...မြို့စွန်းအဖျားတချို့ရပ်ကွက်လေးတွေမှာတော့ ဇာတ်မငှားနိုင်၊ အငြိမ့်မငှားနိုင်၊ တီးဝိုင်းမငှားနိုင်တော့ ...ဆိုကြမယ်၊ ပျော်ကြမယ်စီဒီအိုကေဖျော်ဖြေရေးအစီအစဉ်တဲ့လေ ...။ ဓမ္မာရုံရှေ့စင်ကလေးထိုး၊ ရပ်ကွက်ထဲက စီဒီအိုကေစက်မလာကြပြီး အခန်းအောင်း ရှက်ပုန်းသီး စီဒီအိုကေ ပွဲတိုင်းကျော်တွေ အစွမ်းပြကြတော့သည်။

### တယ်လည်း အပျော်အပါးကြီးကြသကိုး

အရင်က မန္တလေးမှာ အငြိမ့်အဖွဲ့ပေါင်း နှစ်ဆယ်ကျော် အစိတ်နှင့် ပွဲမိန့်မခက်ခဲ၊ အငြိမ့်ကြေး ယခုလောက် မမြင့်သေးသဖြင့် လုပ်ငန်းကိုင်ငန်း ကောင်းချိန်အခါက ဆိုလျှင် မင်္ဂလာဆောင်အောင်ပွဲလည်း အငြိမ့်၊ အလှူအောင်ပွဲလည်း အငြိမ့်။ ထို့ပြင် ဘုန်းကြီးပျံတွင်လည်း ပွဲလမ်းတွေ တခြိမ့်ခြိမ့်။ သုံးရက်သုံးလီ ပွဲကြည့်ပြီးကြလို့ အားမရနိုင်သေးတော့ ဘုန်းကြီးပျံ အရိုးကောက်ဆိုပြီး ပွဲခံကြသေးသည်။ ရပ်ကွက် ဘောလုံးအသင်းနိုင်လို့ ပွဲထည့်၊ ကလေးပုခက်တင်မို့ ပွဲထည့်နဲ့ လူကြီးတွေပြောသလို "တယ်လည်း အပျော်အပါးကြီးကြသကိုး" ဟု မှတ်ချက်ချရလောက်အောင် ပွဲကြိုက်လှတဲ့မြို့ဖြစ်သည်။

ပွဲကတော့ ကြိုက်လက်စနှင့် အခုလည်း ကြိုက်ဆဲပင်။ မတတ်နိုင်လို့သာ ရောင့်ရဲနေရတာကိုး။ ရပ်ကွက် ဓမ္မာရုံဘုရားပွဲတွေမှာ ဇာတ်တစ်ဇာတ်ငှား၊ နှစ်ညဆက်တိုက် ကပြ၊ မင်းစင်ထိုးပြီး တစ်ထောင့်ထွာကျော်ကျော် ပတ်လည် မင်းစင်နေရာလေးကို တစ်သောင်း ဆိုလည်း ပက်ခနဲ၊ နှစ်သောင်းဆိုလည်း ပက်ခနဲ။ ဒီတော့ ဇာတ်ကြေးကျေတဲ့အပြင် ဘုရားတောင်လှူနိုင်သေးကြသည်။ ထို့ကြောင့် အရင်းပြန်မရနိုင်သော အငြိမ့်ထက် မင်းစင်ထိုးရောင်းလို့ရသည့်ဇာတ်ပွဲတွေအငှားများလာကြသည်။ ထို့ကြောင့် အခုနောက်ပိုင်းနှစ်တွေက ဘုရားပွဲတွေဆိုရင် ဇာတ်ပွဲချည်း ပါတော့သည်။

### ညစဉ်ကြားနေရတဲ့ ဇာတ်ပွဲသံဆိုတာ

ဇာတ်တွေ ပုံစံပြောင်းသွားတာကလည်း ကြောက်ခမန်းလိလိ ဖြစ်သည်။ ဇာတ်က ဆိုင်းနဲ့၊ ဝိုင်းနဲ့၊ အပျိုတော်နဲ့၊ အော်ပရာနဲ့၊ ကဇာတ်နဲ့၊ ပြဇာတ်နဲ့၊ နှစ်ပါးသွားနဲ့၊ နောက်ပိုင်းနဲ့ မဟုတ်တော့ဘူးတဲ့။ ည ၁၀နာရီလောက်မှ ထွက်သော ဇာတ်က စတိတ်ရှိုးအစီအစဉ်ဆိုပြီး ဆိုလိုက်ကြ၊ ရှိတ်လိုက်ကြတာ ကားဆွဲမကျန် ဇာတ်ရှိသူလူအကုန် သီချင်းဆိုကြသည်။ အခု မန္တလေးမှာ ညစဉ်ကြားနေရတဲ့ ဇာတ်ပွဲသံဆိုတာ အဲလိုပွဲမျိုးက စတိတ်ရှိုးသီချင်းသံများက အများစုဖြစ်သည်။ ဒီလို ဇာတ်မျိုးတွေလည်း မငှားနိုင်၊ မန္တလေးမှာ လက်ငါးချောင်းသာကျန်တော့တဲ့ အငြိမ့်အဖွဲ့တွေလည်း မတတ်နိုင်လို့ ဓမ္မာရုံရှေ့ လှူဖွယ်ခင်းကျင်းထားတဲ့ ပဒေသာပင်တွေရှေ့၊ ညှပ်မတွေရှေ့ ရာစမတ်လေးကာ ကောဇောလေးခင်းပြီး မြန်မာတီးဝိုင်းလေးတွေ တွေ့နေရသေးတာတော့ ဝမ်းသာစရာဟုဆိုရမည်။ ကြားဖူးနားဝရှိပြီး မန္တလေးသီချင်းတွေ၊ ဒီနေ့ ခေတ်စားနေတဲ့ ခေတ်ပေါ် ဂန္ထဝင် ပြန်ဆိုတေးတွေကို ဆိုကြ၊ တီးကြ၊ မှုတ်ကြတာပါ။ ကြည်နူးစရာကောင်းတဲ့ အသံလေးတွေပါပဲ။

### မန္တလေး ဓလေ့လေးများမို့

တချို့အရပ် ဘုရားပွဲတွေမှာ အလတ်စား မြန်မာတီးဝိုင်းတွေမှာ အောက်လူပြက်သုံးယောက်နဲ့ မင်းသမီးတစ်လက်၊ နှစ်လက်လောက်နဲ့ အငြိမ့်ခန်းပါ ထွက်ကြတာမျိုးလည်း ရှိလာကြသည်။ ကျန်ကောင်းကျန်ရာ မန္တလေး ဓလေ့လေးများမို့ ဂုဏ်ယူရပါ၏။

ဟိုး..ရှေးယခင်ကလိုပဲ ခဲလန်ချောင်းသည် မုန့်သိုင်းခြုံသည် မုန့်ဆီကြော်သည်၊ မုန့်လင်မယားသည် ချွေတာရေးမုန့်သည်၊ အမဲအူပြုတ်သည်၊ ဆိတ်ပုဆိုးကြမ်းဟင်းသည်၊ ကရေကရာသည်များ ပွဲဈေးတန်းတစ်လျှောက် ရှိနေဆဲဖြစ်သည်။ အသစ်တိုးလာတာက ရှမ်းခေါက်ဆွဲသည်၊ ဝက်သားတုတ်ထိုးသည်။ ထိုင်ဝမ်ပုလဲ ရေခဲမုန့်သည်တွေပဲဖြစ်သည်။ ပိုမထူးခြားတာက နဂိုရှိရင်းစွဲ မြန်မာ့မုန့်သည်များကား ရှေးကလည်း သူတို့ဘိုးဘွား၊ သူတို့မိဘများ၏လက်ငုတ်ကိုပဲ မီးဖိုလေး၊ အိုးကင်းလေး အသစ် အပြောင်းလဲကာ အစဉ်အလာမပျက် ဆက်လက် လုပ်ကိုင်နေခြင်းပဲဖြစ်ပါသည်။

# အသေးစားငွေရေးကြေးရေးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

၆၀။ ကြီးကြပ်မှုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဦးစီးဌာနတို့မှ မည်သည့် အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းမဆို ပုဒ်မ ၅၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၁၄)**

**အထွေထွေပြဋ္ဌာန်းချက်**

၆၁။ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်းသည် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့တွင် မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်းခွဲများကို တည်ထောင်နိုင်သည်။

၆၂။ ပုဒ်မ ၄၄ ပုဒ်မခွဲ (စ) တွင်ပါရှိသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအတွက် ဦးစီးဌာနက ခန့်အပ်သော စီမံခန့်ခွဲသူအတွက် ကုန်ကျစရိတ်ကို သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ ကျခံရမည်။

၆၃။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့်တရားစွဲဆိုခံခွင့်များရှိသည်။

၆၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအပိုဒ် ၅၅ သည် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများက တရားစွဲဆိုသည့် တရားမမှုများနှင့် မသက်ဆိုင်စေရ။

၆၅။ မှတ်ပုံတင်အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ထုတ်ပေးသော ချေးငွေများနှင့် စပ်လျဉ်း၍ ချုပ်ဆိုသည့် စာချုပ်စာတမ်းသည် မှတ်ပုံတင်ခြင်းနှင့် တည်ဆဲဥပဒေအရ တံဆိပ်ခေါင်းခွန် ပေးဆောင်ရခြင်းတို့မှ ကင်းလွတ်ခွင့်ရှိသည်။

၆၆။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည်တည်ဆဲဥပဒေများနှင့်အညီ အခွန်ပေးဆောင်ရမည်။

၆၇။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသင်းဝင်များအား ဝန်ဆောင်မှုပေးရာတွင် သတင်းအချက်အလက်လုံခြုံမှုရှိစေရန် သတင်းအချက်အလက် စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ကြည့်ရှုခြင်းနှင့် အသုံးပြုခြင်းတို့ကို သီးခြားတာဝန်ပေးထားသော ဝန်ထမ်းကိုသာ ဆောင်ရွက်စေရမည်။ ချေးငွေသတင်းအချက်အလက်ဌာန (Credit Bureau) သို့မဟုတ် အလားတူ အဖွဲ့အစည်းများသည် အသင်းဝင်များ၏ သတင်းအချက်အလက်များ မျှဝေသုံးစွဲခြင်းကို အသင်းဝင်များ၏ သဘောတူညီချက်၊ ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၆၉။ ပုဒ်မ ၅၈၊ ၅၉ နှင့် ၆၀ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၀။ ပုဒ်မ ၅၈ နှင့် ၆၀ တို့အရ တရားစွဲဆိုရာတွင် ကြီးကြပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၇၁။ မည်သူမဆို ဤဥပဒေပါပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်မှုမရှိသော၊ ချိုးဖောက်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကို ဦးစီးဌာန သို့မဟုတ် ကြီးကြပ်မှုကော်မတီသို့ တိုင်ကြားနိုင်သည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် ဦးစီးဌာနသည် ကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၇၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်မှုကော်မတီသည် လိုအပ်သော လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၇၄။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၅။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၃/၂၀၁၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# မြိတ်ကျွန်းစုသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာအရှိဆုံး ဒေသတစ်ခုဖြစ်

**အမြိတ် အောက်တိုဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ကျွန်းစု ခရီးစဉ်များအား ကမ္ဘာကပိုမိုသိရှိစေရန်နှင့် နိုင်ငံတကာခရီးသွားများပိုမိုရောက်ရှိစေရန် ရည်ရွယ်၍ ၂၀၁၉- ၂၀၂၀ ခုနှစ် မြိတ်ကျွန်းစုခရီးသွားရာသီစတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ကမ်းနားလမ်းရှိ ဆိပ်ငယ်ဇောတံတားရှေ့၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတောင်ဘက်စွန်းတွင်ကမ်းရိုးတန်းအရှည်ကီလိုမီတာ ၈၀၀ ကျော်ရှည်လျားပြီး ကျွန်းပေါင်း ၈၀၀ ကျော်ပါဝင်သည်။ သဘာဝအတိုင်းလှပသည့် ပင်လယ်ကမ်းခြေများကြောင့် မြိတ်ကျွန်းစုသို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်လာရောက်လည်ပတ်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အတွက်အလားအလာအရှိဆုံးနေရာဒေသတစ်ခုဖြစ်ကြောင်း၊ ၂၀၁၉- ၂၀၂၀ ခုနှစ် မြိတ်ကျွန်းစု ခရီးသွားရာသီစတင်ခြင်းဖွင့်ပွဲ အခမ်းအနားတွင်တိုင်းဒေသကြီးသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလှထွေးက ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လိုင်စင်ရယူထားပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဟိုတယ် ၃၀ လုံး၊ တည်းခိုရိပ်သာ ၁၁ လုံး စုစုပေါင်း ၄၂ လုံးရှိပြီး အခန်းအရေအတွက်မှာ စုစုပေါင်း ၁၅၈၉ ခန်းရှိသည်။ ၎င်းအပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဒေသခံ ခရီးလှည့်လည်ရေးကုမ္ပဏီ ၈၂ ခုရှိပြီး လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ခရီးသွားဧည့်သည် ရောက်ရှိမှုမှာ ၂၀၁၆ ခုနှစ်တွင် ၃၃၈၉၃၈ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၃၄၃၈၂၉ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၃၅၈၇၃၂ ဦး လာရောက်လည်ပတ်ခဲ့ကြသည်။ နှစ်စဉ် ခရီးသွားများ ပိုမိုလာရောက်လျက်ရှိပြီး ယခု ၂၀၁၉ ခုနှစ်တွင်လည်း ဧည့်သည် ဝင်ရောက်လာမှု ပိုမိုများပြားလာမည်ဟု မျှော်မှန်းထားကြောင်း တိုင်းဒေသကြီး ဝန်ကြီး ဦးလှထွေးက ပြောကြားသည်။

မြိတ်ကျွန်းစု ခရီးစဉ်တွင် ခရီးသွားဧည့်သည်များ လုံခြုံမှုရှိစေရန် ရေယာဉ်မောင်းနှင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များနှင့် ခရီးသွားများအတွက် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကိုလည်း ထုတ်ပြန်ထားကြောင်း မြိတ်ခရိုင်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

''ခရီးသွားဧည့်သည်အများစုက လေးကျွန်း၊ စမတ်ကျွန်းဘက်ခရီးစဉ်အသွားများကြတယ်။ ယခုနှစ်မှာ ဘီလီကျွန်းဘက်ကို ခရီးစဉ် ထပ်တိုးထားတာရှိတယ်။ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်လာရောက်မှုမှာ ပြည်တွင်းကလာရောက်တဲ့ ခရီးသွားဧည့်သည်က ပိုမိုများပြားပါတယ်။ တစ်နှစ်ထက်တစ်နှစ်ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပိုမိုတိုးတက်လာပါတယ်" ဟု မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာ သိန်းဆွေမြင့်က ပြောကြားသည်။ **မြင့်ဦး (မြိတ်)**





# အောက်တိုဘာလအတွင်း မူဆယ်မြို့သို့ တရုတ်နိုင်ငံသား ခရီးသွားဧည့်သည် ၁၇၉၀ ဝင်ရောက်လည်ပတ်

**မူဆယ် အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နယ်စပ်ဒေသတွင် အောက်တိုဘာ ၁ ရက်မှ ၁၀ ရက်အတွင်း မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ အဝင်/အထွက်ဂိတ်(နန်းတော်ဂိတ်)မှ နေ့ချင်းပြန် တရုတ်နိုင်ငံသားခရီးသွားဧည့်သည်များစုစုပေါင်း ၁၇၉၀ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မူဆယ်ရုံးခွဲမှ သိရသည်။

“မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် အဝင်/အထွက်ဂိတ်(နန်းတော်ဂိတ်)ကနေတစ်ဆင့် တရုတ်နိုင်ငံ ခရီးသွားတွေမူဆယ်မြို့ထဲကို နေ့စဉ်လာရောက်လည်ပတ်ကြပါတယ်၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ရခရီးသွားကုမ္ပဏီတွေရဲ့ စီစဉ်မှုဖြင့် မူဆယ်မြို့ထဲသို့ ဝင်ရောက်လည်ပတ်ကြတဲ့ တရုတ်နိုင်ငံ ခရီးသွားဧည့်သည်တွေဟာ မူဆယ်မြို့မှာရှိတဲ့ အထင်ကရနေရာတွေမှာ အဓိကလာရောက်လည်ပတ်ကြပါတယ်”ဟု မူဆယ်မြို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မူဆယ်ရုံးခွဲ၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဇော်လင်းက ပြောကြားသည်။

တရုတ်နိုင်ငံ ခရီးသွားဧည့်သည်များသည် မူဆယ်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် မူဆယ်မြို့ (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ရွှေသမင်ကျောင်းတော်၊ မဟာသန္တိသုခရုပ်တော်မူဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် သဗ္ဗညုစုမ္ပ်မိန်းစေတီတော်၊ နဂါးရုံဘုရား(ပြည်တော်ပြန်ဘုရား)၊ သီတင်းသုံးပါးစံပါယ်ရာလွယ်တိန်ခမ်းတောင်၊ ရာဂမြောင်လိုဏ်ဂူဘုရား၊ မြို့လယ်စည်ပင်သာယာဈေးနှင့် ပန်ခမ်းတိုင်းရင်းကျေးရွာတို့တွင် အဓိကလေ့လာလည်ပတ်ကြသည်။

တရုတ်နိုင်ငံ ခရီးသွားဧည့်သည်များသည် ဖေဖော်ဝါရီလ တရုတ်နှစ်သစ်ကူးကာလပိတ်ရက်များ၊ ဇူလိုင်လ၊ ဩဂုတ်လရုံးပိတ်ရက်များနှင့် အောက်တိုဘာလ ရုံးပိတ်ရက်ကာလများတွင် မြန်မာနိုင်ငံ မူဆယ်မြို့သို့ ဝင်ရောက်လည်ပတ်မှုအများဆုံးကာလဖြစ်ပြီး ယခင်နှစ် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ နှစ်လယ်ပိုင်းအထိ တရုတ်နိုင်ငံသားများ လာရောက်လည်ပတ်သည့် လူဦးရေထက် ယခုနှစ် ၂၀၁၉ ခုနှစ် နှစ်စပိုင်းမှ နှစ်လယ်ပိုင်းအထိ မူဆယ်မြို့သို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည် ၃၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ **ဆလိုင်းဇန်ရိုးထန် (ပြန်/ဆက်)**

## ကယားပြည်နယ်ဝန်ကြီးချုပ် သက်ကြီးဘိုးဘွားများအား ကန်တော့



**မယ်စဲ့ အောက်တိုဘာ ၁၃**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မယ်စဲ့မြို့နယ်အတွင်းရှိ အသက် ၇၀ အထက် သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်စုကျေးရွာ၊ နမ့်ပိန်းလင်ကျေးရွာ၊ မယ်ဆည်နမ်ကျေးရွာ၊ မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်နှင့် တောင်ပိုင်းရပ်ကွက်တို့မှ အသက် ၇၀ အထက် သက်ကြီးဘိုးဘွား ၂၆ ဦးအား အလှူငွေနှင့် ကန်တော့ခံပစ္စည်းများနှင့် ဂါရဝပြုကန်တော့ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပန်းတောင်းဒေသခံများနှင့်တွေ့ဆုံ

**ပဲခူး အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က ပန်းတောင်းမြို့နယ် လက်ပံကျေးရွာ ဝိဇယဓမ္မရုံသီကျောင်းတိုက်၌ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့နိုင်ငံသည် ပြုပြင်ပြောင်းလဲရေး ခေတ်တစ်ခေတ်သို့ ကျော်ဖြတ်နေခြင်းဖြစ်ကြောင်း၊ ပြည်သူများ၏ တောင်းဆိုမှုကြောင့် ယခုအခါ ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွန်းလာခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးရွာပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**



## လပြည့်နေ့ ရွှေကျင်သီတင်းကျွတ်မီးမျှောပွဲတော် စည်ကား

**ရွှေကျင် အောက်တိုဘာ ၁၃**

ရွှေကျင်မြို့၏ သီတင်းကျွတ်မီးထွန်းပွဲနှင့် ရေပွဲသဘင်သည် ဒေသအတွင်းသာမက နိုင်ငံတစ်ဝန်းပျံ့နှံ့ကျော်ကြားသည်။

ရိုးရာအမွေကို လက်ဆင့်ကမ်းသယ်ဆောင်ခဲ့သည်မှာ ၁၆၈ နှစ်တိုင်ခဲ့ပြီဖြစ်သော ရွှေကျင်မြို့၏ သီတင်းကျွတ်မီးမျှောပွဲကို ယခုနှစ်တွင်လည်း အစဉ်အလာမပျက် စည်ကားစွာကျင်းပလျက်ရှိသည်။ သီတင်းကျွတ်လပြည့်နေ့ အရုဏ်ဦးအချိန်တွင် မြို့အရှေ့ဘက်တောင်စွယ်ပေါ်ရှိ အရှေ့မဟာဗုဒ္ဓဘုရားကြီးတွင် ဆီမီးနံ့သာနှင့် ဆွမ်းတော်ကြီးတင်လှူပွဲ၊ ဘုရားဖူးပရိသတ်များကို စတုဒိသာကျွေးမွေးညှော်ခံခြင်းများဖြင့် စည်ကားစွာ တွေ့မြင်ရသည်။ ပွဲဈေးတန်းနှင့်အတူ ဇာတ်ပွဲ၊ ခြင်းအလှခတ်၊ လက်ဝှေ့ပွဲများနှင့်လည်း စည်ကားလျက်ရှိသည်။ မြို့တွင်းတွင် ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပွဲတော် မုခ်ဦးကို မီးရောင်စုံထွန်းညှိထားသလို ရွှေကျင်မြို့ ချောင်းအတွင်းတွင် လပြည့်ကျော် ၁ ရက်နေ့ မီးမျှောပူဇော်ခံမည့် ရှင်ဥပဂုတ္တမထေရ်မြတ် ကရဝိက်ဖော်တော်ကိုလည်း မီးရောင်စုံထွန်းညှိထားရှိသည်။ လပြည့်ကျော် ၁ ရက်နေ့တွင် ကျင်းပမည့် မီးမျှော ရေသဘင်ပွဲတော်ကို ကြိုလင့်လျက် ရွှေကျင်မြို့၏ သီတင်းကျွတ်လပြည့်နေ့သည် သက်ဝင်စည်ကားလျက်ရှိသည်။ **သတင်း - ရဲသိန်း**

**ဓာတ်ပုံ - ရန်အောင်ထွန်း**



ရွှေဘိုမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေတန်ဆာဘုရားတွင် ဆီမီး ၉၀၀၀ ဗုဒ္ဓပူဇနိယပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် သီတင်းကျွတ်လပြည့် နှစ်ရက်တိုင် ကျင်းပလျက်ရှိရာ သီတင်းကျွတ်လပြည့်နေ့က ဆီမီးပူဇော်ပွဲလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ မိုးသောက်(ရွှေဘို)



## တိလောကဥသျှောင် ရှင်သာလျောင်းဘုရားကြီး ဆီမီး ၈၄၀၀၀ ပူဇော်ပွဲ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ဟင်္သာတ အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် တိလောကဥသျှောင် ရှင်သာလျောင်းဘုရားကြီးတွင် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကိုရည်မှန်း၍ ကျင်းပသည့် (၂၅)ကြိမ်မြောက် ဆီမီး ၈၄၀၀၀ ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် ည ၇ နာရီက ဘုရားမုခ်ဦး၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဟင်္သာတမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆီမီး ၈၄၀၀၀ ကို စတင်ထွန်းညှိပူဇော်လှူဒါန်းပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

တိလောကဥသျှောင် ရှင်သာလျောင်းဘုရားကြီးသည် မြန်မာနိုင်ငံအတွင်းရှိ လျောင်းတော်မူ ရုပ်ပွားတော်များအနက် ဒုတိယအကြီးဆုံးရုပ်ပွားတော်မြတ်ကြီးဖြစ်ကြောင်း သိရပြီး အဆိုပါဘုရားကြီးတွင် ဆီမီးပူဇော်လှူဒါန်းခြင်းကို အောက်တိုဘာ ၁၄ ရက်အထိ သုံးညတိုင်တိုင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ရိုးရာသပိတ်မျှောပွဲ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်

**ထားဝယ် အောက်တိုဘာ ၁၃**

ဝါလကင်းလွတ်သီတင်းကျွတ်လပြည့်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော ထားဝယ်ရိုးရာသပိတ်မျှောပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၃ နာရီက ထားဝယ်မြို့ တလိုင်းထိန်/မရပ်ဆိပ်ကမ်းသာလမ်း ပြည်သူ့အပန်းဖြေရင်ပြင် ထားဝယ်မြစ်ကမ်း၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ထားဝယ်ရိုးရာ သပိတ်မျှောပွဲကို ကိုယ်တိုင်ပါဝင်ကုသိုလ်ပြုကြပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာသပိတ်မျှောမုခ်ဦးမှစ၍ အကွေ့ ၁၂ ကွေ့ရှိသော ဂင်္ဂါကို မျှော်ရှင်စွာဖြတ်ကျော်ကာ ကုသိုလ်ယူကြသည်။

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်းသီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲလာရောက်ကြည့်ရှုသူများအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မျှောပွဲတွင် မီးပုံးပျံ အငယ်လွှတ်တင်ခြင်း၊ တေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မိတ္ထီလာ ဓမ္မသုခရွှေစည်းခုံစေတီတော်တွင် ဆီမီးထွန်းညှိပူဇော်



**မိတ္ထီလာ အောက်တိုဘာ ၁၃**
မိတ္ထီလာမြို့နယ် မိတ္ထီလာကန်ဦးကန်ထိပ်တွင် တည်ထားကိုးကွယ်သည့် ဓမ္မသုခရွှေစည်းခုံစေတီတော်ရင်ပြင်တော်တွင် ဆီမီးထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၁၂ ရက် ည ၇ နာရီက ဆက်လက်ကျင်းပသည်။

''သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ ငါးညတိုင် ကျင်းပပူဇော်မှာဖြစ်ပါတယ်။ နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၃ ရက်ကနေ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ ကျင်းပခဲ့တာ ဒီနှစ်က ငါးကြိမ်မြောက် ဆီမီးထွန်းညှိပူဇော်ပွဲ ဖြစ်ပါတယ်။ ဆီမီး ၁၅၀၀ ကျော်လောက် ထွန်းညှိပူဇော်ကြတာဖြစ်ပါတယ်" ဟု ဓမ္မသုခရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဇော်မိုးက ပြောကြားသည်။

ဓမ္မသုခရွှေစည်းခုံစေတီတော်တွင် ဆီမီး ၁၅၀၀ ကျော် ထွန်းညှိပူဇော်ပွဲကို ကျင်းပသကဲ့သို့ မိတ္ထီလာကန်၏အနောက်ဘက် နန်းတော်ကုန်းရပ်ကွက်ရှိ သမိုင်းဝင်ရွှေစောလူး စေတီတော်တွင်လည်း ဆီမီး ၁၀၀၀၊ ပန်း `၁၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# ရှေးဟောင်းမွေတော်ကက္ကူဘုရားတွင် ဘုရားဖူးလာသူများပြား

**ကျောက်တလုံးကြီး အောက်တိုဘာ ၁၃**
ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ရှေးဟောင်းမွေတော်ကက္ကူဘုရားသို့ သီတင်းကျွတ်ပိတ်ရက်များတွင် အပန်းဖြေခရီးထွက်သူများ၊ မိဘထံနှင့် မိသားစုနေရပ်ပြန်သူများ၊ သီတင်းကျွတ်လပြည့်နေ့ ဘုရားသွားကျောင်းတက်သူများနှင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးသူများဖြင့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ဖြစ်သော အောက်တိုဘာ ၁၃ ရက်တွင် အထူးစည်ကားလျက်ရှိသည်။

“ကျွန်မက သီတင်းကျွတ်ရုံးပိတ်ရက် ငါးရက်ပိတ်လို့ မိဘဘိုးဘွားများကို ပြန်ကန်တော့ရင်း မိသားစုနဲ့အတူ ဘုရားဖူးခရီးထွက်လာတာ ဖြစ်ပါတယ်။ ညနေခင်းမှာတော့ ညောင်ရွှေမြို့ အင်းလေးကို သွားရောက်မှာ ဖြစ်ပါတယ်" ဟု ပညာရေးဝန်ထမ်း ဒေါ်ချောသရဖီထွန်းက ပြောသည်။

ရပ်စောက်မြို့မှ မောင်ကျော်မြင့်ထွန်းက အင်းလေးဖောင်တော်ဦးဘုရားနှင့် ကက္ကူဘုရားတို့အပြင် ဟိုပုံးမြို့နယ် ထမ်ဆမ်းလိုဏ်ဂူတော်သို့ သူငယ်ချင်းများနှင့်အတူ ဘုရားသွားရောက်ဖူးမြော်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဘုရားဖူးလာကြသူများက ဘုရားပရိဝုဏ်အတွင်း/ အပြင် လှေ့လာဖူးမြော်၍ အမှတ်တရဓာတ်ပုံများရိုက်ကူးပြီး ဒေသအသုံးအဆောင်ပစ္စည်းများနှင့် ရိုးရာအစားအစာများ အမှတ်တရဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**



# ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီးတွင် သီတင်းကျွတ်လပြည့်နေ့စည်ကား

**ကျိုက်မရော အောက်တိုဘာ ၁၃**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ဆုတောင်းပြည့် ဘုရားကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဘုရားဖူးသူများ၊ အပန်းဖြေ အနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်မရောမြို့၏ လှပသော ထန်းပင်တန်း တစ်လျှောက်တွင်လည်း အပန်းဖြေ အနားယူသူများ စည်ကားနေသည်။

**များပြား**

ရုံးပိတ်ရက်ရှည်ဆိုတော့ လာတဲ့သူတွေကလည်း ဝန်ထမ်းတွေများပြားကြောင်း၊ ယခင်နှစ်သီတင်းကျွတ်ပွဲက အခုလိုရုံးပိတ်ရက်ရှည်မဟုတ်သဖြင့် ခရီးသွားသူအပန်းဖြေ အနားယူသူ ယခုလောက်မများခဲ့ကြောင်း နေပြည်တော် စည်ပင်သာယာရေးမှ ဦးစီးအရာရှိ ဦးစိုးနိုင်က ပြောကြားသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**



# နဂါးပွက်တောင်တော်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**မင်းဘူး အောက်တိုဘာ ၁၃**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ နဂါးပွက်တောင်တော်၌ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

“ကျွန်တော်တို့အနေနဲ့ ဘုရားဖူးလာပြည်သူများ အေးချမ်းစွာ နားနေနိုင်ရန်အတွက် တန်ဆောင်းတော်ကြီးကိုလည်း တည်ဆောက်ထားပါတယ်။ အမတော် မောင်တောင်ပေါ်မှာလည်း ရင်ပြင်တော်တိုးချဲ့တည်ဆောက်ထားပြီး အမျိုးသမီးများအတွက် သနပ်ခါးကျောက်ပျဉ်များလည်း ထားရှိပါတယ်။ ဘုရားဖူးလာ ပြည်သူများအတွက် သောက်ရေသန့်များလည်း စီစဉ်ပေးထားပါတယ်" ဟု နဂါးပွက်တောင်တော် သာယာလှပရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးစိုးရှိန်က ပြောကြားသည်။

ဘုရားဖူးလာရောက်သူ ပွင့်ဖြူမြို့နယ်မှ ဦးလှိုင်က “ကျွန်တော်တို့ သီတင်းကျွတ်ရုံးပိတ်ရက်မှာ မိသားစုနဲ့အတူ ဘုရားဖူးထွက်လာတာပါ၊ ကျောင်းတော်ဘုရားကိုဖူးပြီး မင်းဘူးမြို့ရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ နဂါးပွက်တောင်တော်နဲ့ ရှင်ပင်စက္ကိန်းတဲစေတီတော်တွေကို ဖူးမြော်ပြီးရင် မကွေး မြသလွန်စေတီတော်ကို ဖူးမြော်သွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားပြည်သူများ တန်ခိုးကြီးဘုရားများကိုလာ ရောက်ဖူးမြော်ရင်း နဂါးပွက်တောင်တော်သို့ ဝင်ရောက်လှေ့လာကြသည့်အတွက် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# MJA မှ သက်ကြီးသတင်းစာပညာရှင် ၁၅၀ အား ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၃**
မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)မှ သိရသည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းမှ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) အသင်းဝင်ထားသော အသက် (၇၅)နှစ်ပြည့်ပြီး သက်ကြီးသတင်းစာပညာရှင် ၁၅၀ ကျော်ကို ပူဇော်ကန်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းအနေဖြင့် အသက် (၇၅)နှစ်ပြည့်ပြီး သက်ကြီးသတင်းစာပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ်မှစတင်ကာ နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် ဆဋ္ဌမအကြိမ်မြောက်ကျင်းပမည့် အခမ်းအနားဖြစ်ပြီး သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် လှူဖွယ်ပစ္စည်းနှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အခန်း (၆၀၃) အမှတ်(၁၇၃/၁၇၅)၊ ၆ လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ MJA ရုံးအဖွဲ့၊ ဖုန်း ၀၉-၄၅၀၈၈၁၀၈၀ သို့ ကိုယ်တိုင် ဆက်သွယ်လာရောက်လှူဒါန်းနိုင်ကြောင်း၊ ငွေသားပေးပို့လှူဒါန်းလိုပါက မြန်မာနိုင်ငံ သတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်မိုး၏ KBZ BANK အကောင့်အမှတ်-၁၂၈၃၀၁၉၉၉၁၆၀၆၉၁၀၁ သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး ပထမဆုရရှိသူအား ဂုဏ်ပြု



**ရန်ကုန် အောက်တိုဘာ ၁၃**
အဘိဓမ္မာသုံးဆင့်တွင် တစ်နိုင်ငံလုံးတွင် ပထမဆုရရှိသူအား ဂုဏ်ပြုပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၂၀)ရပ်ကွက် ဗိုလ်တေဇလမ်းရှိ ဓမ္မပါလဗုဒ္ဓစာပေကျောင်း၌ ကျင်းပသည်။

အဘိဓမ္မာသုံးဆင့်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမဆုရရှိသော လှိုင်သာယာမြို့နယ် အမှတ် (၁) ရပ်ကွက်မှ မမွန်မွန်ကျော်အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ငွေကျပ် ၇၀၀၀၀၀ ခန့်တန်ဖိုးရှိ ရွှေပြားတစ်ခုကို ချီးမြှင့်ခဲ့သည်။

အမှတ် (၂၀) ရပ်ကွက်ရှိ ဓမ္မပါလဗုဒ္ဓစာပေသင်တန်းကျောင်းမှ ၁၅ နှစ်အတွင်း သင်တန်းသား သင်တန်းသူ ၂၆၀၀ ကျော် မွေးထုတ်ခဲ့ပြီး နိုင်ငံတော်အဆင့်တွင် ပထမဆုံးအကြိမ်အဖြစ် ပထမဆုရရှိခြင်းဖြစ်ရာ မြို့နယ်အဆင့်တွင် အဘိဓမ္မာ ၂၀ နှင့် ဋီကာကျော်လေးဦးတို့ ဆုများရရှိခဲ့ကြောင်း သိရသည်။

**သစ္စာ**

# မူလတန်းကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**ညောင်ဦး အောက်တိုဘာ ၁၃**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အေးကျေးရွာကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီခွဲက အဆိုပါကျောင်းရှေ့ရှိ ယာယီမဂ်လာခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်အလှူရှင် ဦးမျိုးမင်းဦးက မြို့နယ်ပညာရေးမှူးသို့ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**

# ကျောင်းပြင်ပ မူလတန်းပညာရေးဇုန်အဆင့် နည်းပြသင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၃**
၂၀၁၉-၂၀၂၀ ပညာသင်နှစ် (ဒုတိယနှစ်ဝက်) ကျောင်းပြင်ပ မူလတန်းပညာရေး ရန်ကုန်ဇုန် နည်းပြသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညို အမှာစကားပြောကြားသည်။



သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဆရာ ဆရာမ ၁၀၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ကိုးရက်ဖြစ်သည်။

ယခု ပညာသင်နှစ်တွင် မြို့နယ် ၈၉ မြို့နယ်ရှိ အခြေစိုက်စခန်း ၄၁၆ စခန်းတွင် ကလေးပေါင်း ၇၅၅၀ တက်ရောက်ပြီး ကျောင်းပြင်ပ မူလတန်းပညာရေး ဆောင်ရွက်သည့် ၁၂ နှစ်တာကာလအတွင်း ကျောင်းနေရန် ခက်ခဲသော ကျောင်းပြင်ပရောက်ကလေး၈၂၀၀၀ကျော်တက်ရောက်ခဲ့ကြကာ ကျောင်းပြင်ပ မူလတန်းပညာရေးမှတစ်ဆင့် အခြေခံပညာ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ဆက်လက်တက်ရောက်သော ကလေးများအနက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူပေါင်း ယခုနှစ်အထိ ၆၃ ဦးရှိခဲ့သည်။

**ကြေးမုံ**



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်အတွက် ရန်ကုန်မြို့နေ ကွယ်လွန်သူဖခင်ကြီး ဦးမျိုးညွန့်အား ရည်စူး၍ ဇနီး ဒေါ်စုစုလွင်၊ သမီး ဒေါက်တာမေသူမျိုးညွန့် (သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး)၊ မြေး မယမင်းမျိုးညွန့်မိသားစုတို့က တတိယအကြိမ် အလှူငွေကျပ် ၁၀ သိန်းကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက အဆိုပါစာကြည့်တိုက်၌ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်နာယက ဦးဘချစ် (ဥဒေါင်းနည်းပြ)လက ်ခံရယူခဲ့စဉ်။
**ကျော်လှ(တောင်ငူ)**

# မီးကြာလှည့်ပွဲ၊ သနပ်ခါးပါးတို့ပွဲကျင်းပနိုင်ရန် မီးအုပ်၊ မီးကြာများလှူဒါန်း

**ဆော အောက်တိုဘာ ၁၃**
ဂန့်ဂေါခရိုင် ဆောမြို့နယ်၌ ဒေသ၏ ရိုးရာဓလေ့ပွဲတော်ဖြစ်သည့် သနပ်ခါးပါးတို့ပွဲနှင့် မီးကြာလှည့်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ပွဲတော်တွင် အသုံးပြုရန် မီးအုပ်၊ မီးကြာများလှူဒါန်းပွဲကို အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီက ဆောမြို့ ဒက္ခိဏာရာမ ရွှေစေတီကျောင်း၌ ပြုလုပ်သည်။

လူငယ်မောင်မယ်များက မီးအုပ်၊ မီးကြာများ ကိုင်ဆောင်၍ မြို့တွင်းလမ်းများသို့ အိုးစည် ဒိုးပတ်ဝိုင်းများဖြင့် လှည့်လည်ကြပြီး ဒက္ခိဏာရာမ ရွှေစေတီကျောင်းတိုက်ဆရာတော်ထံ လှူဒါန်းကြသည်။

အဆိုပါ မီးအုပ်၊ မီးကြာခွက်များအား ပွဲတော်ကာလ မတိုင်မီတစ်လခန့်အလိုမှစ၍ ရောင်စုံစက္ကူ၊ မှန်ရောင်စက္ကူများကို နှီးဖြင့် ပေါင်းစပ်ပြုလုပ်ရကြောင်း သိရသည်။

**စိန်ကျော်**

## တိုတိုထွာထွာဖတ်စရာ

### ဝိဇယာရာမစေတီတော်ကြီး၌ ရွှေသင်္ကန်းကပ်လှူ
**မိုင်းယောင်း**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်၌ တည်ထားလျက်ရှိသည့် ပုဂံရွှေစည်းခုံပုံတူ ဝိဇယာရာမစေတီတော်မြတ်ကြီးအား မျိုးဆက်သစ်ရောင်နီပရဟိတလူမှုကူညီရေးအသင်းနှင့် စေတနာရှင်ပြည်သူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့သည်။

အဆိုပါ ပုဂံရွှေစည်းခုံပုံတူ ဝိဇယာရာမစေတီတော်မြတ်ကြီးကို ဒီဇင်ဘာ ၂၇ ရက်တွင် ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
**စိုင်းအောင်ဇော်လင်း**

### ရွှေသုတ်ဆေးများ ဆက်ကပ်လှူဒါန်း
**ရန်ကုန်**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) အား ရွှေသုတ်ဆေးများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ဘုရားကြီး၏ ဂန္ဓကုဋိတိုက်၌ ကျင်းပသည်။

ရွှေသုတ်ဆေးအလှူရှင် တိကြ်ား ဦးသန်းလှ မိသားစုက ရွှေသုတ်ဆေး ဂါလန် ၄၀၀၊ တင်ဒါ ဂါလန် ၂၀၀ နှင့် ခံဆေး ဂါလန် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
**ရွှေတင်အုန်း**

### နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်
**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၄) ရပ်ကွက် ရှစ်မျက်နှာစေတီတော်ဘုရားဂေါပကအဖွဲ့ကကြီးမှူး၍ နှစ်ကျိပ်ရှစ်ဆူ ဘုရားများနှင့် ရဟန္တာများ အဆူ ၂၀၀ ကျော်တို့အား မြို့ပေါ် ရပ်ကွက်များသို့ အောက်တိုဘာ ၁၂ ရက်က ဒေသစာရီလှည့်လည် အပူဇော်ခံခဲ့ကြောင်း သိရသည်။
**ကိုကျော်(သုံးခွ)**

### သီပေါတွင် သံဃဒါန ဆွမ်းလောင်းပွဲကျင်းပမည်
**သီပေါ**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြို့နယ်လုံးဆိုင်ရာ သံဃဒါန ဆွမ်းတော်ကြီးလောင်းပွဲကို အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပဒေသာပင်များ ပို့ဆောင်ရာတွင် ထုတ်ပြန်ထားသော စည်းကမ်းချက်များအတိုင်း ပို့ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။
**စိုင်း (သီပေါ)**

### ရထားစီးခရီး သည်ဦးရေ နှစ်ဆများပြား
**မုံရွာ**
သီတင်းကျွတ်ရုံးပိတ်ရက် ခရီးသွားလာသူများပြားခြင်းကြောင့် မုံရွာဘူတာအခြေပြု မီးရထားစီးသူ ခရီးသည်ဦးရေ နှစ်ဆများပြားလာကြောင်း မုံရွာဘူတာရုံပိုင် ဦးသန်းထွန်းအေးထံမှ သိရသည်။

"အခါတိုင်းဆို ပုံမှန် ၈၀ လောက်ရှိပြီး အောက်တိုဘာ ၁၀ ရက်ကစပြီး ခရီးသည် ၁၈၀ လောက်ထိရှိလာတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။
**မျိုးဝင်းထွန်း (မုံရွာ)**

### မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်
**ရန်ကုန်**
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း (MLA) နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ (တတိယထပ်)၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ၂၁ရာစု စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဝင်များ၊ စာကြည့်တိုက်လုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေသူများအားလုံး ပါဝင်ဆွေးနွေးနိုင်ကြောင်းသိရသည်။
**ရွှေနန်းမေ(ပြန်ဆက်)**

### ရင်သားကင်ဆာအကြောင်း စာဖတ်ဝိုင်းဆွေးနွေး
**ခင်ဦး**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ပြုလုပ်သော ရင်သားကင်ဆာနှင့်ပတ်သက်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့ပေါ် ငါးရပ်ကွက်မှ အမျိုးသမီး ၅၀ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။
**ခင်ဦးစိုးဝေ**



# မန်စီးတီးက ဝါရင့်ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုကို တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ရန် ကမ်းလှမ်းထား

မန်စီးတီးအသင်းရဲ့ ဝါရင့်ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုကို တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ နည်းပြဂွါဒီယိုလာက ကမ်းလှမ်းထားတယ်လို့ဆိုပါတယ်။ ဘရာဇီးကြယ်ပွင့် ဖာနန်ဒင်ဟိုဟာ မန်စီးတီးအသင်းမှာ ခြောက်နှစ်ကြာ ပါဝင်ကစားပေးထားတာဖြစ်ပြီး နည်းပြဂွါဒီယိုလာကလည်း ဖာနန်ဒင်ဟိုရဲ့ ခြေစွမ်းကောင်းမွန်မှုနဲ့ ပတ်သက်ပြီး ချီးကျူးစကားပြောကြားခဲ့ပါတယ်။

ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုဟာ အသက် ၃၄ နှစ်ရှိပြီဖြစ်တဲ့အတွက် ကစားသမားဘဝ နေဝင်ချိန်ရောက်ရှိနေပြီဖြစ်သော်လည်း အသင်းအတွက်အားထားရတဲ့အတွက် တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်ကမ်းလှမ်းထားတာဖြစ်ပါတယ်။

အသင်းခေါင်းဆောင်ကွန်ပနီ အသင်းကနေ ထွက်ခွာသွားပြီးတဲ့နောက်ပိုင်းမှာ မန်စီးတီးအသင်းရဲ့ ကွင်းလယ်ပိုင်းမှာ ဖာနန်ဒင်ဟိုကိုသာ အားထားနေရတာလည်းဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုဟာ လက်ရှိမှာ တစ်ပတ်လုပ်ခလစာ ပေါင် ၁၂၀၀၀၀ ရရှိနေတာဖြစ်ပြီး အသက်အရွယ်ရလာပြီဖြစ်လို့ မန်စီးတီးအသင်းက နွေရာသီဈေးကွက်အတွင်းက ရိုဒရီကို ခေါ်ယူကာ ကာလကြာရှည် အစားထိုးနိုင်ဖို့ စီစဉ်လာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် မန်စီးတီးအသင်းရဲ့ရလဒ်ပိုင်းဟာ လီဗာပူးအသင်းရဲ့ ရလဒ်ပိုင်းကိုမမီသေးဘဲ လက်ရှိအချိန်မှာ ရှစ်မှတ်အထိကွာဟနေတာဖြစ်ပါတယ်။ အဲဒါကြောင့် ကွင်းလယ်ပိုင်းကို အားဖြည့်ဖို့အတွက် နည်းပြဂွါဒီယိုလာက ကွင်းလယ်ကစားသမားသစ်တစ်ဦးကို ပေါင်သန်း ၁၀၀ သုံးပြီးခေါ်ယူဖို့လည်းစီစဉ်နေတယ်လို့ သိရပါတယ်။

# မန်ယူအသင်းက ဂျူဗင်တပ်တိုက်စစ်မှူး မန်ဇူကစ်ကို ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန် နှုတ်အားဖြင့် သဘောတူညီထား

မန်ယူအသင်းဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ခရိုအေးရှားတိုက်စစ်မှူး မန်ဇူကစ်ကို ခေါ်ယူဖို့စီစဉ်လျက်ရှိပြီး လက်ရှိမှာ ဇန်နဝါရီလတွင် အပြီးသတ်ခေါ်ယူနိုင်ရေးအတွက် နှုတ်အားဖြင့် သဘောတူညီထားတယ်လို့ သိရပါတယ်။

မန်ယူအသင်းအနေနဲ့ တိုက်စစ်မှူး မန်ဇူကစ်ကို ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူဖို့စီစဉ်ခဲ့တာဖြစ်ပြီး ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် ပေါင် ၁၀ သန်းဖြင့်ခေါ်ယူဖို့လည်း သဘောတူညီထားတယ်လို့ဆိုပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားအနေနဲ့ တိုက်စစ်မှူးလူကာကူကို အင်တာမီလန်အသင်းထံ ရောင်းချလိုက်ကတည်းက မန်ဇူကစ်ကို ခေါ်ယူဖို့ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အောင်မြင်မှုမရှိခဲ့တာကြောင့် လာမယ့်ဈေးကွက်မှာ အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူကာ တိုက်စစ်ပိုင်းမှာ ဝါရင့်ကစားသမားတစ်ဦးနဲ့ လူငယ်ခြေတက်ကစားသမားတွေ တွဲဖက်ကစားစေဖို့ နည်းပြဆိုးရှားက ဆုံးဖြတ်ထားတာဖြစ်ပါတယ်။

နည်းပြဆိုးရှားဟာ နွေရာသီကာလအတွင်းက အာရွန်ဝန်ဘစ်ဆာကာ၊ ဒန်နီယယ်ဂျိမ်းစ်နဲ့ မာကွီယာတို့ကို ခေါ်ယူခဲ့ပေမယ့် ချယ်လ်ဆီးအသင်းနဲ့ ပွဲစဉ်မှာ လေးဂိုးပြတ်အနိုင်ရရှိခဲ့တာကလွဲလို့ အခုနှစ်ရာသီ အခြားပွဲစဉ်တွေမှာ တစ်ဂိုးထက်ပိုပြီး ဂိုးမသွင်းနိုင်ခဲ့တဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းကို အားဖြည့်ဖို့စီစဉ်နေတဲ့အပြင် ဇန်နဝါရီဈေးကွက်အတွင်း ကစားသမားအသစ်လေးဦးထိခေါ်ယူဖို့လည်း စီစဉ်နေတာဖြစ်ပါတယ်။




မန်ဇူကစ်ဟာ သူ့ရဲ့ကစားသမားဘဝကို မာဆိုနီယာအသင်းနဲ့အတူ စတင်ခဲ့တာဖြစ်ပြီး ၂၀၀၄ ကနေ ၂၀၀၅ အထိ ၂၃ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၄ ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ၂၀၀၅ ကနေ ၂၀၀၇ အထိ အင်န်ကေဇာဂရက်အသင်းမှာ ကစားခဲ့ပြီး ၅၁ ပွဲမှာ ၁၄ ဂိုးသွင်းယူပေးခဲ့ပါတယ်။

အဲဒီနောက်မှာတော့ မန်ဇူကစ်ဟာ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ ဒိုင်နမိုဇာဂရက်အသင်း၊ ၂၀၁၀ ကနေ ၂၀၁၂ အထိ ဝုလ်စ်ဘတ်အသင်းတို့မှာ ကစားခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ကနေ ၂၀၁၄ အထိ ဘိုင်ယန်မြူးနစ်အသင်းမှာ ကစားခဲ့ပြီး ၅၄ ပွဲမှာ ၃၃ ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မန်ဇူကစ်ဟာ ၂၀၁၄ ခုနှစ်မှာ ဘိုင်ယန်မြူးနစ်အသင်းကနေ အက်သလက်တီကိုမက်ဒရစ်အသင်းကို ပြောင်းရွှေ့ခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ၂၈ ပွဲကစားပေးခဲ့ကာ ၁၂ ဂိုး သွင်းယူပေးခဲ့ပြီး ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းမှာ ၂၀၁၅ ခုနှစ်ကနေ လက်ရှိအချိန်အထိ ၁၁၇ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၀ သွင်းယူပေးထားတာဖြစ်ပါတယ်။




# မန်ယူက ဝက်စ်ဟမ်းကွင်းလယ်လူ ဒီကလန်ရိုက်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ ပေး၍ ခေါ်ယူမည်ဟုဆို

မန်ယူအသင်းဟာ လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ဝက်စ်ဟမ်းအသင်းရဲ့ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူဖို့စီစဉ်လျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ ပေးပြီးခေါ်ယူမယ်လို့လည်း ဆိုပါတယ်။

အသက် ၂၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ဟာ နည်းပြပယ်လီဂရီရဲ့ ဝက်စ်ဟမ်းအသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တဲ့အပြင် အင်္ဂလန်အသင်းမှာလည်း အားထားရတဲ့ကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိမှာ ခြောက်ပွဲအထိ ပါဝင်ကစားပေးထားပါတယ်။

မန်ယူအသင်းကလည်း ကွင်းလယ်ကစားသမားဒီကလန်ရိုက်ရဲ့ ခြေစွမ်းပိုင်းကို စောင့်ကြည့်နေပြီး လာမယ့်ဇန်နဝါရီလအပြောင်းအရွှေ့ကာလအတွင်းမှာ မဖြစ်မနေခေါ်ယူမယ်လို့လည်း ဆိုပါတယ်။ ဒီကလန်ရိုက်ဟာ ဝက်စ်ဟမ်းအသင်းနဲ့အတူ ၂၀၁၅ ခုနှစ်က စတင်ပွဲထွက်ကစားခဲ့ရပြီး ၆၉ ပွဲမှာ နှစ်ဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်

# ရာနီယာရီကို ဆမ်ဒိုးရီးယားအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်

ချယ်လ်ဆီးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ ကလော်ဒီယိုရာနီယာရီကို အီတလီကလပ် ဆမ်ဒိုးရီးယားအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်လိုက်ပြီ ဖြစ်ပါတယ်။

ဆမ်ဒိုးရီးယားအသင်းဟာ အီတလီစီးရီးအေခုနစ်ပွဲမှာ ခြောက်ပွဲအထိရှုံးပွဲကြုံခဲ့ပြီး အမှတ်ပေးဇယားအောက်ခြေမှာ ရောက်ရှိနေခဲ့တာကြောင့် နည်းပြဖရန်စီစကိုအား အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ကာ ရာနီယာရီကို အစားထိုးခန့်အပ်လိုက်တာဖြစ်ပါတယ်။

နည်းပြရာနီယာရီဟာ လက်စတာစီးတီးအသင်းကို ၂၀၁၆ ခုနှစ်က ပရီမီယာလိဂ်ဖလား ရယူပေးခဲ့တဲ့နည်းပြတစ်ဦးဖြစ်ပြီး ပရီမီယာလိဂ်ဖလားရရှိပြီးနောက် ကိုးလအကြာမှာ အသင်းရဲ့ရလဒ်ပိုင်း မကောင်းခဲ့တာကြောင့် ရာနီယာရီကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။

ရာနီယာရီဟာ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာ ပြင်သစ်ပထမတန်းကလပ် နန့်တက်စ်အသင်း နည်းပြအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ဖူလ်ဟမ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့တာဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ ရာနီယာရီကို ရက်ပေါင်း ၁၀၆ ရက်ကိုင်တွယ်စေခဲ့ပြီး ထုတ်ပယ်လိုက်တာကြောင့် ရိုးမားအသင်းနည်းပြအဖြစ်တာဝန်ယူခဲ့ရမှာတော့ အီတလီစီးရီးအေမှာ ရိုးမားအသင်းကို အဆင့်(၆)နေရာမှာ ရပ်တည်ခွင့်ရရှိအောင်စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရာနီယာရီဟာ ဆမ်ဒိုးရီးယားအသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရတာဖြစ်ပါတယ်။



# ငွေဆောင်ကမ်းခြေတွင် အပန်းဖြေလာရောက်သူ ယခင်နှစ်ထက်ပိုမို

**ငွေဆောင် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီးရှိ ငွေဆောင်ကမ်းခြေတွင် သီတင်းကျွတ် ရုံးပိတ်ရက်ရှည်ကာလတွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ငွေဆောင်ကမ်းခြေသည် သဲသောင်ပြင် သန့်ရှင်းခြင်းနှင့် ပင်လယ်ရေကြည်လင်ခြင်းကြောင့် ပင်လယ်ရေစိမ်ခြင်း၊ ရေကူးခြင်းဖြင့် အနားယူရန် နေရာကောင်းဖြစ်၍ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်သည်။ ငွေဆောင်ကမ်းခြေမှတစ်ဆင့် အနီးဝန်းကျင်ရှိ ချစ်သူများကျွန်း၊ ငှက်ကျွန်း၊ မြွေကျွန်း၊ ဘုရားသုံးဆူနှင့် ဆင်စခန်းများသို့ သွားရောက်လည်ပတ်သူများဖြင့် အထူးများပြားလျက်ရှိသည်။

အပန်းဖြေလာရောက်သူများ ဘေးကင်းလုံခြုံစိတ်ချစွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ငွေဆောင်ကမ်းခြေလုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ထားကြောင်း သိရသည်။

ခရီးသွားဧည့်သည်များသည် ယခင်နှစ်ကထက် ပိုမိုများပြားသဖြင့် ဟိုတယ် ၃၃ လုံးနှင့် တည်းခိုခန်းများတွင် အခန်းလွတ်များမရှိကြောင်း သိရသည်။

**မူမူ(ပြန်/ဆက်)**





# သီတင်းကျွတ်လပြည့်နေ့ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကား

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြို့ မြို့ပေါ်ရပ်ကွက်များ၊ စေတီပုထိုးကျောင်းကန်အသီးသီးတို့၌ အောက်တိုဘာ ၁၃ ရက် သီတင်းကျွတ်လပြည့်နေ့တွင် စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက (၉၉) ကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့ကို ကျင်းပလျက်ရှိရာ အဖွဲ့အစည်းပေါင်း ၆၀ ကျော်က မိမိတို့၏အဖွဲ့များအလိုက် စတုဒိသာ ကျွေးမွေးလှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်မတို့ ဒီဘိုးဘွားရိပ်သာမှာ လာရောက်လှူဒါန်းတာ ဒီနှစ်နဲ့ဆို ခြောက်ကြိမ်ရှိပါပြီ။ ကျွန်မတို့ နာယကကြီး ဦးအေးကြူလေးရဲ့ ဖိတ်ခေါ်မှုနဲ့အတူ နှစ်စဉ်ကျွေးမွေးလှူဒါန်းပါတယ်။ ဒီနှစ်မှာတော့ မုန့်ဟင်းခါးအချိုနဲ့ ပိသာ၃၀ လှူဒါန်းပါတယ်" ဟု မြောက်ဥက္ကလာပရှိ မွန်မြတ်စိတ်ထားအခမဲ့ဆေးကုခန်းနှင့် တွယ်ရာမဲ့ဘိုးဘွားရိပ်သာမှ ဒေါ်တင်တင်ဝင်းက ပြောကြားသည်။

အလားတူ ပြည်လမ်းမပေါ်ရှိ တော်ဝင်စင်တာမိသားစုကလည်း နံနက် ၁၀ နာရီမှစတင်ကာ ဒံပေါက်ထမင်းနှင့် အအေးတို့ကို ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**

# အာရှ ယူ-၁၉ ခြေစစ်ပွဲ မြန်မာအသင်း တရုတ်နှင့် ပွဲဦးထွက်ကစားရမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲများကို နိုဝင်ဘာလဆန်းတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အာရှအင်အားကြီးတရုတ်အသင်းနှင့် ပွဲဦးထွက်ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ငါးသင်းပါဝင်သောအုပ်စုများမှာ နိုဝင်ဘာ ၂ ရက်၊ လေးသင်းပါဝင်သည့် အသင်းများမှာ နိုဝင်ဘာ ၆ ရက်တွင်စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သောအုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု (I) တွင် တောင်ကိုရီးယား၊ တရုတ်၊ စင်ကာပူတို့နှင့် ကျရောက်နေပြီး နိုဝင်ဘာ ၆ ရက် ညနေ ၃ နာရီတွင် တောင်ကိုရီးယားနှင့် စင်ကာပူ၊ ညနေ ၆ နာရီတွင် မြန်မာနှင့် တရုတ်၊ နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် စင်ကာပူနှင့် တရုတ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် တောင်ကိုရီးယား၊ နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီတွင် တောင်ကိုရီးယားနှင့် တရုတ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အာရှခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ-ဦးရဲဝင်းအောင်၊ နည်းပြချုပ်- ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ-ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ ဂိုးနည်းပြ-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး-** ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း-** စည်သူမိုးခန့်၊ သက်ဟိန်းစိုး၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ စောထော်နေမူး၊ ကောင်းခန့်ကျော်(၁)၊ မျိုးကိုကိုလင်း၊ **အလယ်တန်း-** အောင်ကိုဦး၊ ရန်ကျော်စိုး၊ ရဲမင်းကျော်၊ နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ မိုးဆွေ၊ ဟိန်းထက်အောင်၊ သူရအောင်၊ ရန်နိုင်လင်း၊ ပြည့်စုံနိုင်၊ **ရှေ့တန်း-** ကောင်းဇင်မိုး၊ လမင်းထွေး၊ ညီညီ၊ စောကျော်အဲ၊ သြဘာခနှင့် ရဲထက်အောင်တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၉ အသင်းသည် စက်တင်ဘာ ၁၂ ရက်တွင် ပဏာမကစားသမား ၂၉ ဦးဖြင့် စခန်းဝင်လေ့ကျင့်ခဲ့ပြီး အကြိုပြင်ဆင်မှုအဖြစ် စက်တင်ဘာ ၂၈ ရက်မှအောက်တိုဘာ ၁ ရက်အထိ ကျင်းပသည့် တရုတ်(တိုင်ပေ)ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် နှစ်ဆန်းပိုင်းကတည်းက စတင်ပြင်ဆင်ခဲ့ပြီး အာဆီယံ ယူ-၁၈ ပြိုင်ပွဲအပါအဝင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ၊ တရုတ်(တိုင်ပေ) ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံဆုတစ်ကြိမ်၊ ဒုတိယတစ်ကြိမ်ရခဲ့သည်။ ထို့ပြင် ကစားသမားများ အတွေ့အကြုံရရန် ပြည်တွင်းပြိုင်ပွဲဖြစ်သော MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံဆုရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် အာရှခြေစစ်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့်အနေဖြင့် အောက်တိုဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



အောက်တိုဘာ ၁၁ ရက် ည ၈ နာရီက သုဝဏ္ဏ (ခ) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းအသိပညာပေး ဟောပြောပွဲ ကျင်းပစဉ်။

ကြေးမုံ



၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ **ဓာတ်ပုံ-စိုးညွန့်**

# ကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီ မြန်မာအသင်းပြည်ပခြေစမ်းပွဲကစားမည်

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားဒုတိယအဆင့်ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် ကစားရမည့် ခြေစစ်ပွဲမတိုင်မီ ပြည်ပခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲများအတွက် ကြိုတင်ပြင်ဆင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲကစားရန် စီစဉ်ထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုနှစ်ပွဲကို အိမ်ကွင်းကစားရမည်ဖြစ်သောကြောင့် ယင်းပွဲများကိုလက်ခံကျင်းပမည့် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ နိုင်ငံတကာခြေစမ်းပွဲကစားရန် စီစဉ်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် အသင်းများ ဖိတ်ကြားလျက်ရှိပြီး အာရှအသင်းတစ်သင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ယခုလအတွင်း စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာအသင်းသည် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်းပွဲတွင် တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းနှင့် အိမ်ကွင်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိ၊ ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲတွင် ခုနစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရလဒ်မကောင်းသေးဘဲအုပ်စုသုံးပွဲတွင် သုံးပွဲစလုံးရှုံးနိမ့်ထားသည်။ ပထမအကျော့တွင် သုံးပွဲဆက်ရှုံးထားသည့် မြန်မာအသင်းအနေဖြင့် ပထမအကျော့နောက်ဆုံးပွဲဖြစ်သည့် တာဂျစ်ကစ္စတန်နှင့်ပွဲတွင် ရလဒ်ကောင်းရန် လိုနေသလို မွန်ဂိုလီးယားနှင့်ပွဲတွင်မူ ဂိုးပြတ်အနိုင်ရရန် လိုအပ်နေသည်။

ပထမအကျော့ အဝေးကွင်းပွဲတွင် အရှုံးနိမ့်ထားသောကြောင့် ဒုတိယအကျော့ အိမ်ကွင်းပွဲတွင် နှစ်ဂိုးနှင့်အထက် အနိုင်ရမှသာ မွန်ဂိုလီးယား၏အထက်တွင် ရပ်တည်နိုင်မည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု (F) တွင် ဂျပန်နှင့် တာဂျစ်ကစ္စတန်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင်ခြောက်မှတ်၊ ကာဂျစ္စတန်အသင်းကနှစ်ပွဲကစားတစ်ပွဲနိုင်၊ တစ်ပွဲရှုံးသုံးမှတ်၊ မွန်ဂိုလီးယားအသင်းကသုံးပွဲကစားတစ်ပွဲနိုင်၊ နှစ်ပွဲရှုံးသုံးမှတ်ရထားပြီး မြန်မာအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ရှိုင်းထက်ဇော်**

# အဘိဓမ္မာအခါတော်နှင့် သုံးဆယ့်တစ်ဘုံ

ဒေါက်တာ မောင်ဖြေ

ဗုဒ္ဓမြတ်ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၂၁ ရက်အလွန် ၂၂ ရက်မြောက်နေ့တွင် ဗောဓိပင်၏ အနောက်မြောက်ဘက် အရပ်၌ နတ်တို့ ဖန်ဆင်းအပ်သော ရတနာရွှေအိမ်သို့ ကြွတော်မူပြီးလျှင် နယုန်လဆန်း ၇ ရက်မှ ၁၃ ရက်အထိ အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူသည်။

**ဝိသဒ္ဒမဂ္ဂူဝိညေယျအသံတော်အင်္ဂါရှစ်ပါး**

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ၊ ဝါဆိုလပြည့်နေ့တွင် မြတ်ဗုဒ္ဓသည် သန္တုသိတမယ်တော် မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်ရန် တာဝတိံသာနတ်ပြည်သို့ ကြွချီတော်မူသည်။ ဗုဒ္ဓမြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ မယ်တော်မိနတ်သား အမှူးပြုသော စကြဝဠာတိုက်များစွာမှ နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။ ထိုနှစ်သီတင်းကျွတ်လပြည့်နေ့က ဗုဒ္ဓဟောကြားသော မြတ်ဗုဒ္ဓ၏အသံတော်သည် ''ဝိသဒ္ဒမဂ္ဂူဝိညေယျ''စသော အသံတော် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံနေပေသည်။

**ခွဲခြားသတ်မှတ်ထား**

ဘူမိစတုက္ကတရားလေးပါး၏ ''ဘူမိ'' မှ ''ဘုံ'' သို့ ပါဠိတော် သဘာဝအရ ခေါ်ဝေါ်ကြပါသည်။ ပရမတ္ထဇောတိကျမ်းတွင် ဘူမိစတုက္ကတရားလေးပါးအား ၁၉၆၅ ခုနှစ် ဇူလိုင်လထုတ် ဗိုလ်အေးမောင် ဘာသာပြန်ထားသော အဘိဓမ္မာသဘောတရား စာအုပ်ဖော်ပြချက်အရ ''ဘုံ'' သည် ''ဘဝဖြစ်တည်ရာ ''ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဘူမိစတုက္ကတရားလေးပါးတွင်လည်း သုံးဆယ့်တစ်ဘုံအား ဆင်းရဲအတိ ချမ်းသာခြင်းမရှိသည့် အပါယ်လေးဘုံ၊ တပ်မက်မှုအပေါင်းကြီးစိုး၍ ကောင်းမွန်သောနေရာဖြစ်သည်။ ကာမသုဂတိခုနစ်ဘုံ၊ ရုပ်နှင့်ဆိုင်ရာ ရူပဝါစရ တစ်ဆယ့်ခြောက်ဘုံ၊ ရုပ်မဲ့ဘုံ လေးဘုံဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။ သုံးဆယ့်တစ်ဘုံအား လေ့လာရာတွင် ၁၈၈၃ ခုနှစ်ထုတ် ဗြိတိသျှစာကြည့်တိုက်မှ ကူးယူရရှိထားသော ၃၁ ဘုံ အမည်ကိုလည်း မူရင်းသတ်ပုံအတိုင်း ဖော်ပြလိုက်ပါသည်။ ထို့အတူ ၁၈၈၃ ခုနှစ်ထုတ် ဗြိတိသျှစာကြည့်တိုက်မှ ကူးယူရရှိထားသော ၃၁ ဘုံအကြောင်းသည် နှစ်ပေါင်း ၁၃၅ နှစ်ခန့်ကြာခဲ့ပြီးဖြစ်၏။

ပါဠိတော်အရ “ဘုံ” ဆိုသည်မှာ “ဘဝ” ဖြစ်တည်ရာ ဟူသော အနက်အဓိပ္ပာယ်ဟု မှတ်သားနိုင်ပါ၏။

**မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက်**

ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီးလေးပါးအား မြင်တော်မူ၍ ညသန်းခေါင်အချိန်တွင် ဖွားဖက်တော် မောင်ဆန်နှင့်အတူ ကဏ္ဍကမြင်းအား စီးတော်မူပြီး သက္ကတိုင်း၊ မာဂဓတိုင်း စသဖြင့် တိုင်းတို့အား ဖြတ်ကျော်ကာ အနော်မာသောင်ကမ်းသို့ အရောက်တွင် မောင်ဆန်အား နေပြည်တော်ပြန်လွှတ်ခဲ့ပြီး သန်လျက်တော်ဖြင့် ဆံတော်ပယ်၍ အဓိဋ္ဌာန်ပြု၍ကာ ကောင်းကင်သို့မြှောက်တင်ခဲ့ရာ “ဆံတော်” အား ဃဋိကဗြဟ္မာကြီးမှ ပင့်ဆောင်တော်မူပြီး စူဠာမဏိစေတီတည်တော်မူပါ၏။ ဘုရားလောင်း နန်းဝတ်နန်းစားဖြင့် ရှိနေ၍ သဟမ္ပတိ ဗြဟ္မာကြီးမှ ကြာဖူးအတွင်း ဗုဏ်သိမ်းထားသော သင်္ကန်းတော်မြတ် ဆက်ကပ်သဖြင့် သင်္ကန်းဝတ်ကာ ရဟန်းအသွင်ဖြင့် တရားရှာရန် ရာဇဂြိုဟ်ဘက်သို့ ထွက်တော်မူရာ ပဏ္ဍဝတောင်ခြေတွင် ဗိမ္ဗိသာရမင်းကြီးနှင့် တွေ့ဆုံပြီး တရားဓမ္မအားထုတ်သူတို့ပေါ်များသည့် မိဂဒါဝုန်တောသို့ ထွက်တော်မူသည်။ ပထမဆုံး ဥဒကရာမပုတ္တရသေ့ကြီးနှင့် တွေ့၍ ရသေ့ကြီးက ဆရာစားမချန်ဘဲ နည်းမှန်လမ်းမှန် တရားကျင့်တော်မူရာ (နေဝသညာ၊ နာသညာ) အလွန်နူးညံ့သိမ်မွေ့ ပေါ့ပါး ပါးလွှာမှုသဘော ရှိသော တရားများ ပေါက်မြောက်ခဲ့ပါသည်။

မြတ်ဗုဒ္ဓ (၇) ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူသည်။ (၇)ဝါမြောက်နတ်ပြည်သို့ မကြွမြန်းမီ ဒိဋ္ဌိတက္ကတွန်းတို့က အနှောင့်အယှက်ပေးတော်မူသည့်အတွက် သရက်ဖြူပင်အခြေတွင် မဟာပြာဋိဟာ ဒုတိယ



ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဆံတော်ပယ်ပုံ ရေးဆွဲထားသည့် သရုပ်ဖော်ပန်းချီကို တွေ့ရစဉ်။
ဓာတ်ပုံ-The Illustrated History of Buddhism

အဆင့်ဖြစ်သော တန်ခိုးတော်ဖြစ်သည့် မျက်လုံးနှစ်ဖက်မှ မီးအလျှံထွက်လျက် နားတော်နှစ်ဖက်နှင့် နှာပေါက်ဝနှစ်ခုတို့မှ ရေတော်များထွက်ခြင်းအား တစ်လှည့်စီရေနှင့်မီးဆန့်ကျင်ဘက် သဘာဝနှစ်ခုအား အံ့သြဖွယ်တန်ခိုးပြတော်မူခဲ့သဖြင့် တက္ကတွန်းတို့ အရှုံးကြီးရှုံးခဲ့ကြသည်။ ထိုကဲ့သို့ တန်ခိုးတော်အား မြတ်ဗုဒ္ဓ(၄၅)ဝါကာလအတွင်း သုံးကြိမ်ပြသတော်မူခဲ့ပါသည်။

**ကပ္ပိလဝတ်နေပြည်တော်သို့**

ဘုရားလောင်းဘဝ၌ ဒုက္ကရစရိယာကျင့်တော်မူစဉ် ရေပူရေအေး ကပ်လှူသူများဖြစ်ကြသည့် ပဉ္စဝဂ္ဂီငါးပါးတို့အား ဘုရားဖြစ်ကြောင်းပြောကြားသည့်သဘောဖြင့် မဟာပြာဋိဟာကို ပထမဆုံးပြတော်မူသည်။ ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးကလည်း တပေါင်းလ သာယာပုံအား ဂါထာတော် (၆၄) ဂါထာဖြင့်ပူဇော်ကာ ကပ္ပိလဝတ်နေပြည်တော် ပြန်ကြွတော်မူရန် လျှောက်ထားသဖြင့် ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်တွင် ဒုတိယမြောက်ဝါဆိုခဲ့ပြီး ကပ္ပိလဝတ်နေပြည်တော်သို့ ယူဇနာ(၆၀) ခရီးအား နှစ်လကြာမြင့်စွာ လမ်းလျှောက်ကြွတော်မူခဲ့၏။ တစ်ယူဇနာ ဇရပ်တစ်ဆောင် ဆောက်လုပ်ရန် ကာဠုဒါယီအမတ်ကြီး စီမံတော်မူခဲ့သည်။ နေပြည်တော်ရောက်သော် သုဒ္ဓေါဒနမင်းကြီး စီမံထားအပ်သော နိဂြောဓာရုံကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူ၏။

မြတ်ဗုဒ္ဓ (၇)ဝါမြောက် ဝါဆိုရန် တာဝတိံသာသို့ ကြွတော်မူပြီး တစ်ဝါတွင်းလုံးအဘိဓမ္မာတရားနှင့် သုတ္တံတရားများ ဟောကြားလေသည်။ ဝါတွင်းသုံးလပတ်လုံး မြတ်ဗုဒ္ဓဟောကြားသည့် တရားတော်တို့အား နေ့စဉ် အရှင်သာရိပုတ္တရာမထေရ် တပည့်ရဟန်းငါးရာတို့အား တစ်ဆင့် ပြန်လည်၍ မကျဉ်းမကျယ် ဟောကြားစေခဲ့သည်။

**ရှင်အာနန္ဒာ၏ ဆောင်ရွက်ချက်များ**

ဂေါတမမြတ်ဗုဒ္ဓသာသနာတော်တွင် ရှင်အာနန္ဒာသည် အထူးချွန်ဆုံးဧတဒဂ်ဘွဲ့ ငါးဘွဲ့ ရရှိတော်မူသည်။ အဆိုပါဘွဲ့များမှာ (က) ဗဟုသုတဧတဒဂ်၊ (ခ) သုတဧတဒဂ်၊ (ဂ) ဂဋ္ဌိဧတဒဂ်၊ (ဃ) ဌိတိဧတဒဂ်၊ (င) ဥပသကာဧတဒဂ် များဖြစ်သည်။

မြတ်ဗုဒ္ဓဝါတော် (၂၀) ရောက်မှ ရှင်အာနန္ဒာ အနီးကပ်ပြုစုလုပ်ကျွေးခွင့်ရသည်။ မြတ်ဗုဒ္ဓထံမှ ပယ်လေးပါး၊ ပန်လေးပါးဆုပေးမှသာလျှင် ရှင်အာနန္ဒာ အနီးကပ် ပြုစုခွင့်ရပါသည်။

**ပန်လေးပါးဆုတောင်း**

(က) မိမိပင့်လျှောက်ရာဌာနသို့ ကြွရောက်ပေးမည်၊ (ခ) တိုင်းတစ်ပါးသားများနှင့်အတူ တရားနာယူခွင့် ရှိရမည်၊ (ဂ) ယုံမှားသံသယရှိလျှင် ခဏချင်း မေးခွင့်ပြုရမည်၊ (ဃ) မိမိနောက်ကွယ် ဟောသောတရားများအား ပြန်လည်ဟောကြားပေးရမည်ဟူ၍ ဖြစ်သည်။

**ပယ်လေးပါးဆုတောင်း**

(က) မိမိပင့်ဖိတ်ရာအရပ်သို့ မကြွရောက်ဘူးဆိုလျှင်၊ (ခ) ကျောင်းတော်ရှိဆွမ်းများ ပေးမဘုန်းဘူးဆိုလျှင်၊ (ဂ) ဗုဒ္ဓထံလှူထားသောသင်္ကန်း ပေးမစွန့်ဘူးဆိုလျှင်၊ (ဃ) ဂန္ဓကုဋီတိုက်အတွင်း အတူပေးမနေဘူးဆိုလျှင် မြတ်ဗုဒ္ဓအား အနီးကပ်ပြုစုလုပ်ကျွေးပါမည်ဟူ၍ ဖြစ်လေသည်။

မြတ်ဗုဒ္ဓဟောကြားသောအဘိဓမ္မာ(၇)ကျမ်းမှာ(က) ဓမ္မသင်္ဂဏီ၊ (ခ) ဝိဘင်္ဂကျမ်း၊ (ဂ) စတုကထာ၊ (ဃ) ပုဂ္ဂလပညတ္တိ၊ (င) ကထာဝတ္ထု၊ (စ) ယမိုက်၊ (ဆ) ပဋ္ဌာန်းကျမ်းတို့ ဖြစ်သည်။

**မာရ်ငါးပါးအောင်မြင်**

မြတ်ဗုဒ္ဓမာရ်ငါးပါးဖြစ်သော ဒေဝပုတ္တမာရ်၊ အဘိသင်္ခါရမာရ်၊ ကိလေသမာန်၊ ခန္ဓမာရ်၊ မစ္စုမာရ်တို့အား အောင်မြင်ပြီးနောက် မိုတ်သောမျက်စိနှင့် ဝိမုတ္တိသုခ ခံစားစဉ် ကျင်ကြီးကျင်ငယ်မစွန့်၊ အာဟာရမသုံး၊ ရေမသောက်၍ (၇)ရက် (၇)လီနေထိုင်ခြင်းကို ပလ္လင်္ကသတ္တာဟဟု ခေါ်ပါသည်။ (၇)ရက်ပြည့်လျှင် အနိမိသကုန်ဗောဓိညောင်ပင်၏ မြောက်စူးစူး ၁၁ လံအကွာအဝေးမှ ဗောဓိညောင်ပင်အားကြည့်ရှု၍ (၇) ရက် ဝိမုတ္တိသုခခံစားခြင်းကို အနိမိသသတ္တာဟဟု ခေါ်ပါသည်။ ဗောဓိညောင်ပင်နှင့် အနိမိသကုန်းမြေအကြား (၇)ရက် စင်္ကြံလျှောက် ဝိမုတ္တိသုခ ခံစားခြင်းကို စင်္ကမဃရစံအိမ်တော်ကြွပြီး (၇)ရက်ပဋ္ဌာန်းကျမ်းအား ဆင်ခြင်တော်မူရာ သဗ္ဗညုတဉာဏ်တော်ရ (ဌာန) အား ရတနာဃရ သတ္တာဟုလည်းကောင်း၊ ထိုမှ အဇပါလဆိတ်ကျောင်း ညောင်ပင်အားသွားရောက်၍ ဝိမုတ္တိသုခခံစားမှုကို အဇပလသတ္တာဟု လည်းကောင်း၊ မုစ္စလိန္ဒာရေအိုင်အနီး ကျီးပင်၌ ဝိမုတ္တိသုခခံစားခြင်းကို မုစ္စလိန္ဒသတ္တာဟဟု လည်းကောင်း၊ ရာဇာရတန(ခ) လင်းလွန်းပင်ရင်း၌ (၇) ရက်ဝိမုတ္တိသုခခံစားခြင်းကို ရာဇရတနသတ္တာဟု လည်းကောင်း၊ (၇) ရက် (၇)လီ ဌာနစုစုပေါင်း ၄၉ ရက်ကြာမြင့်သွားသဖြင့် နတ်မင်းကြီးလေးပါးဖြစ်သည့် ကုဝေရ၊ ဝိရုဠှက ၊ ဝိရူပက္ခ၊ ဓတရဋ္ဌတို့မှ သပိတ်တော်ကိုယ်စီဖြင့် ဓိဖြူသီး၊ ဖန်ခါးသီး၊ တစုသီးနှင့် မစုအရည်တို့ကို ဆက်ကပ်ကြ၏။

**ကြောက်မက်ဖွယ်ရာ အပါယ်လေးဘုံ**

ဤကဲ့သို့ဖြင့်ဆိုအပ်သော ၃၁ ဘုံမှ စာတမ်းအချို့အား အဘိဓမ္မာသဘောအရ သိရှိရပါသည်။ နှစ်ပိုင်းခွဲခြား လေ့လာပါက အဆိုးဆုံးသော အပါယ်လေးဘုံ ကြောက်မက်ဖွယ်ကောင်းမှုနှင့် ကာမသုဂတိဘုံတို့၏ နှစ်သက်ဖွယ်ကောင်းကျိုးများအား သိရှိစေမည်ဖြစ်ပါ၏။ ရူပဝါစရ တစ်ဆယ့်ခြောက်ဘုံတို့၏ ကျင့်ကြံအားထုတ်နိုင်ရန်စိတ်များပေါ်ပေါက်လာခြင်းနှင့် အရူပ(ရုပ်မဲ့)ဘုံအား ဘုရား ရဟန္တာတို့သာ ပေါက်မြောက်နိုင်သည့် တရားတို့အား ပူဇော်ကြရမည်ဖြစ်ပါ၏။ ထို့ကြောင့်လူတို့သည် ကုသိုလ်ကမ္မဖလ “ဆယ်ပါး”အား နာကြားပြီး ကျင့်သုံးလျှင် ကောင်းကျိုးချမ်းသာများ မလွဲမသွေရနိုင်၍ ပျက်ကွက်ခဲ့၊ မလိုက်နာခဲ့ပါလျှင် အပါယ်လေးဘုံသို့ရောက်ရှိနိုင်ကြောင်း သတိကြီးစွာ ထားမိပါစေရန် ဤသီတင်းကျွတ်လပြည့် အခါသမယ သုံးဆယ့်တစ်ဘုံနှင့် အဘိဓမ္မာတရားတော်ကို ဖော်ပြအပ်ပါသတည်း။

## မူဆယ်မြို့ ဆင်ဖြူဈေးတွင် ကျင်းပသည့် နိဗ္ဗာန်ဈေးအလှူပွဲတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ



**မူဆယ် အောက်တိုဘာ ၁၃**

မူဆယ်မြို့ ဆင်ဖြူဈေးကော်မတီအဖွဲ့က ဦးဆောင်ကာ ဆင်ဖြူဈေးရှိ ဈေးသူ၊ ဈေးသားများနှင့် ပူးပေါင်း၍ ဆင်ဖြူဈေးတွင် ပထမအကြိမ် ကျင်းပသည့် နိဗ္ဗာန်ဈေးအလှူပွဲကို အောက်တိုဘာ ၁၂ ရက် ည ၇ နာရီမှ စတင်ကျင်းပရာ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

**လည်ပတ်သူများဖြင့်စည်ကား**

သီတင်းကျွတ်ရုံးပိတ်ရက်တွင် ကျင်းပသည့် နိဗ္ဗာန်ဈေးအလှူပွဲ၌ အောက်တိုဘာ ၁၂ ရက် ညနေပိုင်းတွင် အစားအသောက်မျိုးစုံကို လှူဒါန်းကျွေးမွေးခဲ့ရာ လူမျိုးပေါင်းစုံ လာရောက်လည်ပတ်ကြပြီး လာရောက်သူတိုင်းကို လက်မှတ်များပေးအပ်သည်။ လက်မှတ်တွင်ပါရှိသည့် နံပါတ်အလိုက် အစားအသောက်မုန့်မျိုးစုံကို လာရောက်သူတိုင်း ထုတ်ယူကြသည်။ အဆိုပါ နိဗ္ဗာန်ဈေးတွင် ဗမာတိုင်းရင်းသားအက၊ မင်းသားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ဆီမီးဖယောင်းတိုင်များ ထွန်းညှိခြင်းနှင့် လာရောက်လည်ပတ်သူများဖြင့် စည်ကားသည်။

ဆင်ဖြူဈေးတွင် ပထမအကြိမ် ကျင်းပသည့် နိဗ္ဗာန်ဈေး အလှူပွဲ ဒုတိယမြောက်နေ့ကို အောက်တိုဘာ ၁၃ ရက် ည ၇ နာရီတွင် စတင်ပြီး ဆိုင်ကယ် တစ်စီးအပါအဝင် အခြားဆုမဲပေါင်းများစွာကို ကံစမ်းမဲ ဖောက်ပေးခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

# သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ပေါင်းလောင်းဆိပ်ကမ်းသာနှင့် လှေခွင်းတောင်ကမ်းခြေအပန်းဖြေစခန်းတို့တွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ


အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိစဉ်။

သီတင်းကျွတ် ရုံးပိတ်ရက်အတွင်း မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီး ဘုရားများ၊ အထင်ကရနေရာများ၊ အပန်းဖြေစခန်းများနှင့် ပန်းခြံများသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသလို ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၊ ပေါင်းလောင်းဆိပ်ကမ်းသာ အပန်းဖြေစခန်းနှင့် လှေခွင်းတောင် ကမ်းခြေ အပန်းဖြေစခန်းတို့သို့လည်း အနယ်နယ်အရပ်ရပ်မှ ခရီးသွား ပြည်သူများ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်ကား လျက်ရှိသည်ကို တွေ့ရသည်။

**စည်ကား**

သီတင်းကျွတ် လပြည့်နေ့တွင် နေပြည်တော်ရှိ အမျိုးသားအထိမ်း အမှတ်ဥယျာဉ်သို့ နံနက် ၇ နာရီမှ စတင်၍ ခရီးသွားပြည်သူများ ဆိုင်ကယ် ဖြင့်တစ်ဖုံ၊ ကားဖြင့်တစ်သွယ် တစ်ဖွဲဖွဲ ရောက်ရှိလာကြပြီး ဥယျာဉ်အတွင်း၌ တိုင်းရင်းသားရိုးရာအိမ်ပြကွက်များ ကို ခြေကျင်ဖြင့် လှေ့လာသူများ၊ ကား ဖြင့် လေ့လာသူများ၊ ဘက်ထရီ ဆိုင်ကယ်ငှားရမ်း၍ လေ့လာသူများ၊ တိုင်းရင်းသားရိုးရာဝတ်စုံဝတ်ဆင်၍ ဓာတ်ပုံရိုက်ကူးကြသူများ၊ အပန်းဖြေ ကြသူများဖြင့် စည်ကားလျက်ရှိသည်။

"နေပြည်တော် အမျိုးသားအထိမ်း အမှတ်ဥယျာဉ်တွင် ခါတိုင်းရက်ဆို လူဝင်ခွင့်ရော၊ ကားလက်မှတ်ရော နံနက် ၈ နာရီမှ ရောင်းပါတယ်။ ဒီနေ့ ကတော့ သီတင်းကျွတ်ရုံးပိတ်ရက် လည်းဖြစ်၊ လပြည့်နေ့လည်းဖြစ်တော့ လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေ က နံနက် ၇ နာရီကတည်းက ရောက်ရှိ နေတဲ့အတွက် ၇ နာရီခွဲကတည်းက လူဝင်ခွင့် လက်မှတ်နဲ့ ကားလက်မှတ် ကို ရောင်းပေးပါတယ်" ဟု အမျိုးသား အထိမ်း အမှတ်ဥယျာဉ် လက်ထောက် မန်နေဂျာ ဒေါ်မေသော်ဝင်းထိန်က ပြောသည်။



ဒေါ်မေသော်ဝင်းထိန်


မစံပယ်


ဦးအောင်နိုင်လင်း


မောင်မျိုးရန်ကျော်


ဒေါ်စန်းစန်းအေး


ကိုထွန်းဝေ


ကိုမျိုးဦး

**ပျော်ရွှင်မှုရရှိ**

နေပြည်တော်ရှိ အမျိုးသားအထိမ်း အမှတ်ဥယျာဉ်ကို အုပ်ချုပ်မှုဝန်ထမ်း ၆၀၊ ကုမ္ပဏီကိုးခုဖြင့် လည်ပတ်လျက် ရှိကာ လာရောက်အပန်းဖြေ လည်ပတ် သည့် ပြည်သူများ စိတ်ချမ်းမြေ့ပြီး ပျော်ရွှင်မှုရရှိစေရန် ဖျော်ဖြေမှုပုံစံ အမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိ ကြောင်း သိရသည်။

"အမျိုးသားအထိမ်း အမှတ်ဥယျာဉ် ထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုကို ကုမ္ပဏီကိုးခုက သူ့အပိုင်းနဲ့သူ တာဝန်ယူပြီး လာရောက် လည်ပတ်တဲ့ သူတွေကို ဖျော်ဖြေမှုပုံစံမျိုးစုံနဲ့ ဝန်ဆောင်မှုပေးကြပါတယ်။ Golden Flower မှာဆိုရင် နားနေနိုင်တဲ့ Guest House လေးတွေရှိတယ်။ သဘော်လေး တွေလည်း စီးလို့ရပါတယ်၊ ချင်း ပြည်နယ်မှာဆိုရင် ရေလျှောလျှောစီးရှိ မယ်၊ မွန်ပြည်နယ်မှာဆိုရင် ရေဘောလုံး တို့၊ ချစ်ဘဲလှေတို့ စီးလို့ရတဲ့အပြင် ကစားကွင်းလည်း ရှိပါတယ်။ ရှမ်း ပြည်နယ်ပိုင်းကတော့ အေဒင်ကုမ္ပဏီ က အပိုင်းပါ၊ သူက ဖျော်ဖြေမှုအကြီး အစားလုပ်နေလို့ လက်ရှိအခြေအနေ မှာ မပြီးသေးပါဘူး။ ရောရွှေဝါမှာဆိုရင် သရဲအိမ်ရှိမယ်။ Golden Flower ဆိုရင် မှော်ဝင်အိမ်ရှိမယ်။ ရန်ကုန်တိုင်း ဒေသကြီးမှာဆိုရင် သေနတ်ပစ်ကွင်းရှိ မယ်၊ Max Myanmar တာဝန်ယူထားတဲ့ ရခိုင်ပြည်နယ်မှာဆိုရင် တိုက်ကားရှိပါ မယ်" ဟု ဒေါ်မေသော်ဝင်းထိန်က ဆက်လက်ပြောသည်။

ရမည်းသင်းမြို့နယ် အင်တိုင်း ကျေးရွာမှ မစံပယ်က "နေပြည်တော် ကို ခရီးထွက်တာ ဒါနဲ့ဆို နှစ်ကြိမ်ရှိ ပါပြီ။ ကလေးတွေ ကျောင်းပိတ်လို့ အိမ်နီးနားချင်းတွေစုပြီး ခရီးထွက် လာတာပါ။ စုစုပေါင်း အယောက် ၂၀ ပါ။ အခုတိုင်းရင်းသားကျေးရွာ ပြီးရင် ရေပန်းဥယျာဉ်နဲ့ ဘုရားဘက်တွေကို ဆက်သွားမှာပါ။ တိုင်းရင်းသားအိမ် လေးတွေက နေချင်စဖွယ်လေးတွေပဲ။ ပျော်လည်းပျော်တယ်။ ဗဟုသုတ တွေလည်း အများကြီးရပါတယ်" ဟု ပြောသည်။

**လာရောက်ပို့ဆောင်**

သီတင်းကျွတ် ရုံးပိတ်ရက်အတွင်း နေပြည်တော်ရှိ အထင်ကရနေရာများ၊ တန်ခိုးကြီး ဘုရားများ၊ တိရစ္ဆာန် ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ရေပန်း ဥယျာဉ်၊ ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲ အပါအဝင် အမျိုးသားအထိမ်း အမှတ်ဥယျာဉ် (နေပြည်တော်)သို့ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ များ ဦးဆောင်၍ ကျောင်းသား ကျောင်းသူများအတွက် ဗဟုသုတ ရစေရန် လာရောက်ပို့ဆောင်မှုများ လည်းရှိသည်။

"ကျွန်တော်က ပညာအောင်ပန်း ကိုယ်ပိုင်ကျောင်းက ဆရာပါ။ ဒီကို ကျောင်းသားခုနစ်ယောက်နဲ့အတူ လာတာပါ။ ပျဉ်းမနား နှစ်ကျိပ်ရှစ်ဆူ က တအားစည်တယ်ကြားလို့ လာရင်း နဲ့ နေပြည်တော်အနှံ့ လည်ပတ်တာပါ။ အောက်တိုဘာ ၁၀ ရက်က ရောက် တာပါ။ ၁၄ ရက်နေ့ထိနေမှာပါ။ အခု တိုင်းရင်းသားကျေးရွာပြီးရင် ဆာဖာရီ နဲ့ နေပြည်တော်တိရစ္ဆာန် ဥယျာဉ်ဘက် ဆက်သွားပါမယ်။ ပိတ်ရက်လေးမှာ ခုလိုလည်ပတ်ပေးတော့သူတို့လေးတွေ စိတ်လက်ပေါ့ပါးမယ်။ ဒေသအသိ အမြင် ပိုတိုးလာမယ်လို့ မြင်ပါတယ်။ သူတို့လေးတွေ စာပိုကြိုးစားချင်စိတ်ကို တွန်းအားလေးပေးတဲ့အနေနဲ့ ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်ဘက်တွေကိုပါ လိုက်ပို့ပေးဖို့ စီစဉ်ထားပါတယ်" ဒိုက်ဦး မြို့မှ ကျောင်းဆရာ ဦးအောင်နိုင်လင်း က ပြောသည်။

နတ်မောက်မြို့မှ ကျောင်းသား မောင်မျိုးရန်ကျော်က "ကျွန်တော် ဆယ်တန်း ဖြေထားပါတယ်။ အားလပ်ရက် အခါကြီးရက်ကြီး ဆိုတော့ မိဘတွေ၊ မောင်နှမတွေအတူ လာလည်တာပါ။ တိုင်းရင်းသားကျေးရွာ ကို သဘောကျတဲ့အချက်က ကိုယ့် မြန်မာနိုင်ငံမှာရှိတဲ့ ဒေသတွေကို တစ်နေရာညတည်းမှာ လည်ပတ်လို့ ရအောင် လုပ်ပေးထားတာကိုပါ။ ကိုယ်မသိသေးတဲ့ မြို့တွေကိုလည်း သိရတယ်။ ဒေသန္တရဗဟုသုတတွေ အများကြီး ရလိုက်ပါတယ်။ နေပြည်တော်က တခြားနေရာတွေကို လည်း ဆက်သွားဦးမှာပါ" ဟု ပြောသည်။

လက်ပံတန်းမှ ဒေါ်စန်းစန်းအေးက "နေပြည်တော်ကိုလာတာ ပထမဆုံး အကြိမ်ပါ။ နေပြည်တော်မှာ အစ်မတွေ ရှိတယ်။ ပြီးတော့ ကလေးတွေ ကျောင်း ပိတ်ရက်ကို အမျိုးတွေဆုံရအောင် လာရင်းနဲ့ ဒီဘက်တွေကို လာလည်ဖြစ် တာပါ။ ဒီမှာခြောက်ရက်လောက်နေ မှာပါ။ ဗုဒ္ဓဂါယာဘက်ကနေ တိုင်းရင်းသားကျေးရွာကို ကူးလာတာ ပါ။ ဒီကနေ နေပြည်တော်မြို့အနှံ့ တစ်နေကုန်လည်မှာပါ။ ကလေးတွေ လည်းပိတ်ရက် အမျိုးတွေလည်းစုံဆို တော့ ကားမူးတတ်ပေမယ့် တအား ပျော်နေပါတယ်" ဟု ပြောသည်။

အလားတူ သီတင်းကျွတ်လပြည့်နေ့ တွင် ပေါင်းလောင်းဆိပ်ကမ်းသာ အပန်းဖြေစခန်းနှင့် လှေခွင်းတောင် ကမ်းခြေအပန်းဖြေစခန်းတို့၌လည်း ရေကစားသူများ၊ အနယ်နယ် အရပ်ရပ်မှ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်ကား လျက်ရှိသည်ကို တွေ့ရသည်။

**ဖွင့်လှစ်ထား**

"ကျွန်တော်က လှေခွင်းတောင် ကမ်းခြေအပန်းဖြေစခန်း ရေလုပ်သား (လှေမောင်း)ပါ။ ဒီပိတ်ရက်တွေမှာ လာရောက်လည်ပတ်သူ နေ့တိုင်း ၇၀၀ ကနေ ၁၀၀၀ လောက်ထိရှိပါ တယ်။ ပေါင်းလောင်းဆိပ်ကမ်းသာ ဆိုင်လေးကတော့ တစ်နေကုန် ဖွင့်ပါ တယ်။ လှေခွင်းတောင် အပန်းဖြေစခန်း ကတော့ ညနေ ၆ နာရီထိ ဖွင့်ပါ တယ်။ ဒီကိုရောက်တဲ့သူတွေက မနက် ဘက်ကို ဘုရားတက်ဖူးကြတယ်။ ပြီးရင်ရေကစားကြ၊ စားကြသောက်ကြ ဆိုတော့ မွန်းလွဲ ၂ နာရီလောက်ကနေ မိုးချုပ်ထိ ကြိတ်ကြိတ်တိုးစည်ကားပါ တယ်။ လူကြီးရော ကလေးပါ ရေ အန္တရာယ်ကင်းရှင်းအောင် စောင့်ကြည့် ပေးနေပါတယ်။ ကလေးတွေအတွက် ရေဆိပ်တွေ တိမ်တဲ့နေရာလေးတွေ လုပ်ပေးထားပါတယ်။ ကိုယ့်ဒေသမှာ ဒီလိုစည်ကားနေတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်" ဟု လှေခွင်းတောင် ခါမကျေးရွာမှ ကိုထွန်းဝေက အပန်းဖြေစခန်းများ ဖွင့်လှစ်ထားမှုနှင့် ပတ်သက်၍ ပြောသည်။

နေပြည်တော်မှ ကိုမျိုးဦးက "ကလေး တွေ ကျောင်းပိတ်ရက်မှာ ရန်ကုန်က အမျိုးတွေ လာလည်ကြလို့ လိုက်ပို့ တာပါ။ ခုလို ပိတ်ရက်ရတော့ မိသားစု ကို အချိန်ပေးနိုင်လို့ ကျေနပ်မိပါ တယ်။ ကလေးတွေကလည်း တအား ပျော်နေကြတယ်။ သူတို့ ပျော်နေတာ တွေ့ရတော့ ကိုယ်က ပိုပျော်ရပါတယ်။"

"ညီမတို့က အားလုံးရခိုင်လူမျိုးတွေ ပါ။ ကျောက်ဖြူနဲ့ အမ်းဘက်ကပါ။ ရန်ကုန်မှာ စုပြီး စက်ချုပ်ကြပါတယ်။ အခုပိတ်ရက်ရလို့ နေပြည်တော်ကို တစ်ခါမှ မရောက်ဖူးသေးတာနဲ့ လာလည်တာပါ။ အလုပ်ခွင်မှာ ပင်ပန်းသမျှ အခုမှ အတိုးချနားရလို့ ပျော်နေပါတယ်" ဟု ရန်ကုန် စက်ချုပ်(ရခိုင်)အဖွဲ့က ပြောသည်။

**ကိုမင်း၊ ခင်စုစုလှိုင်**


လှေခွင်းတောင်ကမ်းခြေ အပန်းဖြေစခန်းတွင် ရေကစားနေသူများကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့တွင် အင်းလေးဒေသ၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိ

ညောင်ရွှေ အောက်တိုဘာ ၁၃

**မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကပါ လူသိများထင်ရှားကျော်ကြားသည့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးဒေသသည် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ လာရောက်လည်ပတ်လေ့ရှိသည့် နေရာတစ်ခုဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။**



"အင်းလေးဖောင်တော်ဦးဘုရားကို ဖူးချင်လို့ မိသားစုနဲ့ မြစ်ကြီးနားကနေ လာခဲ့တာပါ။ လပြည့်နေ့မှာ ဖူးမြော်ရတဲ့အတွက် ရင်ထဲမှာ ဝမ်းသာကြည်နူးမိတယ်။ နောက်ပြီး ဒီကဒေသခံတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေကိုလည်း လေ့လာသိရှိခွင့်ရတယ်။ အားလုံးကလည်း ရင်းနှီးဖော်ရွေကြတယ်။ မြင်တွေ့ရတဲ့ ရှုခင်းတိုင်းကလည်း စိတ်ကိုကြည်နူးလန်းဆန်းစေပါတယ်။ အဝေးကြီးကလာရပေမယ့် ဘုရားဖူးလိုက်ရတဲ့အတွက် ပင်ပန်းသမျှအားလုံးကို ပြေပျောက်စေပါတယ်"ဟု ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ မိသားစုနှင့် ဘုရားလာဖူးသူ ဦးတိုးက ပြောပြသည်။

အင်းလေးဒေသ၏ ထူးခြားမှုမှာ သဘာဝရေချိုကန်ကြီးဖြစ်သည့် အင်းလေးကန်တည်ရှိခြင်းနှင့် ယင်းကန်၌ တန်ခိုးကြီးဘုရားဖြစ်သည့် အင်းလေးဖောင်တော်ဦးဘုရား တည်ရှိခြင်း၊ ရေပေါ်အိမ်များနှင့် ရေပေါ်စိုက်ခင်းများရှိခြင်း၊ အင်းသားတို့က လှေကိုလက်ဖြင့်မလှော်ဘဲ ခြေဖြင့်လှော်ခတ်ခြင်း စသည့် ထူးခြားမှုများက ပြည်တွင်း ပြည်ပ ခရီးသွားများအား ဆွဲဆောင်လျက်ရှိပေသည်။

**ယဉ်ကျေးမှုဓလေ့စရိုက်တွေကို လေ့လာခွင့်ရ**

မန္တလေး ကျောက်ဆည်ဘက်မှ မိသားစုနှင့် ဘုရားလာဖူးသူ ကိုမင်းထွန်းက "ရုံးပိတ်ရက်မှာ ရှမ်းပြည်နယ်ဘက်ကို ဘုရားလည်းဖူးရင်း ကလေးတွေကိုလည်း ဒေသန္တရဗဟုသုတတွေ ရစေချင်လို့ မိသားစုနဲ့ ခရီးထွက်လာတာပါ။ ကလေးတွေအနေနဲ့ တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်တွေကို လေ့လာခွင့်ရမယ်။ ထူးခြားတဲ့အရာတွေကိုလည်း သူတို့အနေနဲ့ မြင်တွေ့ခွင့်ရသွားမယ်။ ဒါ့အပြင် ရိုးရာရက်ကန်းအထည်တွေအကြောင်းလည်း ဆည်းပူးခွင့်ရမယ်။ အဲဒီလိုရည်ရွယ်ချက်နဲ့ ဘုရားဖူးခရီးထွက်လာတာပါ။ ဒီရက်တွေက နေရာတိုင်းမှာ လူစည်ကားတယ်။ လူများပေမယ့်လည်း ရုံးပိတ်ရက်နဲ့ ကလေးတွေကျောင်းပိတ်ရက်မှပဲ ခရီးထွက်ဖြစ်တာပါ။ ဒီလိုလပြည့်နေ့မှာ ဖောင်တော်ဦးဘုရားကို ဖူးမြော်ရတဲ့အတွက် စိတ်ထဲမှာ ဝမ်းမြောက်မိပါတယ်"ဟု ပြောသည်။

"ဒီရက်က လပြည့်နေ့လည်းဖြစ်၊ ရုံးပိတ်ရက် ခရီးသွားရာသီလည်းဖြစ်တော့ ပြည်တွင်းရော ပြည်ပပါ ခရီးသွား တော်တော်များတယ်။ အရင်နှစ်တွေထက် ပိုများတယ်။ အဲဒီလိုများတဲ့အတွက် အစ်မတို့ဆိုင်အနေနဲ့ သာမန်ရက် ရောင်းဈေးထက်လျှော့ပြီး ခရီးသွားတွေ အဆင်ပြေအောင် ရောင်းချပေးတယ်။ ပြည်တွင်းက လူတွေက ချည်ထည်အဝယ်များတယ်။ ပြည်ပကတော့ ငွေထည်တွေ အဝယ်များပါတယ်။ ခရီးသွားတွေအနေနဲ့ ဈေးလည်းဝယ်ရင်း ရိုးရာငွေထည်နဲ့ချည်ထည်လုပ်ငန်းအကြောင်းတွေကိုလည်း လေ့လာလို့ရပါတယ်"ဟု ငွေစင်ထွန်း အမည်ရှိ အင်းရိုးရာ ငွေထည်နှင့်ချည်ထည်အရောင်းဆိုင်ပိုင်ရှင် မမြတ်ပန်းအိက ပြောသည်။

အင်းလေးဒေသသို့ ရောက်ရှိပါက ခရီးသွားများအနေဖြင့် ညောင်ရွှေမြို့မှ တစ်ဆင့် စက်လှေငှားကာ အင်းလေးဘက်သို့ သွားရောက်ရာတွင် ခရီးသွားများ ရောက်ရှိသည့်နေရာများအနေဖြင့် အင်းလေးဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ ငါးဖယ်ချောင်း ရှေးဟောင်းဘုန်းကြီးကျောင်း၊ အင်းရိုးရာ ငွေထည်နှင့် ချည်ထည်များ ရောင်းချသည့်ဆိုင်တို့ဖြစ်ပြီး အဆိုပါနေရာများသို့ စက်လှေများက အများဆုံးပို့ဆောင်ပေးလေ့ရှိကြောင်း သိရသည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ပို့ဆောင်ရာတွင် ယနေ့ လပြည့်နေ့၌ ပုံမှန်ပို့ဆောင်သည့် နေရာများအပြင် မိုင်းပျိုးကျေးရွာသို့ ထပ်တိုးပို့ဆောင်ပေးကြောင်း စက်လှေဆရာ ကိုထူးက ပြောပြသည်။ ပို့ဆောင်ပေးသည့် အဓိကအချက်မှာ ဖောင်တော်ဦးမြတ်စွာဘုရား အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီပူဇော်ခံပွဲဖြစ်သည့်အတွက် လပြည့်နေ့တွင် မိုင်းပျိုးကျေးရွာ၌ အပူဇော်ခံရောက်ရှိနေခြင်းကြောင့် ဘုရားဖူးခရီးသွားပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ဒီရက်က လပြည့်နေ့လည်းဖြစ် ဖောင်တော်ဦးဘုရား ကြွချီအပူဇော်ခံတဲ့ပွဲတော်ရက်လည်းဖြစ်တော့ တိုးမပေါက်အောင် လူတွေစည်တယ်။ ဒီနေ့က မိုင်းပျိုးကျေးရွာမှာ အပူဇော်ခံတာဖြစ်တဲ့အတွက် အဲဒီကိုရောက်အောင်သွားပြီး ဖူးမြော်ရတယ်။ ရပ်နီးရပ်ဝေးက လာရောက်ဖူးမြော်တဲ့ ဘုရားဖူးတွေ အများကြီးပဲ။ လူများပေမယ့် ဘုရားကိုရည်စူးပြီး လာရောက်ဖူးမြော်ရတဲ့အတွက် ပင်ပန်းမှုတွေအားလုံး ပြေပျောက်စေပါတယ်။ လာရောက်ဖူးမြော်တဲ့သူတွေအနေနဲ့လည်း ကုသိုလ်တွေရကြမှာပါ" ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက်သူ ဒေါ်လှလှဦးက ဖူးမြော်ကြည်ညိုမှုကို ပြောသည်။

**ကြွချီပူဇော်ခံလျက်ရှိ**

ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီပူဇော်ခံပွဲကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှ လပြည့်ကျော် ၃ ရက်နေ့အထိ ၁၈ ရက်တိုင်တိုင် အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီပူဇော်ခံလျက်ရှိကြောင်း၊ ထိုသို့ ကြွချီပူဇော်ခံရာတွင် ရုပ်ပွားတော် ငါးဆူအနက် တနင်္ဂနွေထောင့် လယ်ယာရံ ရဟန္တာတစ်ဆူမှာ လိုက်ပါတော်မမူဘဲ ကျန်လေးဆူသာ ကြွချီတော်မူကြောင်း ဒေသခံများ၏ ပြောဆိုမှုအရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–အေးမင်းသူ**

# သီတင်းကျွတ်လပြည့်နေ့တွင် စစ်ကိုင်းမြို့ရှိ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးများဖြင့် စည်ကား

**စစ်ကိုင်း အောက်တိုဘာ ၁၃**

ယခုနှစ် ရုံးပိတ်ရက်ရှည်ကာလဖြစ်သော သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့ဖြစ်သည်နှင့်အညီ စစ်ကိုင်းမြို့ရှိ တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးကုသိုလ်ပြုလုပ်ဒါန်းရန် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသည့် ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



**ကြိတ်ကြိတ်တိုး စည်ကား**

ခရီးသွားများသည် စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်စေတီတော်နှင့် ကောင်းမှုတော် ဘုရားများသို့ သွားရောက်ကာ ဆွမ်းနှင့် ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ တောင်ပေါ်မှ စစ်ကိုင်းရှုခင်းများကို နောက်ခံထား၍ အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည့်အပြင် ဒေသထွက်ကုန် သနပ်ခါးများနှင့် ရိုးရာအစားအစာများကို ဝယ်ယူအားပေးကြရာ ရင်ပြင်တော်ပေါ်တွင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

**စိတ်ပေါ့ပါးလွတ်လပ်မှုရ**

''ကျွန်မတို့ ဝန်ထမ်းတွေအတွက် ဒီနှစ် သီတင်းကျွတ်ရုံးပိတ်ရက်ကလည်း ခရီးထွက်ဖို့ အချိန် လုံလုံလောက်လောက်ရတဲ့အပြင် နယ်က ဆွေမျိုးတွေကလည်း မန္တလေးနဲ့ စစ်ကိုင်းဘုရားတွေ ဖူးမြော်ချင်တယ်ဆိုလို့ ဒီခရီးစဉ်ကို လာခဲ့တာပါ။ မနေ့ကတော့ မန္တလေးက မဟာမုနိနဲ့ ကုသိုလ်တော်ဘုရားကို ဝင်ရောက်ဖူးမြော်ခဲ့ပါတယ်။ ဒီနေ့လပြည့်နေ့မှာတော့ စစ်ကိုင်းက ဆွမ်းဦးပုညရှင်နဲ့ ကောင်းမှုတော်ဘုရားကို ဖူးမြော်ဖို့ လာခဲ့တာပါ။ ရုံးပိတ်ရက်ရှည် ခံစားခွင့်ရတဲ့ကာလလေးမှာ စိတ်ပေါ့ပါးလွတ်လပ်မှုရဖို့နဲ့ ကုသိုလ်ပြုနိုင်ဖို့ အခုလိုဘုရားဖူးခရီးစဉ်တွေ ထွက်သင့်ပါတယ်''ဟု ရန်ကုန်မြို့ ရေကြောင်းပညာသိပ္ပံမှ ဒေါ်စောသန္တာရွှေက ပြောသည်။

စစ်ကိုင်းမြို့သို့ ဘုရားဖူးလာရောက်ကြသည့် ခရီးသွားပြည်သူများသည် စစ်ကိုင်းမြို့ရှိ ဥမင်သုံးဆယ်ဘုရားများနှင့် ရှေးဟောင်းဘုရားများအား လှည့်လည်ဖူးမြော်ကြသည့်အပြင် ဒေသထွက်ကုန်သီးနှံများနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း အမှတ်တရ ဝယ်ယူကြသည့်အတွက် စစ်ကိုင်းမြို့လုံးအနှံ့ ဘုရားဖူးခရီးသွားများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျန်းမာရေးနှင့်ညီညွတ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စားသုံးနိုင်ပါစေ

## သန်းဦး(လေးမျက်နှာ)



ယနေ့ခေတ်ကာလတွင် လူတို့စားသုံးနေကြသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများသည် စားသုံးသူများအတွက် ထင်သလောက် အန္တရာယ်မကင်းတော့ပေ။ အဘယ်ကြောင့်ဆိုသော် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ စသည့်ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲလာခြင်းကြောင့် စားသုံးသူများအတွက် အန္တရာယ်ရှိလာနေပြီ ဖြစ်သည်။ ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲထားခြင်းကြောင့် အဆိုပါဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ဓာတုဓာတ်ကြွင်းများ ကျန်ရစ်နေခြင်းကြောင့် လူတို့စားသုံးမိပါက အစာအဆိပ်သင့်ခြင်း၊ ကြာရှည်စွာစားသုံးလာခြင်းကြောင့် ကင်ဆာရောဂါနှင့် အခြားသောရောဂါများ ဖြစ်ပွားမှုနှုန်းများလာသည်မှာ သေချာပေသည်။

သို့ပါ၍ အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးသူအန္တရာယ်ကင်းနိုင်ရန် ရည်ရွယ်၍ ယခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီးက ''Our Actions are our Future. Healthy Diets for A Zerohunger World. '' ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။ လူသားတိုင်း အသက်ရှင်သန်မှုအတွက် အစားအစာမှာ အဓိကလိုအပ်ချက်ဖြစ်သည်။ အစားအစာရှိသော်လည်း လုံလောက်မှုမရှိလျှင်၊ ဘေးကင်းမှုမရှိလျှင် ရောဂါဘယများ ဖြစ်လွယ်မှုနှင့်သက်တမ်းစေ့မနေရမှုများ ဖြစ်လာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် အစားအစာနှင့် အာဟာရမှာ လူမှုဘဝ ဖွံ့စည်းတည်ရှိမှုအပေါ်အဓိကသက်ရောက်နေမည်ဖြစ်သည်။

### ထိခိုက်မှုများဖြစ်စေ

လူသားများ အသက်ရှင်ကျန်းမာရေးအတွက် အာဟာရပြည့်ဝမှုမှာ အဓိကအချက်ဖြစ်သည်။ အာဟာရပြည့်စုံသည့်အစားအစာ စားသုံးနိုင်ရန် သားငါး၊ သီးနှံအမည်မျိုးစုံစားသုံးရန် လိုအပ်သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်းဖြစ်ပေါ်လာသည့် ကမ္ဘာ့ရွာဖြစ်တည်လာမှု၊ မြို့ပြပုံစံဖြစ်ပေါ်လာမှုနှင့် ဝင်ငွေတိုးတက်လာသည့် အကျိုးဆက်များကြောင့် မိမိတို့၏စားသောက်မှုအလေ့အကျင့်နှင့် စားသောက်မှုပုံစံများမှာ သိသာထင်ရှားစွာ ပြောင်းလဲလာခဲ့ကြသည်။ သဘာဝအသီးအနှံ၊ အစေ့အဆန်စားသုံးမှုမှ တိရစ္ဆာန်ထွက်အစားအသောက်များ၊ အဆီ၊ အချိုနှင့် အငန်ဓာတ် လွန်ကဲစွာပါဝင်လာသည့်အသင့်စားအစားအသောက်များကို ပိုမိုစားသုံးလာကြသည်။ ကျန်းမာရေးနှင့်မညီညွတ်သည့်အစားအသောက်များနှင့် နေထိုင်မှုအလေ့အကျင့်များကြောင့် ရောဂါဘယများမှာ ဖွံ့ဖြိုးဆဲနှင့် ဆင်းရဲသည့်နိုင်ငံများ၌သာမက ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပါ ဖြစ်ပွားလျက်ရှိသည်။ တစ်ဖက်မှာလည်း သီးနှံ၊ သားငါးထုတ်လုပ်မှုမှာ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရမှုများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲမှုတို့ကလည်း စားသုံးသူများ၏ကျန်းမာရေးကို ထိခိုက်မှုများဖြစ်စေလျက်ရှိသည်။

ဘေးအန္တရာယ်ကင်းပြီး လတ်ဆတ်၍ အာဟာရပြည့်ဝသည့် အမည်စုံဟင်းသီးဟင်းရွက်များကို အချိန်မရွေး ခူးဆွတ်စားသုံးနိုင်စေရန်နှင့် ပိုလျှံသည်များကို ရောင်းချ၍ အပိုဝင်ငွေများရရှိစေရန်၊ ဒေသဈေးကွက်တွင် အာဟာရပြည့်ဝသောဟင်းသီးဟင်းရွက်များ ရောင်းချနိုင်ရန် ရည်ရွယ်လျက် မဲခေါင်-လန်ချန်းအထူးရန်ပုံငွေအဖွဲ့၏ အထောက်အပံ့ဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရန် အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးစီမံကိန်းအဖြစ် (Home Garden) နှင့် အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် ဟင်းသီးဟင်းရွက်စိုက်ခင်းများ (School Garden) အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်

ပြည်သူများအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး အာမခံချက်ရှိသောစားသောက်ကုန်များ စားသောက်လာနိုင်စေရန်ရည်ရွယ်လျက် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့်၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း ၁၅၅ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၃၃၄ ဦးကို ပို့ချခဲ့ကြောင်း သိရသည်။ ထို့အပြင် ဌာန၌မှတ်ပုံတင်ထားသော စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် ဓာတုနှင့်အဏုဇီဝဓာတ်ခွဲစမ်းသပ်မှု ၂၆၆၅ ကြိမ်ကို ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်သည့်နေရာတွင် ပြည်တွင်းစားသုံးမှုအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့်အစားအသောက်များ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ကြီး၏အဆိုအရ လူသားများ၏သမိုင်းတစ်လျှောက်တွင် စားနပ်ရိက္ခာအတွက် အပင်မျိုးစိတ်ပေါင်း ၆၀၀၀ ကျော် စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါ ကမ္ဘာ့လူသားများစားသုံးသည့် အပင်မှထွက်ရှိသောအစားအသောက်များ၏ ၆၆ ရာခိုင်နှုန်းမှာ အပင်မျိုးစိတ် ကိုးမျိုးမှသာ ထုတ်လုပ်စားသုံးနေကြကြောင်း တွေ့ရှိရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများ ထုတ်လုပ်သည့်နေရာတွင် ဇီဝမျိုးစိတ်စုံလင်လှသည့်သီးနှံများမှာလည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အားလျော်စွာ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသည့် မြန်မာ့ဒေသမျိုးများမှ မျိုးစပ်မွေးမြူခြင်းအပါအဝင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ ရယူစိုက်ပျိုးနိုင်ရေး အလွန်အရေးကြီးလှသည်။ သို့ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးစေ့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားမျိုးစေ့မူဝါဒ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

> အစားအသောက်ထုတ်လုပ်သူ တောင်သူလယ်သမား လုပ်ငန်းရှင်များအနေဖြင့် အာဟာရပြည့်ဝရေးဆိုင်ရာ ဗဟုသုတများနှင့် မိမိတို့၏ ထုတ်ကုန်များကို အရေအတွက်ပိုင်းသက်သက်သာမကဘဲ အရည်အသွေးပိုင်းပါ ပြည့်ဝမှုရှိရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြသည့်နေရာတွင် ၂၀၅၀ ပြည့်နှစ်တွင် ရှိလာမည့် ကမ္ဘာ့လူဦးရေ ကိုးဘီလီယံအတွက် စားနပ်ရိက္ခာဖူလုံမှုရှိရန် ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်ဖြစ်သလို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များဖြစ်ရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်

### ၂၈ မျိုးအထိ ထုတ်ပေးနိုင်ခဲ့

ထို့အပြင် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များအတွက် အန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် စိုက်ပျိုးရေးထုတ်ကုန်များ ရေရှည်စိုက်ပျိုးထုတ်လုပ်ရန်ရည်ရွယ်လျက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ GAP နှင့် Organic နည်းစနစ်များ ထွန်းကားလာစေရေး ဆောင်ရွက်လျက်ရှိရာမှာ GAP Guidelines ကို အာဆီယံ GAP နှင့်အညီ ထုတ်ပြန်နိုင်ခဲ့ပြီး သီးနှံအမည်အသစ်များ တိုးတက်သတ်မှတ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏လျှောက်ထားလာမှုကို GAP Protocol ၁၆ ချက်နှင့်အညီ စိစစ်ပြီး ထောက်ခံချက်လက်မှတ်(Certificate) များ ထုတ်ပေးလျက်ရှိရာတွင် သီးနှံအမည်ပေါင်း ၂၈ မျိုးအထိ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ မြန်မာ Organic စံချိန်စံညွှန်းရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အာဆီယံ Organic စံချိန်စံညွှန်းများကို အခြေခံရေးဆွဲပြီး ဌာနအသီးသီးနှင့်အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့်အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ မြန်မာ Organic စံချိန်စံညွှန်းစာအုပ်အား ထုတ်ဝေပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် အစားအစာများကို လူတကာလက်လှမ်းမီနိုင်ပြီး သင့်တင့်မျှတသောဈေးနှုန်းဖြင့်ရရှိရန် လိုအပ်ပေသည်။ စိုက်ပျိုးရေးကို မှီခိုအားထားလုပ်ကိုင်နေကြသည့် တောင်သူလယ်သမားများနှင့် အစားအစာထုတ်လုပ်သည့်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါလှပြီး ကမ္ဘာကြီး၏အနာဂတ်ကို ပုံဖော်ကြမည်ဖြစ်သည်။ အစားအသောက်ထုတ်လုပ်သူ တောင်သူလယ်သမား လုပ်ငန်းရှင်များအနေဖြင့် အာဟာရပြည့်ဝရေးဆိုင်ရာ ဗဟုသုတများနှင့် မိမိတို့၏ ထုတ်ကုန်များကို အရေအတွက်ပိုင်းသက်သက်သာမကဘဲ အရည်အသွေးပိုင်းပါ ပြည့်ဝမှုရှိရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြသည့်နေရာတွင် ၂၀၅၀ ပြည့်နှစ်တွင် ရှိလာမည့်ကမ္ဘာ့လူဦးရေကိုးဘီလီယံအတွက်စားနပ်ရိက္ခာဖူလုံမှုရှိရန် ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်ဖြစ်သလို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များဖြစ်ရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြရာတွင် လက်ရှိမိမိတို့ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ ယုတ်လျော့လာသည့် သဘာဝအရင်းအမြစ်များနှင့်လိုက်လျောညီထွေဖြစ်စေရေး၊ တိုးတက်လာသည့်နည်းပညာများကို အသုံးပြုရေး၊ အစားအသောက်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များကို တိုးတက်ထုတ်လုပ်ရေး စသည့်လုပ်ငန်းတာဝန်များကို အစိုးရ၊ လုပ်ငန်းရှင်နှင့် လယ်သမားများကဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စားနပ်ရိက္ခာထုတ်လုပ်ရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် လုပ်ငန်းများအနေဖြင့် ထုတ်လုပ်သည့်နေရာတွင် အာဟာရတန်ဖိုး ပြည့်ဝစွာပါဝင်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုရေး၊ လုပ်ငန်းငယ်များအား ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး၊ စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် ပတ်သက်သည့် တတ်သိပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့်ပတ်သက်၍ အာဟာရပြည့်ဝရေးဆိုင်ရာ အသိပညာဖြန့်ဝေရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေးတို့ကို အစဉ်တစိုက် ထည့်သွင်းစဉ်းစားလုပ်ကိုင်ကြရမည်ဖြစ်သည်။

### ထိထိရောက်ရောက်ဆောင်ရွက်

အစိုးရများအနေဖြင့် စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် သိုလှောင်ဖြန့်ဖြူးရေးတို့တွင် ထိရောက်မှန်ကန်သည့် မူဝါဒနှင့်လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ရမည်ဖြစ်သလို စားသုံးသူပြည်သူလူထုအတွက်လည်း အစားအသောက်နှင့်စားသုံးမှုပုံစံတို့ မှန်ကန်ထိရောက်မှုရှိစေရေး ပညာပေးအစီအစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံ၏အစားအသောက်ဆိုင်ရာ လမ်းညွှန်ချက်များ (Food-based Dietary Guidelines) ကို ချမှတ်ဆောင်ရွက်လျက်ရှိကြသည်။ သို့အတွက် မြန်မာနိုင်ငံအနေဖြင့် လက်ရှိနိုင်ငံသူနိုင်ငံသားများနှင့် အနာဂတ်ကလေးသူငယ်များအတွက် အစားအသောက်ဆိုင်ရာ လမ်းညွှန်ချက်များ (Food-based Dietary Guidelines)ကို ချမှတ်ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသည့်လမ်းညွှန်ချက်နှင့်အညီ (FAO) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး (FAO) ၏ယခုနှစ်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုနှင့် ကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အထူးသဖြင့်ကျေးလက်နေပြည်သူများအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများလုံလောက်ပိုလျှံစွာ စားသုံးနိုင်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ တောက်ပသောအနာဂတ်လူ့အဖွဲ့အစည်းကြီးအပေါ် အထူးတလည်အကျိုးကျေးဇူးသက်ရောက်လိမ့်မည်ဟု ယုံကြည်မိသည်။


### အားလုံးအတူလက်တွဲကြိုးပမ်း

အာဟာရပြည့်စုံကြွယ်ဝသည့်သီးနှံမျိုးစုံ ရရှိစားသုံးနိုင်စေရန်အတွက် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် သန့်ရှင်းဘေးကင်းပြီး အာဟာရပြည့်စုံသည့် စားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ကြရေး အစိုးရအသီးသီး၏ မူဝါဒထိန်းကျောင်းမှု၊ စိုက်ပျိုးထုတ်လုပ်သူများ၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းရှင်များ၏ စိတ်စေတနာ မွန်မြတ်စွာ ပူးပေါင်းပါဝင်မှုများမှာ အရေးကြီးသည်။ လူသားတို့၏ အဓိကလိုအပ်ချက်ဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် အားလုံးအတူလက်တွဲကြိုးပမ်းကြရမည်ဖြစ်သည်။

ဘေးကင်းသည့်၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများစားသုံးနိုင်မှသာ လူ့သက်တမ်းစေ့နေရမည်ဖြစ်သည်။ FAO ၏ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်မှာ ကမ္ဘာ့လူသားအားလုံး၏ ကျန်းမာရေး၊ သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် အဓိကအရေးပါသည့်အချက်ကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်ပေသည်။ ။



သီတင်းကျွတ်လပြည့်ည ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။
ဓာတ်ပုံ– တင်စိုး



သီတင်းကျွတ်လပြည့်ညက ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်၌ တရားဘာဝနာပွားများ အားထုတ်နေကြစဉ်။
ဓာတ်ပုံ– ရွှေအင်းသား ခင်မောင်ဝင်း



သီတင်းကျွတ်လပြည့်နေ့တွင် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ဒေသစာရီ ကြွချီအပူဇော်ခံစဉ်။
ဓာတ်ပုံ – စိုင်းအယ်ဘဲ(ညောင်ရွှေ)



နေပြည်တော် ဗုဒ္ဓဂါယာ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ – သတင်းစဉ်



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။ ဓာတ်ပုံ – မင်းဇော်သိန်း



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ရောင်စုံမီးပန်းများဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပစဉ်။
ဓာတ်ပုံ – မြင့်မောင်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ခင်ခင် (ပဲခူး)

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ် (C-7)နေ (ဦးသောင်းရွှေ)၏ ဇနီး၊ ဦးဇော်မင်း(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)-ဒေါ်ခင်မိမိ၊ ဦးဇော်ဝင်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ကြည်ကြည်ဦး၊ ဦးဇော်ဗိုလ်(အင်ဂျင်နီယာ)-ဒေါ်မာလာအေး၊ (ဦးထွန်းဆန်း)-ဒေါ်ရွှေဇင်ဦးတို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃:၃၀ နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ခင်မင်ရင်းနှီးသူများအား ဝမ်းနည်းစွာဖြင့် အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အနိစ္စ

# တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

---

## ဗိုလ်မှူးကြီးခင်မောင်မြင့် (ငြိမ်း) (ရေ/၁၀၇၇)

### စစ်တက္ကသိုလ် အပတ်စဉ်(၁)
### ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) လ-ဝ-က

### အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်မှူးစိုးအုပ်(ငြိမ်း)-ဒေါ်ခင်မြ]တို့၏ သားကြီး၊ မြိတ်မြို့နေ (ဦးဖော်ရှင်-ဒေါ်သန်းရွှေ)တို့၏ သားသမက်၊ [ဗိုလ်မှူးကြီးဘိုရှိန်း(ရေ)-ဒေါ်ခင်ခင်အုန်း]၊ ဦးခင်မောင်မောင်-ဒေါ်ခင်ဆွေဆွေ၊ ဦးခင်မောင်တင့်-ဒေါ်အေးအေးတင့်၊ (ဦးမင်းအောင်)-ဒေါ်ရီရီနွယ်၊ (ဦးမြင့်အောင်)-ဒေါ်ခင်ခင်ငြိမ်း၊ [ဦးခင်မောင်ငြိမ်း(ဦးကုသလ)-ဒေါ်ဝင်းဝင်းအေး]၊ ဦးဇော်ဝင်း-ဒေါ်ရင်ရင်ချစ်၊ ဗိုလ်ကြီးမျိုးမြင့်ထွဋ်(ငြိမ်း)-(ဒေါ်ခင်သန်းသန်းဦး)တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ရတနာလမ်း၊ အောင်ရတနာဥယျာဉ်အိမ်ရာ၊ အမှတ်(အက်စ်-၅)နေ (ဒေါ်ကြင်ဟုန်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသောင်းကျော်ဦး)-ဒေါ်လွင်မာဦး၊ ဒေါ်အေးအေးမြင့်၊ ဦးစိုးမြင့်ဦး-ဒေါ်ဥမ္မာမြင့်၊ ဦးစိုင်းသီဟ-ဒေါ်အိအိထွေး(V T C L)၊ ဒေါ်ပြည့်ပြည့်ဖြိုးမြင့် တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မောင်အာကာဖြိုးကျော်၊ ဒေါက်တာသုခစိုး၊ မောင်မင်းသုကျော်၊ မနွေးအိန္ဒြေကျော်၊ မောင်ဥက္ကာဖြိုးကျော်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၀-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးပါလွင်

### အသက်(၉၈)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံ၊ အဘစ်ကျေးရွာ

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အဘစ်ကျေးရွာနေ ဦးပန်းသာ-ဒေါ်နွယ်တို့၏သား၊ ရန်ကုန်မြို့၊ တိုက်(၅၄)၊ အခန်း(၁)၊ စံပြ ဖ-ဆ-ပ-လ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဒေါ်အေးထိန်)၏ခင်ပွန်း၊ ဒေါ်ကျင်သန်း၊ ဦးဝင်းတင်-ဒေါ်တင်ရီ၊ (ဦးသိန်းဝင်း)-ဒေါ်ဂရီးတာ၊ ဦးကျော်ထွန်း-ဒေါ်သန်းနု၊ ဒေါ်အေးရှင်၊ ဦးဝင်းနိုင်-ဒေါ်စန်းတင့်၊ ဦးမြင့်ဆန်းလွင်-ဒေါ်သန်းသန်းဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄:၁၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းထွန်းလွင်

### အသက်(၆၀)

အမှတ်(၂၉)၊ ခုနစ်လွှာ၊ (၅၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးအုန်းဖေ-ဒေါ်သန်းကြည်)တို့၏ သား၊ (ဦးသန်းထွန်း)-ဒေါ်အေးအေးသန်း(ထက်/ပြ-ငြိမ်း)၊ ဒေါ်ဝင်းမာကြည်(ကထိက-သတ္တဗေဒဌာန-ငြိမ်း)-(ဦးကျော်တင့်)၊ (စခန်းမှူး-ဦးမျိုးညွန့်-ဒေါ်သီတာချို)တို့၏ ညီ/မောင်၊ ဦးကိုကိုနိုင် (၅၂ လမ်း)၏ အစ်ကို၊ ဒေါ်တင်မေသိန်း၏ ခင်ပွန်း၊ မပွင့်သူခိုင်၊ ကိုချမ်းမြေ့အောင်-မနှင်းပန်းခိုင် (Yuri Japanese Language School)၊ မဖွန်ပန်းခိုင်(Green Distributions Co.,Ltd.)၊ မတင်ဇာထွန်း (ခေတ္တ-ဂျပန်)တို့၏ဖခင်၊ ဒေါက်တာဖွန်နှင်းပွင့် (လ/ထ ကထိက-ရူပဗေဒဌာန-ပြည်တက္ကသိုလ်)၊ ကိုမျိုးမြင့်အောင်-ဒေါ်လဲ့နုဝါ (ဦးစီးအရာရှိ-ဟိုတယ်/ခရီးနေပြည်တော်)၊ ကိုဇော်ရဲမာန်(ခေတ္တ-ကိုရီးယား)-ဒေါ်စုစုထွန်း၊ ဒေါ်အိနုဖြူ(ခေတ္တ-မလေးရှား)တို့၏ ဦးလေး၊ မဆုပွင့်ထက်(ခ)ခေးခေး၏အဘိုးသည် ၁၃-၁၀-၂၀၁၉ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်ဝေး ရပ်နီးမှဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်အောင်(သထုံ)

B.E (Mechanical-1976)

ပ-အင်/ယာ(ငြိမ်း)၊ ဆီတင်/ချဌာန၊ သန်လျင်ရေနံချက်စက်ရုံ

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block 19၊ အမှတ် (2/3)နေ (ဦးဘစီ-ဒေါ်သန်းမြင့်)တို့၏သားကြီး၊ (ဦးအေးညွန့်-ဒေါ်တင်တင်အေး)တို့၏သားသမက်၊ ဒေါ်ခင်နွယ်အေးအေး(ခ)ဘိုဘို၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသူရအောင်ဘို (အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)-ဒေါ်မိုးမိုးစိုး၊ ဦးနန္ဒအောင်ဘို (National Sales Manager-AA Medical Products Ltd.)-ဒေါ်နီနီဇံ၊ (ဦးစည်သူအောင်ဘို)-ဒေါ်ဟန်စုယဉ်ထွန်းတို့၏ ဖခင်၊ မောင်ရဲရင့်အောင်၊ မောင်အောင်သူရထွန်း၊ မောင်ဝေဘုန်းခန့်တို့၏အဘိုးသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ပြုံးရီ

### အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၆၃)၊ ပထမထပ်နေ (ဦးခင်မောင်-ဒေါ်ကျင်စိန်)တို့၏ သမီး၊ ဦးလှတင့်-ဒေါ်ချိုချိုဝင်းတို့၏ ညီမ၊ ကိုအေးချမ်းအောင်-မရည်မွန်လွင်တို့၏ အဒေါ်၊ မြေးနှစ်ယောက်တို့၏ အဘွားလေး ဒေါ်ခင်ပြုံးရီသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၀-၂၀၁၉ ရက်နေ့ စာမျက်နှာ (၃၁)ပါ ဒေါ်မေဇော်ဦး (၆၁)နှစ် နာရေးကြော်ငြာတွင် ဗဟန်းမြို့နယ်၊ ကြားတောရလမ်းအစား အမှတ်(၈၈)၊ ဗိုလ်ကြာညွန့်လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိုးရီ

### အသက်(၈၇)နှစ်

(ဗိုလ်ချုပ်ဈေး)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်နေ (ဦးတင့်-ဒေါ်လှကြည်)တို့၏ သမီး၊ [ဦးအောင်ကြည် (ပြည်ကြီးရတနာကျောက်စိမ်းလုပ်ငန်း)]၏ဇနီး၊ ဦးမြတ်သူရ-ဒေါ်အေး၊ ဦးကျော်သူရ-ဒေါ်ခင်သန်း၊ ဒေါ်ကြည်ကြည်ချို၊ ဦးဇော်သူရ-ဒေါ်ခင်ယု၊ ဦးထွန်းသူရ-ဒေါ်မူမူသန်း၊ ဦးတင်ကိုကို-ဒေါ်ရီရီချို၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ချိုတို့၏မိခင်၊ မြေး ၁၉ ယောက်၊ မြစ် ၁၄ ယောက်တို့၏ အဘွားသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃:၃၅ နာရီတွင် အာရှတော်ဝင် အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ်-၂၇၊ ဈေးကလေး-၁ လမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ချိုချို

### အသက်(၈၀)

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့၊ (၂)ရပ်ကွက်နေ (ဦးလှဘေ-ဒေါ်ပုမေ)တို့၏ သမီးကြီး၊ (ဦးသက်နိုင်အောင်)၏ ညီမ၊ ဒေါ်ခင်ပိုပို၊ ဒေါက်တာဦးတင်မောင်အေး-ဒေါ်တင်တင်ကြည်၊ ဦးတင်မောင်ဌေး-ဒေါ်ခင်မြတ်စု၊ ဦးတင်မောင်ဝင်း-ဒေါ်အေးကြင်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း(မြောက်)ရပ်ကွက်၊ ဦးစံညွန့်လမ်း၊ အမှတ်(၁၈)နေ ဦးအောင်ကြီး (EE - ငြိမ်း၊ ဆင်မလိုက်သင်္ဘောကျင်း)၏ ဇနီး၊ ဦးအောင်ချိုမိုး (I.M.T-CE 18, CD 20)-MS JINJUPA THONGSUK၊ ဦးဝင်းကျော်-ဒေါ်နေနေသူအောင်၊ ဦးအောင်ချိုမင်းတို့၏ မွေးသမိခင်၊ မမိုးသန္တာအောင်၊ မောင်မိုးဆက်ပိုင်-မရွှေမိုးဦး၊ မောင်အောင်ပြည့်ဖြိုး-မနှင်းအေးဝေ၊ မောင်ခန့်ကျော်သူ၊ မောင်ကောင်းထက်စံတို့၏ ချစ်လှစွာသောအဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားသည် ၁၂-၁၀-၂၀၁၉(စနေနေ့) နံနက် ၁၀:၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၉(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၈)၊ ဦးစံညွန့်လမ်း၊ စမ်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစောလှိုင် (ညောင်လေးပင်)

စက်ရုံမှူး(ငြိမ်း)၊ တပ်မတော် သားရေစက်ရုံ

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၁၇)နေ (ဦးရွှေလုံး-ဒေါ်တီ)တို့၏ သား၊ ဒေါ်သန့်၏မောင်၊ ဦးဝင်းမြင့်၏ ညီ၊ ဒေါ်ခင်သန်းရီ(မီးခြစ်-၂၊ ငြိမ်း) (စိန်သဇင်ဖိနပ်ဆိုင်)၏ ခင်ပွန်း၊ ဦးအောင်မျိုးလှိုင်-မစန္ဒာမြင့်၊ (ကိုဇော်ဝင်းထွန်း)၊ မယဉ်ယဉ်ဖြိုးတို့၏ ဖခင်၊ မောင်ဘုန်းပြည့်လှိုင်၏ အဘိုး၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၁၂-၁၀-၂၀၁၉ (စနေနေ့) ညနေ ၅:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁၀-၂၀၁၉ (သောကြာနေ့) တွင် တာမွေမြို့နယ်၊ အမှတ် (၁၇)၊ ဓမ္မဝိဟာရလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးသန့်ဇင်ကျော်

### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၁၉၆)၊ စိန်မေရီဝင်း၊ မျက်မမြင်အလုပ်ရုံနေ (ဦးအုန်းကျော်)၊ ဒေါ်သန်းညွန့်တို့၏ သား၊ ဦးဇော်ဝင်းကျော်၏ ညီ၊ မသန္တာကျော်၊ မရွှေရည်မွန်တို့၏ အစ်ကို၊ မောင်ပြည့်ထက်လျှံ-မနှင်းထရီဇာကျော်(ခ)နွေးနွေးတို့၏ ဖခင်သည် ၁၂-၁၀-၂၀၁၉ (စနေနေ့) ညနေ ၃နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အောက်မေ့ဘွယ်ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ကို ၁၆-၁၀-၂၀၁၉ ရက် နံနက် ၉ နာရီတွင် အမှတ်(၁၉၆)၊ စိန်မေရီဝင်း၊ မျက်မမြင်အလုပ်ရုံ၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ကျင်အေး (အိမ်မဲ)

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ၊ ပန်းချယ်ရီလမ်း၊ အမှတ်(၂၆)နေ (ဦးမောင်စီ-ဒေါ်သန်း)တို့၏ သမီး၊ (ဦးဖိုးဆွယ်-ဒေါ်ငယ်)တို့၏ သမီးချွေးမ၊ (တပ်ကြပ်ကြီးဝင်းမောင်)၏ ဇနီး၊ ဒုတိယဗိုလ်မှူးကြီးထွဏ်းကြည်(ငြိမ်း)-ဒေါ်လှလှမြင့်၊ (တပ်ကြပ်ကြီးစိန်ဝင်း)-ဒေါ်ခိုင်ခိုင်နီ၊ ဦးမြင့်ဝင်း-ဒေါ်မိုးသိင်္ဂီတို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၂-၁၀-၂၀၁၉ (စနေနေ့) ည ၇:၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ကျင်အေး (အိမ်မဲ)

### အသက်(၈၃)နှစ်

ရွှေဇနက အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးထွဏ်းကြည်-ဒေါ်လှလှမြင့်တို့၏ မိခင်ကြီး ဒေါ်ကျင်အေး အသက် (၈၃)နှစ်သည် ၁၂-၁၀-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**ရွှေဇနက အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သူမြိုင်

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဝင်ဟောင်း

### အသက်(၆၃)နှစ်

ဂျပန်နိုင်ငံ ဂျီဂျီ သတင်းဌာန (Ji Ji Press)၏ ဌာနေသတင်းထောက်ဟောင်းဖြစ်သူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဝင်ဟောင်း ဦးအောင်သူမြိုင်သည် ၁၀-၁၀-၂၀၁၉ (သောကြာနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း**

---

## ဦးကျော်စိုးရင်

### အသက်(၅၆)နှစ်

B.Sc (Chem) (83-87) AGTI (EP) (87-93) ပြည်/အင်းစိန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ ငွေစင်လမ်း၊ အမှတ်(၇၈၂)နေ (ဦးဌေးလွင်-ဒေါ်ညိုလှ)တို့၏ သား၊ မွန်ပြည်နယ်၊ ဘီလူးကျွန်း ချောင်းဆုံမြို့နယ်၊ ကမာကေးကျေးရွာနေ ဦးအုံးစံ-ဒေါ်ပန်းသင်တို့၏ သားသမက်၊ ဒေါ်ဝေဝေလွင် (ဆည်/ရေရုံးချုပ်)၊ ဦးသိန်းနိုင်ဆွေ-(ဒေါ်ခင်စိန်)တို့၏ ညီ/မောင်၊ ဦးဗညားဦး-ဒေါ်ချိုချိုလွင် (ဆည်/ရေရုံးချုပ်)တို့၏ အစ်ကို၊ မောင်အောင်အောင်(Oriental Consultant Japan Bridge Inspector)၊ မမြတ်သန္တာအောင် (4th Year, Architecture., T.T.U)တို့၏ မွေးသဖခင်၊ ဒေါ်ခင်ခင်ပြုံး (Chem, 83-84, R.U.B.C, 86-91, 1st Batch NTC)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၁၀-၂၀၁၉ (စနေနေ့) ညနေ ၃:၃၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ်(၃/၂၀၁၉)
၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) တနင်္လာနေ့၊ ၁၃၃၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ်(၃/၂၀၁၉)
၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ်(၃/၂၀၁၉)
၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ

# လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ကာကွယ်ပြီး ဂျပန်မြေတွင် အောင်ပွဲခံနိုင်ခဲ့သည့် အောင်လအန်ဆန်




**တိုကျို အောက်တိုဘာ ၁၃**

100 Century ဟု အမည်ပေးထားသည့် ONE Championship က ကြီးမှူးကျင်းပသည့် MMA ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပရာ မြန်မာကစားသမား အောင်လအန်ဆန် ဒုတိယအချီတွင် အနိုင်ရပြီး လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

**ဒုတိယအောင်မြေ**

အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာနှင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ယခုပွဲထိုးသတ်ရန် ကိုယ်အလေးချိန်မြှင့်ခဲ့ရသလို ONE ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဘရန်ဒန်ဗီရာမှာလည်း ယခုပွဲအတွက် ကိုယ်အလေးချိန် လျှော့ချခဲ့ရသည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ထိုးသတ်သည့်နှစ်ပွဲစလုံးကို ဂျပန်နိုင်ငံတွင် ထိုးသတ်ခဲ့ပြီး နှစ်ပွဲစလုံး ချန်ပီယံဆုကာကွယ်နိုင်ခဲ့ရာ ၎င်းအတွက် ဒုတိယအောင်မြေဖြစ်လာခဲ့သည်။ အောင်လအန်ဆန်သည် ယခုပွဲအတွက် အသေအချာပြင်ဆင်ခဲ့သည့်အားလျော်စွာ ပြိုင်ဘက်ကစားသမား၏ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

## မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲတွင် ဗီယက်နမ်နှင့် သရေကျ

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ရမည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ဗီယက်နမ် ယူ-၁၉ အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပရာ နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေကျခဲ့သည်။

**ချေပဂိုးကြောင့် သရေကျ**

အာရှခြေစစ်ပွဲအကြို ယှဉ်ပြိုင်ကစားသည့် ခြေစမ်းပွဲတွင် မြန်မာအသင်းအနေဖြင့် နိုင်ပွဲမရခဲ့သော်လည်း ယခုပွဲတွင် ကစားပုံပိုကောင်းခဲ့သည်။ မြန်မာအသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများရခဲ့သလို ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ချေပဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပထမပွဲကစားခဲ့သည့် လူစာရင်းကို သုံးဦးအပြောင်းအလဲပြုလုပ်ခဲ့သော်လည်း အတောင့်တင်းဆုံး လူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်အသားပေးကစားခဲ့ပြီး သုံးမိနစ်မှာပင် အဖွင့်ဂိုးရခဲ့ကာ စန်းသော်သော်က သွင်းယူခဲ့သည်။ အဖွင့်ဂိုးရသွား၍ စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ○